# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## အနှစ်ရှိသောတရားကိုရနိုင်

အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောတရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသောတရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)


၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက် ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၂၂ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၇)၊ အမှတ် (၂၉၃)


# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သတ္တရသမအစည်းအဝေး ဒုတိယနေ့ကျင်းပ



**ရန်ကုန် ဇူလိုင် ၂၁**

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သတ္တရသမ အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့သီရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)ဦးခင်မောင်ဝင်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြည်ညိုကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❍

**သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သတ္တရသမ အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။** သတင်းစဉ်



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ရှမ်းပြည်နယ်အတွင်းရှိ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအားတွေ့ဆုံ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို သတ်မှတ်အချိန်ဇယားနှင့်အညီ ပြင်ဆင်ဆောင်ရွက်သွားရန်မှာကြား** စာ » ၃

**တန်ဖိုးငယ်ငွေစက္ကူများ ဖြန့်ဝေနိုင်ရန် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကဘဏ်များထံသို့ လစဉ်အချိုးကျ ဖြန့်ဖြူးပေးလျက်ရှိ** စာ » ၅

## အာဆီယံစားဖိုမှူးများပြိုင်ပွဲ မြန်မာနိုင်ငံမှ ငွေတံဆိပ်ဆုရရှိ

**ရန်ကုန် ဇူလိုင် ၂၁**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ဇူလိုင် ၁၈ ရက်မှ ၂၀ ရက်အထိ အာဆီယံနိုင်ငံ စားဖိုမှူးများပြိုင်ပွဲကို ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ ငွေတံဆိပ်ဆုရရှိပြီး ဇူလိုင် ၂၁ ရက် မွန်းလွဲပိုင်းတွင် ပြိုင်ပွဲဝင်စားဖိုမှူးများ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။

"ဦးစွာပြောလိုတာက အင်ဒိုနီးရှားမှာရှိတဲ့ မြန်မာသံအမတ်ကြီး ဦးမင်းလွင် ကိုယ်တိုင် လာရောက်အားပေးကူညီတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။ ပြီးတော့ ပြိုင်ဘက်အသင်းတွေက ကမ္ဘာ့ပြိုင်ပွဲတွေမှာ အတွေ့အကြုံရှိတဲ့အသင်းတွေပါ။ ဒုတိယနေ့မှပြိုင်ရပြီးတော့ ဖိုင်နယ်ကို တက်တယ်ဆိုတာ ညနေ ၃ နာရီမှ ထုတ်ပြန်တော့ နောက်နေ့ နံနက်ပိုင်း ပြိုင်ပွဲအတွက် ပြင်ဆင်ရတာ နှစ်နာရီပဲ အချိန်ရခဲ့တယ်။ ဖိုင်နယ်လေးသင်းမှာ ဘရူနိုင်းက ပထမ ရွှေရပြီးတော့ ကျွန်တော်တို့မြန်မာနိုင်ငံနဲ့ မလေးရှားနိုင်ငံ ပီနန်က ငွေတံဆိပ်ဆုရခဲ့ပါတယ်။ မလေးရှားက နှစ်သင်းဝင်ပြိုင်တာပါ။

*စာမျက်နှာ ၅ ကော်လံ ၄* ❏




မြန်မာ့အလင်း

# ပြည်သူတို့၏ တီထွင်ဖန်တီးမှုနှင့် ဟန်ချက်ညီ လူမှု-စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု

ဟန်ချက်ညီသော လူမှု-စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရှိမှသာ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကို ဆုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။ ဤကဲ့သို့ ဟန်ချက်ညီသော လူမှု-စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးရယူမည်ဆိုပါက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည်လည်း မဖြစ်မနေ ထည့်သွင်းအကောင်အထည်ဖော်ရမည့် ကိစ္စရပ်ဖြစ်ပါသည်။ ကျေးလက်ဒေသတို့၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဆောင်ရွက်ရာ၌ ကျေးလက်ဝန်းကျင်ရှိ သစ်တောများ ထိန်းသိမ်းရေးသည် အရေးကြီးသော ကိစ္စရပ်ဖြစ်ပါသည်။ အစဉ်အလာအရ ကျေးလက်ဒေသတို့တွင် စွမ်းအင်ရရှိရေးအတွက် ထင်းမီးကို အားပြုရသောကြောင့်ဖြစ်ပါသည်။

ဟန်ချက်ညီသော လူမှု-စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို ဆောင်ရွက်ရာ၌ ရိုးရာအစဉ်အလာလုပ်ငန်းတို့ ထိန်းသိမ်းတိုးချဲ့နိုင်ရေးသည်လည်း အရေးပါသော အခြေခံလိုအပ်ချက်တစ်ရပ် ဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့အနီးဝန်းကျင်ရှိ ကျေးရွာတို့တွင် စဉ့်အိုးအပါအဝင် စဉ့်ထည်ပစ္စည်းများ ထုတ်လုပ်ခြင်းကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်ခဲ့ကြပါသည်။ ဤကဲ့သို့ စဉ့်ထည်ပစ္စည်းများ ထုတ်လုပ်ရာ၌ ထင်းမီးဖိုကို အစဉ်အဆက် အသုံးပြုခဲ့ကြပါသည်။ ထင်းမီးဖိုအသုံးပြုမှုက ဘေးပတ်ဝန်းကျင်ရှိ သစ်တောတို့ကို ပြုန်းတီးပျက်စီးစေသည်မှာ အထူးရည်ညွှန်းရန်မလိုသော ကိစ္စဖြစ်ပါသည်။ တစ်ဖက်၌လည်း ထင်းမီးဖိုနှင့် ပြုလုပ်သည့် စဉ့်ထည်ပစ္စည်းတို့သည် အရည်အသွေးမပြည့်ဝခြင်းနှင့်အတူ တာရှည်ခံခြင်းမရှိသည့်အပြင် ဒီဇိုင်းအပိုင်းနှင့် အရောင်အပိုင်း၌ ဆန်းသစ်မှုမရှိ ဖြစ်စေပါသည်။

ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့ဝန်းကျင်ရှိ ရိုးရာစဉ့်ထည်ပစ္စည်း ထုတ်လုပ်ခြင်းကို နည်းပညာပိုင်းအရ ကူညီပံ့ပိုးပေးမည့် အဖွဲ့အစည်းတစ်ရပ် ရှိပါသည်။ ဤအဖွဲ့အစည်းမှာ ပရဟိတအဖွဲ့ဖြစ်သည့် **PUM Netherlands Senior Experts** အဖွဲ့ ဖြစ်ပါသည်။ အဆိုပါအဖွဲ့က ကျောက်မြောင်းမြို့ဝန်းကျင်ရှိ ရိုးရာစဉ့်ထည်လုပ်ငန်းရှင်များအား သဘာဝဓာတ်ငွေ့ဖြင့် မီးဖုတ်ခြင်းပညာကို သင်ကြားပို့ချပေးခဲ့ပါသည်။ ဤကဲ့သို့ သင်ကြားပို့ချမှုအပေါ်အခြေခံလျက် ကျောက်မြောင်းမြို့ ဝန်းကျင်ရှိ စဉ့်ထည်လုပ်ငန်းရှင်များသည် သဘာဝဓာတ်ငွေ့သုံးမီးဖိုကို စမ်းသပ်တည်ဆောက် လုပ်ကိုင်လျက်ရှိပါသည်။ အဆိုပါ စမ်းသပ်တီထွင် လုပ်ကိုင်မှုသာ အောင်မြင်မည်ဆိုပါက ဘေးပတ်ဝန်းကျင်ရှိ သစ်တောများ ထိန်းသိမ်းရေးကို ဆောင်ရွက်နိုင်မည်ဖြစ်သည်သာမက တန်းမြင့်စဉ့်ထည်ပစ္စည်းများကိုပါ ထုတ်လုပ်နိုင်စွမ်းရှိလာမည် ဖြစ်ပါသည်။ သို့ဖြစ်ပါက ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်ခဲ့သည့် ရိုးရာစဉ့်ထည်လုပ်ငန်းကို မြှင့်တင်ပေးနိုင်မည့်အပြင် ဤဒေသ၏ ဟန်ချက်ညီသော လူမှု-စီးပွားရေးဝန်းကျင်ကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ ဤကဲ့သို့သော အကျိုးရလဒ်များ ဆုပ်ကိုင်ရရှိရေးကိုဦးတည်လျက် ကျောက်မြောင်းမြို့ဝန်းကျင်ရှိ ရိုးရာစဉ့်ထည်လုပ်ငန်းတို့၏ တီထွင်ကြိုးပမ်းဆောင်ရွက်မှုအား သက်ဆိုင်ရာအဖွဲ့အစည်းတို့က လိုအပ်သည့်ပံ့ပိုးကူညီမှုများ ပြုလုပ်ပေးပါရန် လေးစားစွာအကြံ ပြုတင်ပြအပ်ပါသည်။ ။

# နွေရာသီ ဒစ်ဂျစ်တယ်နည်းပညာသင်တန်းစီမံချက် သင်တန်းပိတ်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၁**

တယ်လီနောမြန်မာနှင့် KMD တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် နွေရာသီဒစ်ဂျစ်တယ်နည်းပညာသင်တန်း စီမံချက်(၂၀၁၈) သင်တန်းပိတ်ပွဲနှင့် Laptop လှူဒါန်းခြင်းအခမ်းအနားကို ယမန်နေ့က နေပြည်တော် မင်္ဂလာသီရိ ဟိုတယ်၌ ကျင်းပရာ အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ တယ်လီနောမြန်မာ၏ ကုမ္ပဏီရေးရာအရာရှိချုပ် Hans Martin Hoegh Henrichsen နှင့် KMD မှ ဒါရိုက်တာ ဦးကိုကိုတင်တို့က အမှာစကားပြောကြားသည်။

ယင်းနောက် နွေရာသီဒစ်ဂျစ်တယ်နည်းပညာသင်တန်း၏ မှတ်တမ်းဗီဒီယိုဖိုင်ကိုပြသပြီး နွေရာသီနည်းပညာသင်တန်းအစီအစဉ်တွင် ပါဝင်ဆောင်ရွက်မှုအတွက် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် အကောင်းဆုံးစွမ်းဆောင်ရည်ဆုရရှိသော KMD စင်တာ ၁၀ ခုနှင့် Myan ICT for Development Organization (MIDO) တို့အား ဆုချီးမြှင့်သည်။ ယင်းနောက် တယ်လီနောမှ ဘဏ္ဍာရေးဆိုင်ရာအရာရှိချုပ် ဒေါ်ရင်ဌေးက လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အခြေခံပညာကျောင်းပေါင်း ၄၀ အတွက် Laptop ကွန်ပျူတာ ၂၄၁ လုံး ပေးအပ်လှူဒါန်းသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီးဦးဝင်းမော်ထွန်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တယ်လီနော မြန်မာနှင့်မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပညာရေး မိသားစုဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားလွှတ်တော်ရှေ့နေများကောင်စီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၁**

တရားလွှတ်တော်ရှေ့နေများ ကောင်စီ အစည်းအဝေး အမှတ်စဉ် (၁/၂၀၁၈) ကို ယမန်နေ့က ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေများကောင်စီ ဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက နိုင်ငံတော်အနေဖြင့် တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးကဏ္ဍပြုပြင်ပြောင်းလဲရေးနှင့် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိရာ ရှေ့နေများ၏ အခန်းကဏ္ဍသည်များစွာ အရေးပါကြောင်း။

သို့ဖြစ်၍ တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ခေတ်ကာလနှင့် လျော်ညီသည့် ဥပဒေတစ်ရပ်ဖြစ်ပေါ်လာစေရန်အတွက် အသစ်ပြင်ဆင်ရေးဆွဲလျက်ရှိကြောင်း၊ ဥပဒေအသစ်အရ ရှေ့နေများ၏ ပါဝင်ဆောင်ရွက်နိုင်မှု ပိုမိုကျယ်ပြန့်လာမည် ဖြစ်ကြောင်း၊ ဥပဒေအသစ် ရေးဆွဲရာတွင် အထောက်အကူ ဖြစ်စေရေးအတွက် လက်ရှိ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို တရားဝင်ဘာသာပြန်ဆို၍ ဇွန် ၂၇ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊

ယခုအစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေ ဝင်ခွင့်လျှောက်လွှာ ၆၁၀ ကို စိစစ်ခွင့်ပြုနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် တရားလွှတ်တော်ရှေ့နေများအပေါ် ကျင့်ဝတ်သိက္ခာနှင့် စပ်လျဉ်းသည့် တိုင်ကြားစာ ၄၄ စောင်နှင့် အထက်တန်းရှေ့နေများအပေါ် တိုင်ကြားစာ ၁၁ စောင်တို့ကို လက်ခံရရှိ၍ စစ်ဆေးဆောင်ရွက်နိုင်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲပြောင်းပေးပို့ခဲ့ပါကြောင်း၊ တရားလွှတ်တော်ရှေ့နေများ၏ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှု၊ ကျင့်ဝတ်သိက္ခာမြင့်မားရေးတို့ကိုတန်ဖိုးထား၍ တရားစီရင်ရေးကဏ္ဍတွင် အများပြည်သူယုံကြည်ကိုးစားမှု ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။



အစည်းအဝေးသို့ တရားလွှတ်တော်ရှေ့နေများကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရေဝတီနှင့် စစ်တောင်း မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၁**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ရေဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ပါသည်။

ထို့အတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ ဇလွန်မြို့နယ်နှင့် မဒေါက်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# အာဆီယံသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန် ထွက်ခွာ

**နေပြည်တော် ဇူလိုင် ၂၁**

ထိုင်းနိုင်ငံ ချူလာလောင်ကွန်းတက္ကသိုလ်၌ ဇူလိုင် ၂၂ မှ ၂၅ ရက်အထိ ကျင်းပပြုလုပ်မည့် "အာဆီယံဒေသတွင်း နိုင်ငံတွင်းရှိ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ အချင်းအချင်း အပြန်အလှန် အသိအမှတ်ပြုရေး (ASEAN ACCREDITATION) အတွက် အခြေခံလိုအပ်ချက် Dental Practitioners Minimum Competency Standard (၃၃)ချက်" နှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်- ရန်ကုန် နောက်ဆုံးနှစ် ဘီဒီအက်စ်သင်တန်းမှ ကျောင်းသူ မရတီမြတ်နိုးဦးသည် ဇူလိုင် ၂၁ ရက်မွန်းလွဲပိုင်းက မြန်မာ့လေကြောင်း (MAI) ဖြင့် ထွက်ခွာသွားကြောင်း သိရသည်။

**မြန်မာ့အလင်း**

# မုတ်သုံလေ အားကောင်းနေမည်

**နေပြည်တော် ဇူလိုင် ၂၁**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းနေမည်။

**မိုး/ဇလ**

## ထင်သာမြင်သာပြုပြင်စရာ

# ချန်မာဇီကားမှတ်တိုင်အနီး ချိုင့်ခွက်များဖြစ်ပေါ်၍ လမ်းပျက်စီးနေမှုကို ပြုပြင်ပေးစေလို

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်း မြို့ထဲဘက်သို့ သွားသော ချန်မာဇီကားမှတ်တိုင်တွင် ယခင်ကချိုင့်ကျင်းတစ်ခု၊ နှစ်ခုရှိရာမှ ယခုအလွန်များပြားလာသည်ကို တွေ့ရသည်။

အဆိုပါချိုင့်ကျင်းများ ကြီးလာခြင်းကြောင့် ကားမှတ်တိုင်၌ ကားရပ်၍ မရခြင်း၊ ယာဉ်ကြောကျပ်တည်းခြင်းတို့ ဖြစ်ပေါ်လျက်ရှိသည်။ ဤနေရာသည် ကျောင်းနှစ်ကျောင်းမှ ကျောင်းသူ ကျောင်းသားများ ကျောင်းတက်၊ ကျောင်းဆင်းချိန်တွင် ယာဉ်များရှုပ်ထွေးမှုကြောင့် ကလေးများအတွက် အန္တရာယ်ရှိနိုင်ပြီး ယင်းချိုင့်များကို မပြုပြင်သည်မှာ သုံးလခန့်ရှိပြီဖြစ်ကြောင်း သိရသည်။



ချန်မာဇီကားမှတ်တိုင်အနီးရှိ ချိုင့်ခွက်များကို သက်ဆိုင်ရာမှ အမြန်ဆုံးပြုပြင်ပေးရန် လမ်းသွားလမ်းလာများက လိုလားလျက်ရှိသည်။

**မြို့နယ် (ပြန်/ဆက်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ရှမ်းပြည်နယ်အတွင်းရှိ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအားတွေ့ဆုံ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များကို သတ်မှတ်အချိန်ဇယားနှင့်အညီ ပြင်ဆင်ဆောင်ရွက်သွားရန်မှာကြား

**တောင်ကြီး ဇူလိုင် ၂၁**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ရှမ်းပြည်နယ်အတွင်းရှိ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များအား ယနေ့နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**



**ပြင်ဆင်ဆောင်ရွက်ရန်လို**

အခမ်းအနားတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် လစ်လပ်နေရာ ၁၃ နေရာအတွက် ကျင်းပသွားမည်ဖြစ်ပြီး ရှမ်းပြည်နယ်အနေဖြင့် လဲချား ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မြေတွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့များအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို သတ်မှတ်အချိန်ဇယားနှင့်အညီ ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း။

ယခုအချိန်တွင် နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်များအမည်စာရင်းကို တင်သွင်းကြပြီးဖြစ်ကြောင်း၊ ကိုယ်စားလှယ်လောင်းများကို စိစစ်အတည်ပြုရာတွင် ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများ ဥပဒေများနှင့်အညီဖြစ်ရန် ပွင့်လင်းမြင်သာမှုရှိရန်နှင့် သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးရန် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ ပြည်ထောင်စုကော်မရှင်တို့နှင့် တင်ပြညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

**ကြိုတင်ပြင်ဆင်**

ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးသည် ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တို့ဖြင့်သာ ဆောင်ရွက်၍မရကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နိုင်ငံရေးပါတီများ၊လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ၊ ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်သည့်အတွက် အားလုံးနှင့်အဆင်ပြေချောမွေ့မည့်ဆက်ဆံရေးရှိရန် လိုအပ်ကြောင်း၊ ထို့အပြင်ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို စေတနာထားပြီး ဘက်လိုက်မှုအဂတိကင်းစွာဖြင့် ပြည်သူ့ဆန္ဒ အမှန်ဖြစ်စေရေး ဆောင်ရွက်ကြစေလိုကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲရှိသည့် ကော်မရှင် အဖွဲ့ခွဲများအနေနှင့် ကြားဖြတ်ရွေးကောက်ပွဲကို အောင်မြင်စွာ ဆောင်ရွက်ကြရန်နှင့် ကြားဖြတ်ရွေးကောက်ပွဲ မရှိသည့် ကော်မရှင်အဖွဲ့ခွဲများအနေနှင့် လိုအပ်ချက်များကို ကူညီဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲများအတွက် လိုအပ်ချက်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုအပ်ပါကြောင်း မှာကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

ယင်းနောက် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့်မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌများက တစ်ဦးချင်းမိတ်ဆက်စကားပြောကြားကြပြီး ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သိရှိရသည်။

**တက်ရောက်**

အခမ်းအနားသို့ ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းရှိ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်းသတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) အဆင့်မြင့် ငါးထပ်ဆောင်သစ်ကြီးဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဇူလိုင် ၂၁

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်) အဆင့်မြင့်ငါးထပ်ဆောင်သစ်ကြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။** (ယာပုံ)




ယင်းနောက် ဗဟိုအမျိုးသမီးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ပါမောက္ခဒေါက်တာခင်ပြုံးကြည်က ဆေးရုံကြီး၏ သမိုင်းကြောင်းနှင့် အဆင့်မြင့်ငါးထပ်ဆောင်သစ်ကြီး တည်ဆောက်ရခြင်းအကြောင်းတို့ကိုလည်းကောင်း၊ သားဖွားမီးယပ်ပညာဌာန ဌာနမှူးပါမောက္ခ ဒေါက်တာစမ်းစမ်းမြင့်က ငါးထပ်ဆောင်သစ်ဆောက်လုပ်ရာတွင် ပါဝင်ကူညီခဲ့သူများနှင့် အဖွဲ့အစည်းများကို ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ အဆင့်မြင့်ငါးထပ်ဆောင်သစ်တွင် အသုံးပြုရန် စက်ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ ပါဝင်လှူဒါန်းခဲ့သည့် OkkarThiri ကုမ္ပဏီ၊ AA pharmacy၊ Zayar& Associates ကုမ္ပဏီနှင့် Snow Everest ကုမ္ပဏီတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းတို့သည် ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် အဆင့်မြင့် ငါးထပ်ဆောင်သစ်ကြီးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ပြီး ငါးထပ်ဆောင်သစ်ကြီးကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆင့်မြင့် ငါးထပ်ဆောင်သစ်ကြီးတွင် ခေတ်မီ CT၊ MRIခန်းများ၊ ခေတ်မီခွဲစိတ်ခန်း ၁၂ ခန်းပါဝင်သော operation theater complex၊ သင်ကြားလေ့ကျင့်မှုနှင့် ဆွေးနွေးမှုများပြုလုပ်နိုင်ရန် conference hall၊ meeting room၊ skill training room စသည်တို့ပါဝင်ပြီး စုစုပေါင်း ငွေကျပ် ၃၆၂၆ ဒသမ ၂၉ သန်းခန့် ကုန်ကျခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဆင့် ဝင်ပေါက်ရာထူးများအတွက် ဒုတိယအဆင့်ရေးဖြေစာမေးပွဲကျင်းပ



**ရန်ကုန် ဇူလိုင် ၂၁**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ကြော်ငြာစာအမှတ်(၁/၂၀၁၈)ပါ ဝန်ကြီးဌာန၊ အဖွဲ့အစည်းကိုးခုတို့မှ ပြန်တမ်းဝင်အရာရှိအဆင့် လစ်လပ်ရာထူး ၂၃၃ နေရာ ရွေးချယ်ပေးရေးအတွက် ဒုတိယအဆင့် ရေးဖြေစာမေးပွဲကို ဇူလိုင် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ မကွေးမြို့နှင့် မော်လမြိုင်မြို့ရှိ စာစစ်ဌာနငါးခု၌ တစ်ပြိုင်တည်းကျင်းပလျက်ရှိရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဝင်းသိမ်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်း အလုံစာဖြေဌာနသို့ သွားရောက်၍ မြန်မာစာဘာသာရပ်ဖြေဆိုမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး **(ဝဲပုံ)** စာမေးပွဲဖြေဆိုသူများကို အားပေးစကားပြောကြားသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးအတွက် လိုအပ်သော အရည်အသွေးမြင့်အရာထမ်းများကို ရွေးချယ်ပေးလျက်ရှိရာတွင် နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ပါ ဦးစားပေးနယ်ပယ်တစ်ခုဖြစ်သည့် (Merit-Based) အရည်အချင်းကိုအခြေခံ၍ လူမှန်၊ နေရာမှန် (Right Person, Right Place) ဖြစ်စေရေးအတွက် ရွေးချယ်ရေးလုပ်ငန်းစဉ်များကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၆ ရက်တွင် ကျင်းပခဲ့သည့် ပထမအဆင့်ပဏာမစစ်ဆေးခြင်း (Screening Test) ရေးဖြေစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုသူ ၃၀၆၀ အနက် အောင်မြင်သူ ၁၁၂၉ ဦးတို့အား မြန်မာစာ၊ အင်္ဂလိပ်စာနှင့် သုတရေးရာဘာသာရပ်သုံးခုဖြင့် စစ်ဆေးသည့် ဒုတိယအဆင့် ရေးဖြေစာမေးပွဲကို စာစစ်ဌာနငါးခုတွင် ထပ်မံကျင်းပခြင်းဖြစ်ပြီး အဆိုပါ ဒုတိယအဆင့် ရေးဖြေစာမေးပွဲသို့ လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၀၅၄ ဦးရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❍ ရှေ့ဖုံးမှ

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ဇမ်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာရက ဆောင်ရွက်တော်မူသည်။

အစည်းအဝေးတွင် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဖွဲ့ဝင်ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးတော်မူကြသည်။ ထို့နောက် ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

**ကျင်းပပြီးစီး**

ဆက်လက်၍ သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ ပဉ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာ၊ ဝေဖန်ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်ဆရာတော်ကြီးများက ပြန်လည်ရှင်းလင်းလျှောက်ထားတော်မူကြပြီး ပဉ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော်က အတည်ပြုချက်ရယူ၍ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများက ဇယန္တော ဗောဓိယာမူလေ အစချီသော နှစ်ဂါထာကိုသုံးကြိမ်ရွတ်ဆိုတော်မူပြီး သာဓုသုံးကြိမ်ခေါ်ဆိုကာ သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ သတ္တရသမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။

**ဆက်ကပ်လှူဒါန်း**

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအား တစ်နေ့တာဆွမ်းအလှူရှင်အဖြစ် ကျိုက္ကစံဝေဠုဝန်(ရွှေကျင်)ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမာနိတ (သဒ္ဓမ္မဇောတိကဓဇ)နှင့် တပည့်ဒါယကာ ဒါယိကာမများက စတုဝီသတိမ (၂၄)ကြိမ်မြောက် ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် နယူးဒေလီမြို့တွင်ကျင်းပခဲ့သည့် ဒသမအကြိမ်မြောက် ဒေလီဆွေးနွေးပွဲသို့တက်ရောက် အပြည်ပြည်ဆိုင်ရာ နေရောင်ခြည်စွမ်းအင်မိတ်ဖက်နိုင်ငံများအဖွဲ့ မူဘောင်သဘောတူညီချက်အား လက်မှတ်ရေးထိုး

နေပြည်တော် ဇူလိုင် ၂၁

**အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ဇူလိုင် ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပသည့် (၁၀)ကြိမ်မြောက် ဒေလီဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ယမန်နေ့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိသည်။**



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး ရှာရီမာတီ ဆူရှမာ ဆွာရာချ်နှင့် တွေ့ဆုံဆွေးနွေးစဉ်။

ဒေလီဆွေးနွေးပွဲသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့မှ နိုင်ငံရေးခေါင်းဆောင်များ၊ မူဝါဒချမှတ်သူများ၊ သုတေသီများ၊ ပညာရှင်များနှင့် စီးပွားရေးကဏ္ဍစုံမှ ခေါင်းဆောင်များ တွေ့ဆုံ၍ အာဆီယံ-အိန္ဒိယ ဆက်ဆံရေး တိုးမြှင့်ရေးအတွက် နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်မျိုးစုံကို ဆွေးနွေးဖလှယ်ကြရန် နှစ်စဉ်ကျင်းပသည့် ဖိုရမ်တစ်ခုဖြစ်သည်။

ယခုနှစ်တွင်ကျင်းပသည့် ဝန်ကြီးအဆင့်ဆွေးနွေးပွဲကို “အိန္ဒိယ-အာဆီယံ ပင်လယ်ရေကြောင်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး”ဆောင်ပုဒ်ဖြင့် ကျင်းပခဲ့ပြီး အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနမှ ဝန်ကြီး ရှာရီမာတီဆူရှမာ ဆွာရာချ်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆွေးနွေးပွဲသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဆက်သွယ်ရေးဝန်ကြီး အဗ္ဗဒူမူတာလစ် ယူဆွတ်၊ စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဗီဗီယန် ဘာလာခရစ်ရှ်နန်၊ အင်ဒိုနီးရှားနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး၊ လာအိုနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး၊ ဗီယက်နမ်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးတို့ အပါအဝင် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပြီး မိန့်ခွန်းအသီးသီး ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီး ရှာရီမာတီ ဆူရှမာ ဆွာရာချ်က မိန့်ခွန်းပြောကြားရာ၌ ယခုနှစ် ဒေလီဆွေးနွေးပွဲသည် ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် နယူးဒေလီမြို့၌ ကျင်းပခဲ့သည့် အာဆီယံ-အိန္ဒိယ ဆွေးနွေးဖက် ဆက်ဆံရေး (၂၅) နှစ်မြောက် အထိမ်းအမှတ်အခမ်းအနားအပြီးတွင် ပထမအကြိမ် ကျင်းပသည့် ဆွေးနွေးပွဲဖြစ်၍ တစ်မူထူးခြားကြောင်း၊ အာဆီယံနှင့်အိန္ဒိယတို့သည် ပင်လယ်ရေကြောင်းအရ မိတ်ဖက်များနှင့် အိမ်နီးချင်းများ ဖြစ်ကြသည့်အလျောက် ပင်လယ်သမုဒ္ဒရာများ၊ ရေကြောင်းကူးသန်းသွားလာရာ လမ်းကြောင်းများ၏ လုံခြုံရေးနှင့် ရေရှည်တည်တံ့ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် အိန္ဒိယနိုင်ငံအနေဖြင့် အာဆီယံ၏ ဗဟိုပြုဦးဆောင်မှုကို အခြေပြုမည့် ဒေသတွင်း လုံခြုံရေးယန္တရားအခင်းအကျင်းတစ်ရပ် ပေါ်ထွန်းလာရေးအတွက် အာဆီယံနိုင်ငံများနှင့် အတူ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က မိန့်ခွန်းတစ်ရပ်ပါဝင်ပြောကြားခဲ့ရာတွင် မြန်မာနိုင်ငံအနေဖြင့် ပင်လယ်ကမ်းခြေရှည်လျားစွာရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် ဒေသတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေး၊ ငါးဖမ်းလုပ်ငန်းနှင့် ရေကြောင်းခရီးသွားလုပ်ငန်းစသော ပင်လယ်ပြင်နှင့် စပ်လျဉ်းသည့်လုပ်ငန်းများနှင့် ပင်လယ်ရေကြောင်း လုံခြုံရေးတို့ကို အလေးထားပါကြောင်း၊ ထို့ကြောင့် ပင်လယ်ပြင် ဂေဟစနစ် ထိန်းသိမ်းရေးအတွက် သတင်းအချက်အလက် ဖလှယ်ခြင်း၊ အတွေ့အကြုံများ ဝေမျှခြင်း၊ ရေကြောင်း လုံခြုံရေးဆိုင်ရာ ကိစ္စများဖြစ်သည့် တရားမဝင်ငါးဖမ်းမှု၊ ပင်လယ်ဓားပြမှု၊ လက်နက်နှင့် မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ကူးသန်းမှုများနှိမ်နင်းရေးတို့တွင် ပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် ပထဝီအနေအထားအရ အိန္ဒိယနိုင်ငံနှင့် အရှေ့တောင်အာရှဒေသအား ပေါင်းကူးတံတားသဖွယ် ဆက်သွယ်ပေးနိုင်ကြောင်း၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးပွင့်ဆိုင်အဝေးပြေးလမ်းမစီမံကိန်းသည် အိန္ဒိယနိုင်ငံမှ အာဆီယံသို့ ဆက်သွယ်ပေးမည့် အဓိက ဝင်ပေါက်လမ်းကြောင်း ဖြစ်လာတော့မည်ဖြစ်ပြီး ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများအထိပါ တိုးချဲ့ဆက်သွယ် သွားနိုင်မည်ဖြစ်ကြောင်း၊ ကုလားတန်ဘက်စုံ ပို့ဆောင်ရေးစီမံကိန်းသည်လည်း အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းဒေသမှ စစ်တွေဆိပ်ကမ်းသို့ ဆက်သွယ်ပေးမည်ဖြစ်ရာ စီမံကိန်းပြီးသွားပါက ကုန်းတွင်းဘက်ဒေသဖြစ်နေသည့် အိန္ဒိယ အရှေ့မြောက်ပိုင်းဒေသကို ဘင်္ဂလားပင်လယ်နှင့် အာဆီယံနိုင်ငံများသို့ လမ်းပွင့်သွားမည်ဖြစ်ကြောင်း နှင့် မြန်မာနိုင်ငံမှ အကောင်အထည်ဖော်နေသည့် သီလဝါနှင့် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် စီးပွားရေးအထူးဇုန်စီမံကိန်းများအကောင်အထည် ပေါ်လာသည့်အခါ ဒေသတွင်းနိုင်ငံများ ရေကြောင်းဆက်သွယ်မှုကို ထူးခြားစွာပြောင်းလဲစေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ-အိန္ဒိယ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးမူဘောင်အောက်မှ ဆက်လက် ပူးပေါင်းဆောင်ရွက်ရုံသာမက၊ အိန္ဒိယကမ်းခြေနိုင်ငံများအသင်း (India Ocean Rim Association-IORA) ၏ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အောက်တွင် မကြာမီပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး ရှာရီမာတီ ဆူရှမာ ဆွာရာချ်အား သီးခြားတွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်သည့် နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုအခြေအနေများကို အသိပေးပြောကြားခဲ့သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် အပြည်ပြည်ဆိုင်ရာ နေရောင်ခြည်စွမ်းအင် မိတ်ဖက်နိုင်ငံများအဖွဲ့ (International Solar Alliance –ISA) သို့ မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ပါဝင်ရန်အတွက် အဆိုပါ မူဘောင်သဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး စာချုပ်ကို အိန္ဒိယပြည်ပရေးရာဝန်ကြီး ရှာရီမာတီဆူရှမာဆွာရာချ်ထံ အပ်နှံခဲ့သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံသည် ISA မူဘောင်စာချုပ်၏ ၆၈ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံ ဖြစ်လာမည်ဖြစ်ပြီး ယင်းသို့ စာချုပ်တွင် ပါဝင်လာခြင်းဖြင့် နိုင်ငံတကာမှ နေရောင်ခြည်စွမ်းအင်ဆိုင်ရာ ကူညီပံ့ပိုးမှုများရရှိရေးအတွက် များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၂၁**



မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးအပြီး ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

မြန်မာကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်ရှိ ရန်ကုန်တိုင်းဒေသကြီးရုံးခန်းမ၌ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်ဥက္ကဋ္ဌ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်နှင့် ဒါရိုက်တာဦးဝင်းဆွေတို့က လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် တာဝန်ရှိသူများက ပြည်ပပို့ကုန်သွင်းကုန် လုပ်ငန်းအများဆုံးအပ်နှံမှုဆု ရရှိသူများကို ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ရုံး ပြန်လည်တည်ဆောက် ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု ဆွေးနွေး

**သထုံ ဇူလိုင် ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းနှင့် တာဝန်ရှိသူများသည် ဇူလိုင်လဒုတိယပတ်က သထုံခရိုင် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ရောက်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူထုဗဟိုပြုစီမံကိန်း တာဝန်ရှိဝန်ထမ်းများနှင့် တွေ့ဆုံကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် လူထုဗဟိုပြုစီမံကိန်းမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပဲခူးရိုးမရှိ ဆင်စခန်းဝန်ထမ်းများအား အိမ်ထောင်စုစာရင်းများထုတ်ပေး

**ကြို့ပင်ကောက် ဇူလိုင် ၂၁**

ကြို့ပင်ကောက်မြို့နယ် ရုံးချောင်းကျေးရွာအုပ်စု ဧကုန်းသစ်ထုတ်လုပ်ရေးဒေသ ပုဇွန်ဆိတ်ဆင်စခန်းရှိ ပဲခူးရိုးမပေါ် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းများအား အိမ်ထောင်စုစာရင်းပုံစံ ၆၆/၆ ထုတ်ပေးခြင်းလုပ်ငန်းများကို ဇူလိုင် ၂၀ ရက် မွန်းလွဲပိုင်းက ဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးမှူး ဦးကျော်ကျော်ခိုင်ထံမှ သိရသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဝန်ထမ်းလေးဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသုံးဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်ခုနစ်ဦးတို့က ပဲခူးရိုးမထိကွင်းဆင်းကာ ဝန်ထမ်းမိသားစု ၆၈ စုထဲမှ လိုအပ်နေသောဝန်ထမ်း ၅၂ ဦး၏ မိသားစုများအတွက် အိမ်ထောင်စုစာရင်းများ လုပ်ဆောင်ပေးခဲ့သည်။ **ဇေယျာတု(မကွေး)**

# တန်ဖိုးငယ်ငွေစက္ကူများ ဖြန့်ဝေနိုင်ရန် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကဘဏ်များထံသို့ လစဉ်အချိုးကျ ဖြန့်ဖြူးပေးလျက်ရှိ

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း (၈၉ ဒသမ ၃၈၆) ဘီလီယံခန့်အထိ အများပြည်သူသုံးစွဲရန် တန်ဖိုးငယ်ငွေစက္ကူများကို နိုင်ငံတစ်ဝန်း ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရှိရသည်။ ထိုသို့ တန်ဖိုးငယ်ငွေစက္ကူများ ဖြန့်ဝေနိုင်ရန် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကဘဏ်များထံသို့ လစဉ်အချိုးကျ ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေစက္ကူလဲလှယ်ရေးကောင်တာများတွင်လည်း နေ့စဉ်လဲလှယ်ပေးလျက်ရှိကြောင်း သိရသည်။ ထို့ကဲ့သို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် အများပြည်သူသုံးစွဲရန် တန်ဖိုးငယ်ငွေစက္ကူများ ဖြန့်ဖြူးနေမှုနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်သန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်ကို ပြန်လည်တင်ပြအပ်ပါသည်။**



ဦးအောင်ကျော်သန်း
ညွှန်ကြားရေးမှူးချုပ်
ငွေကြေးစီမံခန့်ခွဲမှုဌာန
မြန်မာနိုင်ငံတော်
ဗဟိုဘဏ်

**မေး။ ။ ဗဟိုဘဏ်အနေနဲ့ ငွေအကြွေတွေ ထုတ်ဝေမယ်လို့ သိရပါတယ်။ ဘယ်လိုမျိုး ထုတ်ဝေမယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေအကြွေတွေထုတ်မယ်လို့ပြောရင် အခုမှ စထုတ်တဲ့ သဘောသက်ရောက်ပါတယ်။ ဗဟိုဘဏ်အနေနဲ့ ငွေစက္ကူတွေ ထုတ်ဝေကတည်းက ငွေအကြွေအမျိုးမျိုး၊ တန်ဖိုးငယ်ငွေစက္ကူအမျိုးမျိုးကို ထုတ်ဝေခဲ့တာဖြစ်ပါတယ်။ ငွေအကြွေထုတ်ဝေမှုဟာဆိုရင် အကြွေစေ့အနေနဲ့ ငါးပြားစေ့၊ ဆယ်ပြားစေ့၊ တစ်မတ်စေ့၊ ငါးမူးစေ့ စသည်ဖြင့် တစ်ရာကျပ်စေ့အထိထုတ်ဝေခဲ့ပြီးတော့ ငွေစက္ကူအနေနဲ့ တစ်ကျပ်တန်၊ ငါးကျပ်တန်၊ တစ်ဆယ်တန်၊ နှစ်ဆယ်တန်၊ ငါးဆယ်တန်၊ တစ်ရာတန်၊ နှစ်ရာတန်နဲ့ ငါးရာတန်တွေကို စဉ်ဆက်မပြတ် ထုတ်ဝေခဲ့တာဖြစ်ပါတယ်။

လက်ရှိမှာတော့ ခေတ်ကာလအလိုက် ငွေအကြွေသုံးစွဲမှုအလေ့အထ ပြောင်းလဲလာမှုအရ အကြွေစေ့တွေကို ဆက်လက်ဖြန့်ဝေမှုမရှိတော့ဘဲ ငါးဆယ်တန်၊ တစ်ရာတန်၊ နှစ်ရာတန်ငွေစက္ကူတွေကိုသာ ထုတ်ဝေပေးလျက်ရှိပါတယ်။

**မေး။ ။ ဒါဆိုရင် ဗဟိုဘဏ်က ငွေအကြွေတွေ အမြဲထုတ်ဝေနေပါသလား။**

ဖြေ။ ။ မှန်ပါတယ်။ ဗဟိုဘဏ်က ငွေအကြွေတွေ အမြဲတမ်းထုတ်ဝေပါတယ်။ အထူးသဖြင့် ဘဏ်တွေကတစ်ဆင့် ပြည်သူတွေ အသုံးပြုဖို့ လိုအပ်တဲ့ တန်ဖိုးငယ်ငွေစက္ကူ ငါးဆယ်တန်၊ တစ်ရာတန်၊ နှစ်ရာတန်နဲ့ ငါးရာတန်တွေကို အများဆုံး ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ငွေအကြွေတွေကို ပြည်သူတွေဆီရောက်ဖို့အတွက် တစ်ကျပ်တန်၊ ငါးကျပ်တန် ၊ တစ်ဆယ်တန်၊ နှစ်ဆယ်တန်၊ ငါးဆယ်တန်၊ တစ်ရာတန်၊ နှစ်ရာတန်နဲ့ ငါးရာတန် စတာတွေကို မြန်မာ့စီးပွားရေးဘဏ်တွေက ဝန်ထမ်းလစာအဖြစ် ထုတ်ပေးနေပြီး ပင်စင်လစာထုတ်ပေးတဲ့အခါလည်း လစဉ်ထည့်သွင်း ဖြန့်ဖြူးပေးလျက်ရှိပါတယ်။

**မေး။ ။ မြန်မာ့စီးပွားရေးဘဏ်ကတစ်ဆင့်ပဲ ထုတ်ပေးနေတာလားဆိုတာ သိပါရစေ။**

ဖြေ။ ။ မဟုတ်ပါဘူး။ နိုင်ငံပိုင်နဲ့ ပုဂ္ဂလိကဘဏ်တွေဆီ တန်ဖိုးငယ်ငွေစက္ကူတွေ ဖြန့်ဝေမှုက နှစ်စဉ်ငွေကျပ် ၄၀ ဘီလီယံခန့်ရှိပြီးတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ် (၄၂ ဒသမ ၆၃၉) ဘီလီယံ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ် (၄၂ ဒသမ ၃၇၁) ဘီလီယံ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ် (၃၁ ဒသမ ၅၂၅) ဘီလီယံ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ်(၈၀ ဒသမ ၅၇၈) ဘီလီယံ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာ ရေးနှစ်မှာ ငွေကျပ် (၈၉ ဒသမ ၃၈၆) ဘီလီယံလောက်အထိ ဖြန့်ဖြူးထုတ်ပေးခဲ့ပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ လက်ရှိမှာ အများပြည်သူသုံးစွဲဖို့ တန်ဖိုးငယ်ငွေစက္ကူ ငါးဆယ်တန်၊ တစ်ရာတန်၊ နှစ်ရာတန်နဲ့ ငါးရာတန်တွေကို နိုင်ငံတစ်ဝန်း ဖြန့်ဖြူးပေးနိုင်ဖို့အတွက် နိုင်ငံပိုင်နဲ့ ပုဂ္ဂလိကဘဏ်တွေဆီ လစဉ်အချိုးကျဖြန့်ဖြူးပေးလျက်ရှိတဲ့အပြင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တို့မှာရှိတဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ငွေစက္ကူလဲလှယ်ရေး ကောင်တာတွေမှာလည်း နေ့စဉ်လဲလှယ်ပေးလျက်ရှိပါတယ်။

**မေး။ ။ ပြည်သူတွေဆီရောက်အောင် ဖြန့်ဝေမှုအစီအစဉ်လေး သိပါရစေ။**

ဖြေ။ ။မြန်မာ့စီးပွားရေးဘဏ်နဲ့ ပုဂ္ဂလိကဘဏ်တွေအနေနဲ့ ဟောင်းနွမ်းငွေစက္ကူတွေကို လဲလှယ်ပေးဖို့ညွှန်ကြားထားပြီးတော့ ဘဏ်တွေမှာလည်း ဟောင်းနွမ်းငွေစက္ကူကို လဲလှယ်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့နေပြည်တော်၊ ရန်ကုန်နဲ့ မန္တလေးဘဏ်ခွဲတို့မှာ ငွေစက္ကူလဲလှယ်ရေးကောင်တာတွေဖွင့်လှစ်ပြီး စည်ပင်သာယာဈေးများဌာန၊ ယာဉ်လိုင်းတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေကို တန်ဖိုးငယ်ငွေစက္ကူတွေ လဲလှယ်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ယာဉ်လိုင်းများ၊ ကုန်တိုက်ကြီးများအနေနဲ့ တန်ဖိုးငယ်ငွေစက္ကူတွေ ရရှိလိုရင် မိမိတို့နဲ့ဆက်သွယ်ရာ ဘဏ်တွေကတစ်ဆင့် ထုတ်ယူနိုင်ကြပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ အများပြည်သူလက်ဝယ်မှာရှိတဲ့ ဟောင်းနွမ်းငွေစက္ကူတွေ လဲလှယ်နိုင်ရေးအတွက် ဟောင်းနွမ်းငွေစက္ကူလဲလှယ်ရေးကောင်တာတွေ ဖွင့်လှစ်ထားပါတယ်။ တစ်ခုရှိတာကတော့ ဒီလိုအစီအစဉ်တွေ ဆောင်ရွက်ထားသော်လည်းပဲ ကျွန်တော်တို့နိုင်ငံမှာ ဘဏ်နဲ့ဆက်သွယ်သူဦးရေ နည်းပါးတဲ့အတွက် ဟောင်းနွမ်းငွေစက္ကူတွေ ဘဏ်ကို လာရောက်လဲလှယ်တာ၊ တန်ဖိုးငယ် ငွေစက္ကူတွေ ဘဏ်မှထုတ်ယူတာ အင်မတန်နည်းပါးပြီး အကြွေရှားပါးတယ်ဆိုတဲ့အဖြစ်မျိုး ရောက်ရှိသွားလေ့ရှိပါတယ်။

**မေး။ ။ ပြည်သူတွေအနေနဲ့ ကိုယ့်စာရင်းရှိတဲ့ ဘဏ်ကနေကော ကိုယ်လိုချင်တဲ့ တန်ဖိုးငယ် ငွေအကြွေတွေ ထုတ်ယူရနိုင်ရင် ပိုအဆင်မပြေဘူးလားဆိုတာ ရှင်းပြပေးပါ။**

ဖြေ။ ။ အများပြည်သူလက်ဝယ်မှာ တန်ဖိုးငယ်ငွေစက္ကူတွေ ရောက်ရှိပျံ့နှံ့မှု နည်းပါးကြောင်း ကြားသိနေရတဲ့အတွက် နိုင်ငံတစ်ဝန်းမှာ တန်ဖိုးငယ်ငွေစက္ကူတွေ လွယ်ကူစွာသုံးစွဲနိုင်ဖို့၊ ငွေကြေးဆိုင်ရာကိစ္စရပ်တွေမှာ ပြည်သူလူထုနဲ့ တိုက်ရိုက် ထိတွေ့ဆက်ဆံရတဲ့ နိုင်ငံပိုင်နဲ့ ပုဂ္ဂလိကဘဏ်တွေက တန်ဖိုးငယ်ငွေစက္ကူတွေ ထုတ်ယူလိုတဲ့သူတွေကို လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးစီစဉ်ဆောင်ရွက်ဖို့၊ နိုင်ငံပိုင်နဲ့ ပုဂ္ဂလိကဘဏ်တွေကို ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ပြည်သူတွေလိုအပ်မယ့် တန်ဖိုးငယ်ငွေစက္ကူတွေကို ဘဏ်တွေမှာ အလွယ်တကူထုတ်ပေးတဲ့အတွက် ငွေအကြွေရှားပါးမှုကို ကုစားနိုင်မှာဖြစ်ပါတယ်။

**မေး။ ။ ဘဏ်တွေကကော ငွေအကြွေနဲ့ပတ်သက်လို့ စီစဉ်ဆောင်ရွက်မှုတွေ မရှိဘူးလားဆိုတာ သိပါရစေ။**

ဖြေ။ ။ နိုင်ငံပိုင်နဲ့ ပုဂ္ဂလိကဘဏ်တွေအနေနဲ့ ပြည်သူတွေအတွက် ငွေပေးချေရေးကိစ္စရပ်တွေမှာ လွယ်ကူချောမွေ့စေဖို့ ဆောင်ရွက်နေတာကိုတွေ့ရှိရပါတယ်။ ပြည်သူတွေကို နိုင်ငံပိုင်နဲ့ ပုဂ္ဂလိကဘဏ်တွေက ဟောင်းနွမ်းငွေစက္ကူတွေ လဲလှယ်ပေးနိုင်ဖို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေကြေးညွှန်ကြားလွှာတွေ ထုတ်ပြန်ညွှန်ကြားခဲ့ပါတယ်။

အထက်မှာပြောခဲ့သလိုပဲ ဘဏ်တွေအနေနဲ့လည်း ကိုယ်နဲ့ဆက်သွယ်တဲ့ ကုမ္ပဏီတွေ၊ ယာဉ်လိုင်းတွေ၊ စတိုးဆိုင်တွေ၊ ကုန်တိုက်ကြီးတွေအပါအဝင် ပြည်သူတွေဆီ တန်ဖိုးငယ်ငွေစက္ကူတွေ အပ်နှံပေးသွင်းခြင်း၊ ထုတ်ယူခြင်းတွေကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ဖြန့်ဝေပေးဖို့လည်း ထပ်မံအသိပေး အကြောင်းကြားထားပါတယ်။ ပုဂ္ဂလိကဘဏ်တစ်ခုမှာ တန်ဖိုးငယ်ငွေစက္ကူ ငါးဆယ်တန်၊ တစ်ရာတန်၊ နှစ်ရာတန်နဲ့ ငါးရာတန်စတာတွေကို ATM ကတ်နဲ့ ထုတ်လို့ရအောင် စီစဉ်ထားတာမျိုးလည်း တွေ့ရမှာဖြစ်ပါတယ်။

တန်ဖိုးငယ်ငွေစက္ကူတွေကို ဘဏ်ကို ပြန်လည်ပေးသွင်းမှု နည်းလာပြီးတော့ ပြည်သူတွေအကြား ကြိမ်ဖန်များစွာ လှည့်လည်သုံးစွဲနေတာဖြစ်တဲ့အတွက် ဟောင်းနွမ်းမှုဖြစ်စေပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ဟောင်းနွမ်း ငွေစက္ကူလဲလှယ်ရေးကောင်တာတွေ ဖွင့်ပြီးတော့ အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း အချိန်တစ်ခုသတ်မှတ်လဲလှယ်ရေးဆောင်ရွက်ဖို့ ဘဏ်တွေကို ညွှန်ကြားထားပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ပြည်သူတွေအကြား လှည့်လည်သုံးစွဲဖို့ လိုအပ်တဲ့ ငါးဆယ်တန်၊ တစ်ရာတန်နဲ့ နှစ်ရာတန် ငွေစက္ကူတွေကို ရိုက်နှိပ်ရာမှာ အချိုးကျ လုံလောက်အောင် ရိုက်နှိပ်ပြီး ဘဏ်တွေကတစ်ဆင့် ဖြန့်ဝေထုတ်ပေးဖို့ အမြဲ အလေးထားစီစဉ်ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ပြည်သူတွေကလည်း မိမိတို့လိုအပ်တဲ့ ငွေစက္ကူအမျိုးအစားကို ဘဏ်တွေမှာ လာရောက်လဲလှယ်တာ၊ ထုတ်ယူတာတွေကို ပိုမိုလုပ်ဆောင်ကြမယ်ဆိုရင် အကြွေရှားပါးမှုဆိုတာ ပြောစရာမလိုအောင် ဖြစ်လာမယ်ဆိုတာ ပြည်သူတွေကို အသိပေးချင်ပါတယ်။ **မေးမြန်း-ရှင်မင်း၊ ဓာတ်ပုံ -ရွှေကိုလေး**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ် ကန်ပက်လက်မြို့နယ် မဲစာရင်းကပ်ထားကြေညာမှု ကြည့်ရှုစစ်ဆေး

**ကန်ပက်လက် ဇူလိုင် ၂၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်သည် ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁ နာရီက ကန်ပက်လက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကန်ပက်လက်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အနေဖြင့် ပြဋ္ဌာန်းထားသော လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ ထုတ်ပြန်ထားသော နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များအတိုင်း တိကျမှန်ကန်စွာဖြင့် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲ၊ အများက ယုံကြည်လက်ခံ၍ ပွင့်လင်းမြင်သာမှုရှိသော ရွေးကောက်ပွဲ၊ မဲရလဒ်သည် ပြည်သူ၏ဆန္ဒနှင့် တစ်ထပ်တည်းဖြစ်အောင် တာဝန်ရှိမှု၊ တာဝန်ယူမှုဖြင့် တာဝန်ရှိပုဂ္ဂိုလ်များအားလုံးက ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ရွေးကောက်ပွဲအရာရှိ ဦးလင်းကျော်နှင့် ကန်ပက်လက်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြမောင်းတို့က ကြားဖြတ်ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက သိရှိလိုသောအချက်များကို မေးမြန်းကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ပြန်လည်ဖြေကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယင်းနောက် ရပ်ကွက်၊ ကျေးရွာများတွင် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

၂၀၁၈ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်သည့် ကန်ပက်လက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**





ငွေတံဆိပ်ဆုရရှိခဲ့သည့် ပြိုင်ပွဲဝင် မြန်မာနိုင်ငံစားဖိုမှူးအသင်းသားများကို တွေ့ရစဉ်။

❏ *ရှေ့ဖုံးမှ*

ဥရောပအတွေ့အကြုံရှိတဲ့ နိုင်ငံတွေနဲ့ ယှဉ်ပြိုင်ပြီး ငွေတံဆိပ်ဆုရခဲ့တာကို ဂုဏ်လည်းယူတယ်” ဟု မြန်မာနိုင်ငံ စားဖိုမှူးများအသင်းဥက္ကဋ္ဌ ဦးအော်လီဗာစိုးသက်က ပြောသည်။

မြန်မာနိုင်ငံစားဖိုမှူးများအသင်းကို ၁၉၉၆ ခုနှစ်တွင် လူဦးရေ ၆၀ ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ အဖွဲ့ဝင် ၄၀၀ ခန့်ဖြင့် အင်အားတိုးလာကာ ဥရောပနှင့် အာရှတွင် ပြိုင်ပွဲအတွေ့အကြုံများရရှိစေရန်နှင့် အိမ်နီးချင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်စေရန် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ ယခုပြိုင်ပွဲသည် ပြိုင်ပွဲအတွေ့အကြုံများစွာရှိသော အာဆီယံနိုင်ငံ စားဖိုမှူးများကိုကျော်ဖြတ်၍ ငွေတံဆိပ်ဆုရရှိ ခဲ့ခြင်းသည် မြန်မာနိုင်ငံစားဖိုမှူးများအသင်းအတွက်သာမကနိုင်ငံအတွက် ဂုဏ်တင့်စေခဲ့ပြီ ဖြစ်သည်။

“အာဆီယံနိုင်ငံများ စားဖိုမှူးပြိုင်ပွဲကို ပထမဆုံးအနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်တာပါ။ ကျွန်တော်အပါအဝင် သုံးဦးပြိုင်ရပါတယ်။ နိုင်ငံတကာအတွေ့အကြုံရှိတဲ့ အသင်းတွေနဲ့ အခက်အခဲကြားထဲက ပြိုင်ခဲ့ရပြီးတော့ မထင်မှတ်ထားတဲ့ ငွေတံဆိပ်ဆုရခဲ့တဲ့အတွက် နိုင်ငံအတွက်လည်း ဝမ်းသာဂုဏ်ယူရပါတယ်။ ဂျကာတာက မြန်မာသံအမတ်ကြီးကိုယ်တိုင် လာရောက်အားပေးတဲ့ခွန်အားကလည်း ဆုတစ်ခုခုနဲ့ ပြန်မယ်ဆိုတဲ့စိတ်ကို တွန်းအားပေးခဲ့တာလည်း ပါပါတယ်။မြန်မာစားဖိုမှူးများအသင်းအနေနဲ့ ဆက်ပြီး ကြိုးစားသွားမှာပါ” ဟု အသင်းခေါင်းဆောင် ကိုရွှေမိုးသာက ပြောသည်။

ဇူလိုင် ၂၁ ရက် နံနက် ၁၁ နာရီတွင် အပြည်ပြည်ဆိုင်ရာ မင်္ဂလာဒုံလေဆိပ်သို့ မြန်မာစားဖိုမှူးများအသင်းမှာ ဆုတံဆိပ်နှင့်အတူ ပြန်လည်ရောက်ရှိပြီး ပြိုင်ပွဲတွင် သုံးဦးစီယှဉ်ပြိုင်ခဲ့ကာ ဖိုင်နယ်ပြိုင်ပွဲတွင် မြန်မာ၊ ဘရူနိုင်း၊ ထိုင်းနှင့် မလေးရှား လေးနိုင်ငံယှဉ်ပြိုင်ခဲ့ရာတွင် ဘရူနိုင်းနိုင်ငံမှ ပထမဆုရွှေတံဆိပ်ဆုနှင့် မြန်မာနှင့် မလေးရှားနိုင်ငံတို့က ငွေတံဆိပ်ဆုများ အသီးသီး ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုပြိုင်ပွဲသည် အာဆီယံနိုင်ငံများ သီးခြားပြိုင်ဆိုင်သော ပထမဆုံးပြိုင်ပွဲဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံ ဂျကာတာတွင် ကျင်းပသော ASIAN Culinary Challenge 2018 ပြိုင်ပွဲ ဖြစ်ကြောင်း သိရသည်။

**သတင်း-သန်းထိုက်**
**ဓာတ်ပုံ-သန်းစိုး**

# စိုက်ပျိုးစရိတ် ချေးငွေပုံစံသစ်

**မောင်ခိုင်မာ(အထက်မင်းလှ)**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်ပါသည်။ နိုင်ငံတော်၏ ပထဝီအနေအထားအရလည်း မုတ်သုံရာသီဥတုအတွင်းတွင် အများအားဖြင့်တည်ရှိခြင်း၊ ဧရာဝတီ၊ သံလွင်၊ စစ်တောင်း၊ ချင်းတွင်း စသည့် မြစ်ကြီးမြစ်ငယ်အသွယ်သွယ်တို့၏ ဘေးဝဲ၊ ယာတွင် မြေဆီမြေကောင်းများတည်ရှိခြင်း၊ ထိုမြစ်ကြီးများမှ စိုက်ပျိုးရေကို ရယူသုံးစွဲနိုင်ခြင်း စသည်တို့ကြောင့် ဘိုးဘွား အစဉ်အဆက်မှ ယနေ့တိုင် စိုက်ပျိုးရေးကို အခြေခံ၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လုပ်ကိုင်နေကြခြင်း ဖြစ်ပါသည်။ လယ်ယာကဏ္ဍသည် နိုင်ငံခြားငွေရရှိရေး၊ စက်မှုကုန်ကြမ်းသီးနှံ ဖြည့်တင်းရေးတို့အတွက် အခြေခံကျသကဲ့သို့ ပြည်သူတို့အတွက် စားဝတ်နေရေးဟူသော အရေးသုံးပါးစလုံးသည် လယ်ယာကဏ္ဍမှပင် ရရှိသည်ဖြစ်၏။ မြန်မာနိုင်ငံပြည်တွင်းထုတ်ကုန် စုစုပေါင်းတန်ဖိုး GDP ၏ ၃၀ ရာခိုင်နှုန်းခန့်ကို လယ်ယာကဏ္ဍမှရရှိခြင်းဖြစ်သည်။ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်ပြီး စိုက်ပျိုးရေးနှင့် ဆက်နွှယ်သော လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်း နေကြသူများဖြစ်ကြသည်။



### စိုက်ပျိုးရေးကဏ္ဍ၏ဖန်တီးရှင်

အဆိုပါ စိုက်ပျိုးရေးကဏ္ဍ၏ဖန်တီးရှင် တောင်သူလယ်သမားများသည် နိုင်ငံ၏လူဦးရေ အချိုးအစားအရလည်းကောင်း၊ နိုင်ငံအတွင်း ပျံ့နှံ့နေထိုင်မှုအရလည်းကောင်း၊ နိုင်ငံတော်၏ အခြေခံထုတ်လုပ်မှုဖြစ်သော လယ်ယာစိုက်ပျိုးရေးကို ဆောင်ရွက်လုပ်ကိုင်နေသူများ အနေဖြင့်လည်းကောင်း နိုင်ငံတော်အတွက် အရေးပါသည့် လူတန်းစားတစ်ရပ်ဖြစ်သည်။ တောင်သူလယ်သမားတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်အဆက်ဆက်အစိုးရအဖွဲ့ အသီးသီးတို့က ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈- ခုနှစ်) အပိုဒ် ၂၃ တွင် နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ (က)အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်၊ (ခ) စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီဆောင်ရွက်မည်ဟူ၍ ပြဋ္ဌာန်းထားရှိသည့်အတိုင်း နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရန်ရှိသည်များကို ဆောင်ရွက်ပေးနေကြောင်း လေ့လာတွေ့ရှိရပါသည်။

၈-၁၀-၂၀၁၃ ရက်နေ့ က ပြဋ္ဌာန်းခဲ့သော “တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေ”အခန်း(၂)၊ ပုဒ်မ(၃) တွင် တောင်သူလယ်သမားအကျိုး စီးပွားကို အထောက်အကူပြု ပံ့ပိုးစေသည့် ရည်ရွယ်ချက် ငါးရပ်ကို ရှင်းလင်းတိကျစွာ ပြဋ္ဌာန်းထားပြီး လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည့် “တောင်သူ လယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေး ဦးဆောင်အဖွဲ့” ကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ခေါင်းဆောင်လျက် ဖွဲ့စည်းထားရှိပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် တောင်သူများအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် သီးနှံအစားထိုး ပြန်လည်စိုက်ပျိုးရန်၊ တာတမံများ ပြန်လည်ပြုပြင်ရန်၊ ကျေးရွာကုန်ထုတ်လမ်း တံတား ပြန်လည်ပြုပြင်ရန် စသည့်လုပ်ငန်းများအတွက် စုစုပေါင်း ငွေကျပ် သန်းပေါင်း တစ်ထောင်ကျော် ထောက်ပံ့ကူညီခဲ့ကြောင်း၊ ဂျပန်နိုင်ငံ JICA ၏ နှစ်ဆင့်သွား ချေးငွေအစီအစဉ်ဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ခု၊ မြို့နယ် ၆၀၊ တောင်သူ ၂၅၈ ဦးအတွက် လယ်ယာသုံး စက်ကိရိယာများ ဝယ်ယူအသုံးပြုနိုင်ရန် ချေးငွေစုစုပေါင်း ငွေကျပ် ၉၀၈၂ ဒသမ ၂၁ သန်းကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ် နွေစပါးရာသီတွင် စိုက်ပျိုးထုတ်လုပ်သည့် စပါးသီးနှံမှစတင်၍ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ကြမ်းခင်းဈေး ကျပ်ငါးသိန်းအဖြစ် သတ်မှတ်ထုတ်ပြန်ကြေညာပေးခဲ့ပါသည်။

### တောင်သူတစ်ဦးချင်းက ကိုယ်တိုင်အာမခံသည့်စနစ်

စိုက်ပျိုးစရိတ်ချေးငွေအနေဖြင့်လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း စပါးတစ်ဧက ငွေကျပ်တစ်သိန်းနှုန်းထုတ် ချေးရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ်တစ်သိန်း ငါးသောင်းနှုန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အခြားသီးနှံ တစ်ဧကလျှင် ငွေကျပ်နှစ်သောင်းနှုန်းမှ ငါးသောင်းနှုန်းသို့ တိုးမြှင့်ထုတ်ချေးခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ချေးငွေကျပ် ၁၆၃၁ ဘီလီယံနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၇၀၇ ဒသမ ၇၀ဘီလီယံ စုစုပေါင်းငွေကျပ် ၃၃၃၈ ဒသမ ၇၀ ဘီလီယံ ထုတ်ချေးခဲ့ရကြောင်း သိရသည်။ ယခုတစ်ဖန် ၂၀၁၈ခုနှစ် မိုးချေးငွေမှစတင်၍ ယခင်ကျင့်သုံးခဲ့သော တောင်သူလယ်သမား သုံးဦးအစုအဖွဲ့အချင်းချင်း အာမခံသည့်ပုံစံဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ် (ပုံစံ-၇) မူရင်းကို တိုက်ဆိုင်စိစစ်၍ ချေးငွေထုတ်ချေးသည့် ပုံစံအစား တောင်သူတစ်ဦးချင်း ၎င်းတို့ပိုင်ဆိုင်သော လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)မူရင်းကို မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်သို့ အပေါင်အဖြစ်ပေးအပ်၍ တောင်သူတစ်ဦး ချင်းက ကိုယ်တိုင်အာမခံသည့် စနစ်ဖြင့် ၁၇-၅-၂၀၁၈မှ စတင်ထုတ်ချေးပေးလျက် ရှိပါသည်။ ၂၀၁၈ ခုနှစ် ဇွန်လကုန်တွင် အပြီးထုတ်ချေးပေးကြောင်း သိရသည်။

### အားသာချက်၊ အားနည်းချက်များ

ဤသို့ ပြောင်းလဲကျင့်သုံးသည့်ပုံစံတွင် အားသာချက်၊ အားနည်းချက်များ ရှိနေကြောင်း ပြောကြဆိုကြသည်။ ချေးငွေပုံစံသစ်နှင့် ပတ်သက်၍ အချို့ကိုတင်ပြလိုပါသည်-

(၁) လုပ်ကွက်ငယ် တောင်သူလယ်သမားများအား ဦးစားပေးသည့်အနေဖြင့် သီးနှံ ၁၀ ဧက အထိ လုပ်ကိုင်သူများကို ငွေထုတ်ချေးမည် ဖြစ်ပါသည်။ (၁၀ ဧက အထက်သမားများအတွက် JICA (TSL) ချေးငွေ (သို့မဟုတ်) MEB (TSL) ချေးငွေ ရရှိရေးကိုသာ စီစဉ်ရပါမည်)

(၂) အိမ်ထောင်စုစာရင်းတစ်ခုအတွင်း တစ်ဦးထက်ပို၍ ထုတ်မချေးပါ။ (အိမ်ထောင်ခွဲ သားသမီးများ အိမ်ထောင်စုစာရင်းမခွဲပါက ချေးငွေမရနိုင်တော့ပါ)

(၃) ပုံစံ - ၇ မူရင်းကို မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်တွင် အပေါင်ထားခဲ့ရမည်ဖြစ်ပြီး ချေးငွေပြေကျေပြီးမှသာ ပြန်ရမည်ဖြစ်ပါသည်။ အစိုးရနှင့် သမဝါယမဘဏ်တို့နှင့် ဆက်သွယ်အပေါင်ထားခြင်းဖြစ်ပါက ယင်းဘဏ်တို့၏ ထောက်ခံချက်ပေးနိုင်လျှင် ထုတ်ချေးပေးမည်ဟု သိရသည်။ (ပုံစံ - ၇ မူရင်းကို ဘဏ်တွင်ထားခဲ့ရမည်ဖြစ်၍ ပုဂ္ဂလိကစသည့် အခြားသို့ ပေါင်နှံချေးယူ မရနိုင်တော့ပါ)

(၄) ဆပ်ငွေ၏ ၁ ရာခိုင်နှုန်းကို Compulsory Saving အဖြစ် မဖြစ်မနေ စုဆောင်းရပါမည်

(၅) ပုံစံ-၇ ကို ရောင်း/ ဝယ်/ ပေါင်/ ငှား/ ပေးကမ်း/ အမွေဆက်ခံလျှင် ပုံစံ - ၇ ပါ လယ်ယာမြေကို အမှန်တကယ် လုပ်ကိုင်သူကို ထုတ်ချေးမည်ဖြစ်ပြီး အမွေဆိုင်လုပ်ကွက်ဖြစ်ပါက အမွေဆိုင် အခြားမောင်နှမများ၏ သဘောတူခံဝန် ပူးတွဲတင်ပြရပါမည်။ (ဤအချက်က တောင်သူလယ်သမားများအတွက် အဆင်ပြေစေပါသည်)

(၆) ချေးငွေနှုန်းထားမှာ ယခင်အတိုင်း ဖြစ်ပါသည်။ ( လက်တွေ့ ကုန်ကျစရိတ်ငွေနှင့် ကာမိသောနှုန်းထားမဖြစ်သေးသည့် အပြင် ပုံစံ-၇ မူရင်းကိုလည်း အပေါင်လက်မှတ်အဖြစ် ဘဏ်ကယူထားမည်ဖြစ်၍ တောင်သူလယ်သမားများ အခက်တွေ့နေကြပါသည်)

(၇) အတိုးနှုန်းမှာ ငွေကျပ်တစ်ရာလျှင် တစ်နှစ်ရှစ်ရာခိုင်နှုန်းဖြစ်ပြီး ဘဏ်တိုးမှာ ငွေကျပ် ၁၀၀ တစ်လလျှင် တစ်ကျပ်နှုန်း ဖြစ်ပါသည်။

အရာရာတိုင်းတွင် အားသာချက်၊ အားနည်းချက်များ ရှိတတ်သည်ဖြစ်ရာ ယခုစိုက်ပျိုးစရိတ် ချေးငွေပုံစံသစ်တွင်လည်း အားနည်းချက်များရှိနေကြောင်း ကြားသိရသည်။ လက်တွေ့ ပကတိအခြေအနေနှင့် မကိုက်ညီသောအချက်များနှင့် ချေးငွေ၏ ရည်ရွယ်ချက်သုံးရပ် (လယ်ယာ ထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ပြီး နိုင်ငံသားများ၏ စားနပ်ရိက္ခာဖူလုံရေး၊ မြန်မာ့လယ်ယာထွက်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့နိုင်ရေးနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး) ပြည့်ဝရေးအတွက် လိုအပ်ချက်များရှိနေပါက နိုင်ငံတော်အနေဖြင့် ပြင်ဆင်ဖြည့်စွက်ပေးလိမ့်မည်ဟု မျှော်လင့်မိပါကြောင်း...။ ။

> **“ချေးငွေနှုန်းထားမှာ ယခင်အတိုင်း ဖြစ်ပါသည်။ လက်တွေ့ ကုန်ကျစရိတ် ငွေနှင့် ကာမိသောနှုန်းထား မဖြစ်သေးသည့်အပြင် ပုံစံ - ၇ မူရင်းကိုလည်း အပေါင်လက်မှတ်အဖြစ် ဘဏ်က ယူထား မည်ဖြစ်၍ တောင်သူလယ်သမားများ အခက်တွေ့နေကြ”**

## ဒြပ်မဲ့ယဉ်ကျေးမှုများ ကျယ်ကျယ်ပြန့်ပြန့် ပြုစုနိုင်ရန် ကော်မတီများ ဖွဲ့စည်းမည်

**စစ်တွေ ဇူလိုင် ၂၁**

ပြည်နယ်အဆင့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေး ကော်မတီအစည်းအဝေးကို ယမန်နေ့က ရခိုင်ပြည်နယ် ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်အဆင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက ၂၀၁၇ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော်မှ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များ ကာကွယ်စောင့်ရှောက်ရေး ဥပဒေကို ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဥပဒေနှင့်အညီ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ရန်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ စောင့်ရှောက်ရန်အတွက် အခြေခံစာရင်းဇယားများ ပြုစုရမည်ဖြစ်ကြောင်း။

သို့မှသာ စာရင်းဇယားများကို အခြေခံပြီး မည်သို့ ထိန်းသိမ်းစောင့်ရှောက်ရမည်ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စာရင်းဇယားများနှင့် ပတ်သက်ပြီးသက်ဆိုင်ရာ ယဉ်ကျေးမှုဌာနမှ ပြုစုထားပြီးဖြစ်သော်လည်း မပြည့်စုံမှုများ ရှိနိုင်သည့်အတွက် ပညာရှင်များကိုခေါ်ယူ၍ ဖြည့်စွက်ရေးသွင်းနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လက်လှမ်းမီသမျှ ကူညီဆောင်ရွက်ပေးကြရန်နှင့် နောင်တွင် မြို့နယ်အလိုက် ဒြပ်မဲ့ယဉ်ကျေးမှုများ ကျယ်ကျယ်ပြန့်ပြန့် ပြုစုဆောင်ရွက်နိုင်ရန် ကော်မတီများ ဖွဲ့စည်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အဆင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ အတွင်းရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မြောက်ဦးဌာနခွဲ) ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်က ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းဆွေးနွေး တင်ပြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးနှင့် ကော်မတီအဖွဲ့ဝင်များက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ စစ်တွေဌာနခွဲနှင့် မြောက်ဦးဌာနခွဲတို့မှ ပြုစုဆောင်ရွက်ပြီး ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းများတွင် ဖြည့်စွက်ထည့်သွင်းဆောင်ရွက်ရမည့် အမည်စာရင်းများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**

## စစ်ကိုင်း၌ ဝန်ထမ်းအိမ်ရာ နေထိုင်လိုသူ ဝန်ထမ်းများအား လျှောက်လွှာခေါ်ယူ

**မြို့သစ် ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းအိမ်ရာခြောက်ခန်းတွဲ နှစ်ထပ် အဆောက်အအုံ နှစ်လုံးကို တမူးခရိုင် မြို့သစ်မြို့၌ တည်ဆောက်လျက်ရှိရာ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ဝန်ထမ်းအိမ်ရာများ ရာနှုန်းပြည့်ပြီးစီးပါက အဆင်သင့်နေထိုင်နိုင်ရေးအတွက် နေထိုင်လိုသူပြည်သူ့ဝန်ထမ်းများအား လျှောက်လွှာခေါ်ယူလျက်ရှိပြီး တမူးမြို့နယ် အိမ်ရာနေရာချထားရေး ကော်မတီမှစိစစ်ပြီး နေရာချထားပေးသွားမည်ဖြစ်ကြောင်း မြို့သစ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ယင်းဝန်ထမ်းအိမ်ရာတွင်နေထိုင်ခွင့်ရရှိသူများသည် ပြန်တမ်းဝင်အရာရှိဖြစ်ပါက လက်ရှိထုတ်ယူနေသောပင်ရင်းလစာ၏ ငါးရာခိုင်နှုန်း၊အမှုထမ်းဖြစ်ပါက လက်ရှိထုတ်ယူနေသောပင်ရင်းလစာ၏ ၃ ရာခိုင်နှုန်း၊ အာမခံစပေါ်ငွေအဖြစ်အိမ်ခန်းငှားခ၏ သုံးဆနှင့်ရေခွန်၊ မီးခွန်များကို ကောက်ခံသွားမည် ဖြစ်ကြောင်း သိရသည်။

**ထွန်းမင်းအောင်(ကဘော်မြေ)**

# ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဝန်ကြီးချုပ် ဦးညီပု လှည့်လည်ကြည့်ရှုစစ်ဆေး

စစ်တွေ ဇူလိုင် ၂၁

**ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ဦးညီပုသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပုဏ္ဏားကျွန်း၊ ကျောက်တော်နှင့် မြောက်ဦးမြို့နယ်များရှိ ဒေသဖွံ့ဖြိုးရေး စီမံ ကိန်းလုပ်ငန်းခွင်အသီးသီးသို့ သွားရောက်ကာ လုပ်ငန်းများ ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုဏ္ဏားကျွန်း မြို့နယ်အတွင်းရှိ ဂူဝတမံသို့ရောက်ရှိကာ တမံဆောက်လုပ်ပြီးစီးမှု၊ ရေသိုလှောင်မှု၊ တမံကြံ့ခိုင်မှု၊ ပုဏ္ဏားကျွန်းမြို့ပေါ်သို့ ရေဖြန့်ဝေပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ ယင်းရေလှောင်တမံသည် ရေဂါလန်သန်း ၁၁၀ ခန့်သိုလှောင်နိုင်ပြီး ပုဏ္ဏားကျွန်း မြို့ပေါ် ရပ်ကွက်များသို့ အဓိကသောက်သုံးရေ ဖြန့်ဖြူးပေးရန် အတွက် ၂၀၁၇-၂၀၁၈ ဘတ်ဂျက်ခွင့်ပြု ရန်ပုံငွေဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

### လုပ်ငန်းများစံချိန်စံညွှန်းမီရေး

ဆက်လက်၍ ကျောက်တော်မြို့သို့ ရောက်ရှိပြီး မြို့တော်ခန်းမ တည်ဆောက်နေမှုကို လည်းကောင်း၊ ဗိုလ်ချုပ်လမ်းအား ကွန်ကရစ်လမ်း ခင်းကျင်းထားမှုကို လည်းကောင်း၊ အိုးအိမ်ဦးစီး ဌာနက ဆောက်လုပ်ထားသည့် ကျောက်တော်မြို့ ဝန်ထမ်းအိမ်ရာဆောက်လုပ်ပြီးစီးမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် စံချိန်စံညွှန်း ကောင်းမွန်ရေး၊ ဆောလျင်စွာပြီးစီးရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် မြောက်ဦးမြို့နယ် ရန်ကုန်- စစ်တွေလမ်း (အမ်း -စစ်တွေလမ်းပိုင်း) တွင် တံတားဦးစီးဌာန တည်ဆောက်ရေး -၂ တံတားအထူးအဖွဲ့ (၇) က တာဝန်ယူဆောက်လုပ်နေသော တိမ်ညိုတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ရှိသူများက တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### ကျောက်ခင်းလုပ်ငန်းဆောင်ရွက်

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြောက်ဦးမြို့အနီး ရန်ကုန်- စစ်တွေ ကားလမ်းပေါ်ရှိ နန်းကျားလမ်းကို တာပေါင်ဖြည့်၍ ကျောက်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း၊ ရန်ကုန် - စစ်တွေ ကားလမ်းဘေး ပီပင်ရင်ကျေးရွာအုပ်စု၌ စိုက်ပျိုးရေးဦးစီးဌာန၏ စိုက်ပျိုးနည်းစနစ် စမ်းသပ်စိုက်ပျိုးရန် စပါးပျိုးခင်း ပျိုးထောင်ထားမှုကို လည်းကောင်း၊ မြောက်ဦး မြို့ ကိုးသောင်းပုထိုးတော်ကြီး ဘုရားလမ်းပြင်ဆင်ခင်းကျင်းထားမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

### သံကူကွန်ကရစ်တံတား

ယင်းနောက် မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ထားရှိသည့် ဘုရားပေါ်ချောင်းရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အနေအထားကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်ကလိုအပ်သည်များကို မှာကြားသည်။ ထို့နောက် လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့ ၁၇ က ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၁၀ ဒသမ ၁၈ သန်းဖြင့် ဆောင်ရွက် နေသော မင်းဘူး - အမ်း- စစ်တွေ လမ်းပေါ်ရှိ တံတားအမှတ် ၁/၁၁၃ ကို သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်နေမှုကိုလည်း ကြည့်ရှုစစ်ဆေးသည်။ (ဝဲပုံ)

**သတင်းနှင့်ဓာတ်ပုံ - မြင့်မောင်စိုး**

---

◆ *ကျောဖုံးမှ*

သွားမည်ဖြစ်ကြောင်း၊ ယခင်က အထီးကျန်နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သော်လည်း ယခုအခါ ကမ္ဘာ့ ဘဏ်၏အဆိုအရ အာရှဒေသတွင် စီးပွားရေးတိုးတက်မှုနှုန်း အမြန်ဆုံးနိုင်ငံ တစ်နိုင်ငံအဖြစ် ရောက်ရှိနေပြီး ပြုပြင်ပြောင်းလဲမှုများ ခိုင်မာစေရန် ဆက်လက်ဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံတွင် အခြေခံအဆောက်အဦကဏ္ဍ အားနည်းနေခြင်း၊ လုံလောက်သည့် လျှပ်စစ်ဓာတ်အား မရရှိနိုင်သေးခြင်း စသည့် စိန်ခေါ်မှုများရှိနေကြောင်း၊ ယင်းစိန်ခေါ် မှုများကို ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အခွင့်အလမ်းများအဖြစ် ပြောင်းလဲဖန်တီးနိုင်ကြောင်း၊ မြန်မာနိုင်ငံ၏ မဟာဗျူဟာကျသည့် ပထဝီဝင်အနေအထား၊ တီထွင်ဆန်းသစ်မှု စွမ်းရည်မြင့်မားသည့် မျိုးဆက်သစ်များ အပါအဝင် ရင်းနှီးမြှုပ်နှံမှုများအတွက် အားသာချက်များနှင့် အခွင့်အလမ်းများစွာ ရှိနေခြင်းကြောင့် "မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အချိန်တန်ပြီ" ဖြစ်ကြောင်း အလေးအနက်ထား ပြောကြားခဲ့သည်။ Myanmar Insight 2018 ဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ ထိုင်းသံရုံးနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအသင်း (Thai Business Association of Myanmar) တို့ ပူးတွဲ၍ တတိယနှစ်မြောက် ကျင်းပပြုလုပ်ခြင်းဖြစ်သည်။

### ကဏ္ဍငါးခုခွဲဆွေးနွေး

ယခုနှစ်ဆွေးနွေးပွဲကို မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား သံတမန် ဆက်သွယ်မှု ထူထောင်သည့် နှစ် (၇၀) ပြည့်မြောက် အထိမ်းအမှတ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကျင်းပ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၊ ကမ္ဘာလှည့်ခရီးသွားကဏ္ဍ၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၊ ကုန်သွယ်မှု၊ စားရေရိက္ခာလုံခြုံမှု စသည်ဖြင့် ဆွေးနွေးမှု အပိုင်းကဏ္ဍငါးခုခွဲ၍ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး H.E. Mr. Jukr Boon-long က ကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ထိုင်းနိုင်ငံ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် လူ့အဖွဲ့အစည်းဆိုင်ရာဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Pichet Durongkaveroj က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

### ဦးဆောင်ပါဝင်ဆွေးနွေး

မြန်မာကိုယ်စားလှယ်အဖွဲ့မှ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်မိမိခိုင်တို့ကလည်း သက်ဆိုင်ရာ ဆွေးနွေးမှုအပိုင်းကဏ္ဍများတွင် ဦးဆောင်ပါဝင် ဆွေးနွေးခဲ့ကြသည်။

Myanmar Insight 2018 ဆွေးနွေးပွဲသို့ ထိုင်းနိုင်ငံရှိ ထိပ်တန်း စီးပွားရေးကုမ္ပဏီများနှင့် ဘဏ်ကြီးများမှ အမှုဆောင်အရာရှိချုပ်များအပါအဝင် အဆင့်မြင့် ကိုယ်စားလှယ်များ ၆၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးချေးငွေ JICA, Two Stop Loan ထုတ်ချေးထားမှုအခြေအနေ (၂၀-၇-၂၀၁၇) မှ (၃၀-၆-၂၀၁၈) ရက်နေ့အထိ

(ကျပ်သန်းပေါင်း)




တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ချေးငွေ JICA, Two Step Loan ထုတ်ချေးထားမှု စုစုပေါင်း ၂၄၄၄၈.၉၈၅ ကျပ်သန်း ဖြစ်ပါသည်။
ခာစ်မြစ် : မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

---

# ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေသံအမတ်ကြီးအား တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၁**

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းသည် မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေဒီမိုကရက်တစ် သမ္မတနိုင်ငံသံအမတ်ကြီးH.E.Mr. Joao Freitas de Camara အား ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာ အဆောင်အမှတ် (I-5) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တီမောနိုင်ငံတို့၏ တိုးတက်ကောင်းမွန်သော နှစ်နိုင်ငံ ဆက်ဆံရေး၊ တီမောနိုင်ငံ၏ ဒီမိုကရေစီဖွံ့ဖြိုးမှုနှင့် နိုင်ငံတည်ဆောက်မှု အတွေ့အကြုံများ၊ နှစ်နိုင်ငံလွှတ်တော် ကိုယ်စားလှယ်များ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ၊ အာဆီယံနိုင်ငံများအသင်းတွင် တီမောနိုင်ငံပူးပေါင်းပါဝင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ၊ တီမောနိုင်ငံ၏ သယံဇာတ ထုတ်ယူသုံးစွဲရာတွင် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သည့် အတွေ့အကြုံကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

---

# မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ- တာချီလိတ် လမ်းမိုင် ၄၀ ကို မြို့နယ်လမ်းဦးစီးနှင့်အထူးအဖွဲ့များ၊ B.O.T ကုမ္ပဏီများက တာဝန်ယူပြုပြင်

**ကလော ဇူလိုင် ၂၁**

မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်ကားလမ်းသည် မိတ္ထီလာမှ တာချီလိတ်အထိ ၄၀ မိုင် ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ကျိုင်းတုံမြို့နယ်လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့ ၃-၄-၅ နှင့် B.O.T ကုမ္ပဏီများဖြစ်ကြသော တောင်ပေါ်ဒေသကုမ္ပဏီ၊ နေမင်းရောင်ကုမ္ပဏီ၊ သော်တာဝင်း ကုမ္ပဏီတို့က လမ်းချဲ့ခြင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

တာဝန်ယူလုပ်ကိုင်ဆောင်ရွက်နေသော လမ်းမိုင်များနှင့် လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့နှင့် ဆောက်လုပ်ရေး B.O.T ကုမ္ပဏီများမှာ မိတ္ထီလာမှ နမ့်ပန်တက်အထိ ၅၃ မိုင် ၄ ဖာလုံကို တောင်ပေါ်ဒေသကုမ္ပဏီက လည်းကောင်း၊ နမ့်ပန်တက်မှ တောင်ကြီးအထိ ၆၂ မိုင် ၄ ဖာလုံကို တောင်ပေါ်ဒေသ ဆောက်လုပ်ရေး ကုမ္ပဏီက လည်းကောင်း၊တောင်ကြီးမှနမ့်ဆန် ၇၃ မိုင်ကို နေမင်းရောင် ကုမ္ပဏီက လည်းကောင်း၊ နမ့်စန်မှ ခိုလန် ၄၄ မိုင်ကို လမ်းအထူးအဖွဲ့ (၅) ကလည်းကောင်း၊ ခိုလန်မှ ကာလီ (တာကောတံတား)အထိ ၄၈ မိုင် ၆ ဖာလုံကို လမ်းအထူးအဖွဲ့ (၄) ကလည်းကောင်း၊ ကာလီ (တာကောတံတား) မှ မိုင်းပျဉ်းအထိ ၇၅ မိုင် ၆ ဖာလုံကို လမ်းအထူးအဖွဲ့(၃) ကလည်းကောင်း၊ မိုင်းပျဉ်းမှ ကျိုင်းတုံအထိ ၆၅ မိုင် ၄ ဖာလုံကို လမ်းအထူးအဖွဲ့ (၃) နှင့် ကျိုင်းတုံမြို့နယ်လမ်းဦးစီးဌာနတို့က လည်းကောင်း၊ ကျိုင်းတုံမှ တာချီလိတ် အထိ ၉၇ မိုင် ၄ ဖာလုံကို သော်တာဝင်း ကုမ္ပဏီတို့ကလည်းကောင်း တာဝန်ယူ၍ လမ်းချဲ့ခြင်း၊ ကတ္တရာခင်းခြင်း၊ ကျောက်စီရေ မြောင်းဖောက်ခြင်း၊ မြေထိန်းနံရံကာခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**



# ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာဖွင့်ပွဲနှင့် ရုပ်ရှင်မူပိုင်ခွင့်ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

**မြန်မာရုပ်ရှင် အတတ်ပညာနှင့် နည်းပညာများ အားပေးမြှင့်တင်ဆောင်ရွက်နိုင်ရေးနှင့် အမြင်ဖလှယ်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်သည့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (Film Development Centre) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် ၅၀ ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်းတွင် ကျင်းပသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက ဦးစိုးမိုးနှင့် ဥက္ကဋ္ဌ ဦးဇင်ဝိုင်းတို့က ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

**ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ**

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက ဦးစိုးမိုးနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းတို့က ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဖွင့်ပွဲအခမ်းအနား တက်ရောက်လာကြသူများသည် ရုပ်ရှင်အနုပညာရပ်ဝန်းအတွင်းရှိ စတူဒီယိုများ၊ ပြင်ပရိုက်ကူးရေးပြုလုပ်နိုင်မည့် နေရာများ၊ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာရှိ သင်တန်းနှင့် ဆွေးနွေးပွဲခန်းမတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ယခု ဖွင့်လှစ်လိုက်သည့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာတွင် ရုပ်ရှင်အတတ်ပညာနှင့် နည်းပညာများ မျှဝေဖလှယ်နိုင်မည့် ဆွေးနွေးပွဲများ၊ သင်တန်းခန်းမများ ပါဝင်ပြီး ရှေးဟောင်းရုပ်ရှင်ဇာတ်ကားများနှင့် ရုပ်ရှင်ပညာဆိုင်ရာ စာအုပ်စာတမ်းများ လေ့လာနိုင်မည့် ရည်ညွှန်းစာကြည့်တိုက်လည်း ထည့်သွင်းဖွဲ့စည်းထားသည်။

**တစ်နေရာတည်းတွင် ဆက်သွယ်ဆောင်ရွက်နိုင်ရန်**

မြန်မာရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ တည်ထောင်ဖွင့်လှစ်ရာတွင် စီမံခန့်ခွဲရေးအဖွဲ့ကို ရုပ်ရှင်ပညာရှင်များဖြင့် ဖွဲ့စည်းထားပြီး ရုပ်ရှင်အနုပညာ၊ အတတ်ပညာများ သင်ကြားလေ့ကျင့်ခြင်း(Training)၊ ရုပ်ရှင်လောကသားများ ဆွေးနွေးခြင်း(Discussion)၊ ရုပ်ရှင်ဝါသနာရှင်များ အဆက်အသွယ်ပြုနိုင်ခြင်း(Connection)တို့ကိုလည်း တစ်နေရာတည်းတွင် ပေါင်းစပ်ဆက်သွယ်ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ထားရှိသည်။

ထို့ပြင် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာရှိ ရုပ်ရှင်ပြခန်းမ၊ Theater နှင့် စတူဒီယိုများ၊ ကင်မရာနှင့် ဆက်စပ်ပစ္စည်းများကို အသုံးပြု၍ ရုပ်ရှင်ချစ်မြတ်နိုးသူများအဖွဲ့ (Film Club) များ ဖွဲ့စည်းခြင်း၊ စုပေါင်းရုပ်ရှင်ကြည့်ရှုသည့် Cinematheque Program များနှင့် ထောက်ပံ့ကူညီမှု ပြုလုပ်နိုင်မည့် Grant Program များလည်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နံနက် ၁၀ နာရီတွင် ရုပ်ရှင်မူပိုင်ခွင့်ကာကွယ် စောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေး စင်တာတွင် ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်နှင့် ပတ်သက်သည့် ကိစ္စရပ်များတွင် တာဝန်ရှိသည်နှင့်အညီ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်နှင့် ဆက်စပ်သော လုပ်ငန်းများ၊ ရုပ်ရှင်လောကသားများ၊ သက်ဆိုင်သော ပုဂ္ဂိုလ်များအားလုံးနှင့် ပူးတွဲပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရုပ်ရှင်အနုပညာရပ်ဝန်း၊ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (Film Development Centre) ကို သင်တန်းများ၊ ဆွေးနွေးပွဲများ၊ စတူဒီယိုများ၊ ရုပ်ရှင်ကြည့်ခန်းမများဖြင့် ပေါင်းစပ်ပြီး ဖွင့်လှစ်နိုင်ခြင်းကြောင့် အင်မတန်မင်္ဂလာရှိသည့်နေ့ဟု မြင်ပါကြောင်း၊ ထို့ပြင် ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည့် အရေးကြီးသည့် အစိတ်အပိုင်းဖြစ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ကို ကာကွယ်စောင့်ရှောက်နိုင်မည့် အလုပ်ရုံဆွေးနွေးပွဲ ပေါ်ပေါက်လာခြင်းသည် တန်ဖိုးရှိသည့် လက္ခဏာတစ်ရပ်ဟု မြင်ပါကြောင်း၊ ယခု ဆွေးနွေးမှုမှအစပြုပြီး ဥပဒေများ ပေါ်ပေါက်လာရန်၊ ဆွေးနွေးသုံးသပ်မှုမှရရှိမည့် နည်းလမ်းကောင်းများကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် အစပြုခြင်းဖြစ်၍ အင်မတန်မင်္ဂလာရှိသည့် နေ့တစ်နေ့ ဖြစ်ပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရုပ်ရှင်မူပိုင်ခွင့်ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက မြန်မာရုပ်ရှင်လောက၏ ဘူမိနက်သန်နေရာမှန်တွင် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးစင်တာ ဖွင့်လှစ်နိုင်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်ပါကြောင်းနှင့် ရုပ်ရှင်မူပိုင်ခွင့် ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

**မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ**

ယင်းနောက် ရုပ်ရှင်မူပိုင်ခွင့် ကာကွယ် စောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်၊ အလုပ်အမှုဆောင် ဦးသန်းမောင်နှင့် SAVE MYANMAR FILM မှ ပရောဂျက်ဒါရိုက်တာ ဦးဥက္ကာတို့က ရုပ်ရှင်ဇာတ်ကားတစ်ကား ဖန်တီးမှုတွင် ပါဝင်သော အစိတ်အပိုင်းများနှင့် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ၊ ယနေ့ ချိုးဖောက်ခံနေရသော မူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတကာတွင် ဆောင်ရွက်နေသော မူပိုင်ခွင့်ဆိုင်ရာ ကာကွယ်မှုများ၊ ကာကွယ်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ ခေါင်းစဉ်တို့ဖြင့် ပါဝင်ဆွေးနွေး တင်ပြကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုများအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။



**မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်း ဆွေးနွေးစဉ်။**





ရုပ်ရှင်မူပိုင်ခွင့်ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်

အလုပ်ရုံဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ယနေ့ ကျင်းပသည့် ရုပ်ရှင်မူပိုင်ခွင့် ကာကွယ် စောင့်ရှောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲမှ ရရှိလာသော အကြံပြုချက်များ၊ ဆွေးနွေးချက်များကို အစီရင်ခံစာထုတ်ပြန်ပြီး မြန်မာရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျေးရွာစာကြည့်တိုက်တွင် ရောင်စုံစက္ကူပုံဖော်ခြင်းနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲဆောင်ရွက်ပေး

**တပ်ကုန်း ဇူလိုင် ၂၁**

ကျေးလက်နေ ကျောင်းသားလူငယ်များအနေဖြင့် ကျေးရွာစာကြည့်တိုက်သို့ လာရောက်သည့် အလေ့အထများ ပိုမိုရှိလာစေရန်နှင့် တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်စေရန် ရည်ရွယ်၍ နေပြည်တော် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ရောင်စုံစက္ကူပုံဖော်ခြင်းနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲကို ဇူလိုင် ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲက အလယ်ကျွန်းကျေးရွာအုပ်စု အလယ်ကျွန်းကျေးရွာ မြကျွန်းသာစာကြည့်တိုက်တွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာစာကြည့်တိုက်သို့ လာရောက်သည့် ကျောင်းသား လူငယ်များအား မြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်က ရောင်စုံစက္ကူများဖြင့် ငှက်ရုပ်ပုံ၊ ပန်းအလှပုံ၊ ဘောလုံးပုံများ ပုံဖော်ခြင်းကို သင်ကြားပြသခဲ့ပြီးနောက် ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသည့် ကျောင်းသား လူငယ်များကို ဆုလက်ဆောင်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့် ရာဇဝင်နောက်ခံဇာတ်လမ်းရေးသားသည့် စာရေးဆရာများ၊ ဇာတ်လမ်းဇာတ်ညွှန်းရေးသားသည့် ပညာရှင်များနှင့်တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇူလိုင် ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ရာဇဝင်နောက်ခံဇာတ်လမ်းရေးသားသည့် စာရေးဆရာများ၊ ဇာတ်လမ်းဇာတ်ညွှန်းရေးသားသည့် ပညာရှင်များနှင့် ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးအတွက် နေပြည်တော်တွင် ရုပ်ရှင်သင်တန်းကျောင်းနှင့် ရုပ်ရှင်စတူဒီယိုများ တည်ဆောက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပညာရှင်ကြီးများ၊ ရုပ်ရှင်လောကသားများ၊ လုပ်ငန်းရှင်များအားလုံးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့ရာဇဝင် သမိုင်းနောက်ခံ ရုပ်ရှင်ဇာတ်ကားနှင့်ဇာတ်လမ်းတွဲများစွာ ရိုက်ကူးလာနိုင်ရန် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ စာရေးဆရာတက္ကသိုလ်စိန်တင်၊ သမိုင်းပညာရှင်ကြီးများဖြစ်ကြသည့် ဦးသန်းဆွေနှင့် ဒေါက်တာကျော်ဝင်း၊ မင်းဘူးဦးအောင်ကြိုင်၊ ဒါရိုက်တာများဖြစ်ကြသော ဦးကြည်စိုးထွန်း၊ ဦးစင်ရော်မောင်မောင်၊ ဦးမျိုးဇော်အောင်နှင့် ကြည်ဖြူသျှင်၊ ဇာတ်ညွှန်း/ဒါရိုက်တာဦးဇော်မြင့်ဦး၊ ဇာတ်ညွှန်းပညာရှင် မြမြင့်မိုရ်နှင့် တက်ရောက်လာကြသူများက ရာဇဝင်ရုပ်ရှင်ဇာတ်ကားများ၊ ဇာတ်လမ်းတွဲများ ရိုက်ကူးထုတ်လုပ်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်က ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြန်လည်ဖြည့်စွက်ဆွေးနွေးသည်။ **သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရာဇဝင်နောက်ခံဇာတ်လမ်းရေးသားသည့် စာရေးဆရာများ၊ ဇာတ်လမ်းဇာတ်ညွှန်းရေးသားသည့် ပညာရှင်များနှင့် တွေ့ဆုံ ဆွေးနွေးစဉ်။** သတင်းစဉ်

# သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ဒဂုံမြို့နယ်၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

**သက်ငယ်မုဒိမ်းမှု ပပျောက်ရေးနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေး ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်အနောက်ရပ်ကွက်ရှိ ဗဟိုသားဖွားသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ သင်တန်းသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။** (အောက်ပုံ)




အခမ်းအနားတွင် ဒဂုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်က အမှာစကားပြောကြားပြီး ဒဂုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသက်သက်ခိုင်၊ ဗိုလ်တထောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေစိုး၊ အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ရန်ကုန်)မှ ဒုတိယရဲမှူး မာမာသိန်း၊ (Neo Education Centre) မှ ဦးစန်းလှိုင်ထွန်းတို့က သက်ငယ်မုဒိမ်းမှု၊ လူကုန်ကူးမှုတို့နှင့် ပတ်သက်သည့် အဖြစ်အပျက်အကြောင်းအရာများ၊ ပြစ်မှုပြစ်ဒဏ်များ မဖြစ်ပွားစေရန် သတိပြုဆင်ခြင်နေထိုင်နည်းတို့နှင့် လက်တွေ့ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များကို အခြေခံကာ ဗဟုသုတရရှိစေရန် ဟောပြောဆွေးနွေးမှုများပြုလုပ်ကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဆွေးနွေး ဖြေကြားကြသည်။

**လူမှုအသိုင်းအဝိုင်းစိန်ခေါ်မှု**

ယနေ့စကားဝိုင်းနှင့် ပတ်သက်၍ ဒဂုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသက်သက်ခိုင်က "လူမှုအသိုင်းအဝိုင်းထဲမှာ ဒါသည် အရေးကြီးတဲ့စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါတယ်။ အမျိုးသားအဆင့် သတ်မှတ်ပြီးတော့ နိုင်ငံတော်က ဆောင်ရွက်နေတဲ့အခါမှာ ပြည်သူကလည်း ပူးပေါင်းပြီး ပါဝင်ဖို့လိုပါတယ်။ သက်ငယ်မုဒိမ်းမှုနဲ့ လူကုန်ကူးမှု လျော့နည်းပပျောက်ဖို့ဆိုရင် မိဘတွေအနေနဲ့လည်း အသိအမြင်ကျယ်ရမယ်၊ ကျောင်းတွေမှာဆိုရင်လည်း ဆရာ ဆရာမတွေက ဒီလိုအကြောင်းအရာတွေနဲ့ပတ်သက်ပြီး အသိပညာရှိနေရမယ်။ ကိုယ့်ရဲ့ ကျောင်းသားကျောင်းသူတွေကို ဒီလို အန္တရာယ်တွေ မကျရောက်အောင်၊ ကိုယ်တိုင်ကာကွယ်နိုင်အောင် သင်ပြပေးဖို့လိုပါတယ်။ နောက်တစ်ခုကတော့ မိမိရဲ့ ပတ်ဝန်းကျင်မှာ ဒါမျိုးတွေဖြစ်နေရင် ကိုယ်သိတဲ့အချက်တွေကို ကြိုတင်သတင်းပေးဖို့လိုပါတယ်။ ဒါကတော့ ပြည်သူရဲ့ အခန်းကဏ္ဍဖြစ်ပါတယ်"ဟု ပြောသည်။

ဒီမိုကရေစီခေတ်တွင် အစိုးရနှင့်ပြည်သူများအကြား ဆွေးနွေးတိုင်ပင်နိုင်ရန်၊ ပြည်သူတို့၏ ဘဝဖြတ်သန်းမှုအကြောင်းကိစ္စများ ဆွေးနွေးပြောကြားနိုင်သော အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်၊ လူထု၏ စဉ်းစားတွေးခေါ်မှု မြင့်မားလာစေရန်နှင့် အစုအဖွဲ့အတွင်း ပါဝင်ဆွေးနွေးတတ်သော အလေ့အထကောင်းများ လေ့ကျင့်ပေးရန် ရည်ရွယ်၍ ဒဂုံမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်းကာ အဆိုပါစကားဝိုင်းဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ပြန်လည်မျှဝေပေးနိုင်**

အဆိုပါ သင်တန်းကျောင်းမှ ပထမနှစ် သင်တန်းကျောင်းသူ မနှင်းနန္ဒာကျော်က "သက်ငယ်မုဒိမ်းမှု၊ လူကုန်ကူးမှုတို့နဲ့ပတ်သက်ပြီး မေးခွန်းတွေမေးပြီး ဆွေးနွေးခဲ့ပါတယ်။ ဒါတွေကို ဘယ်လို ကြိုတင်ကာကွယ်ရမယ်၊ လူကုန်ကူးခံရတဲ့သူတွေကိုတွေ့ရင် ဘယ်လိုတွေ လုပ်ဆောင်ရမယ်ဆိုတာတွေအပြင် အစိုးရအနေနဲ့လည်း ဘယ်လိုတွေ ဆောင်ရွက်နေတယ်ဆိုတာကို သိခွင့်ရခဲ့ပါတယ်။ ကျွန်မတို့ဟာ ပြည်သူတွေကြားထဲ ရောက်ရှိမယ့်သူတွေဆိုတော့ ဒါတွေ သိထားခြင်းအားဖြင့် ကိုယ်ရဲ့ ပတ်ဝန်းကျင်မှာ ဒါမျိုးတွေမဖြစ်ပွားအောင်၊ ဖြစ်လာခဲ့ရင်လည်း ကူညီဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီပွဲဟာ ကျွန်မအတွက် အသိပညာဗဟုသုတတွေတိုးပွားလာသလို လုပ်ငန်းခွင်ရောက်ရင် ကျွန်မတို့နဲ့ထိတွေ့မယ့် ပြည်သူတွေကို ပြန်လည်မျှဝေပေးနိုင်မှာဖြစ်ပါတယ်" ဟု ပြောသည်။

ယနေ့ ကျင်းပသည့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဗဟိုသားဖွားသင်တန်းကျောင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသူများ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

**မြို့နယ်အသီးသီး၌ ကျင်းပ**

အလားတူ ယင်းကဲ့သို့ ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲများကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတို့တွင်လည်း ကျင်းပလျက်ရှိရာ လာရောက်လေ့လာ ဆွေးနွေးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**

# အမြို့မြို့အနယ်နယ်၌ ပြည်သူ့စကားဝိုင်းများကျင်းပ

**ရန်ကုန်အရှေ့ပိုင်း**

လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့်ပြုလုပ်သည့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ဇူလိုင် ၂၀ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင် ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်နုက အမှာစကား ပြောကြားပြီး သဃ်န်းကျွန်းမြို့နယ် ပညာရေးမှူး ဦးစိုးစိုးဦး၊ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုမှ ဥက္ကဋ္ဌ ဦးစံရှိန်၊ ရုပ်ရှင်သရုပ်ဆောင် (ကျောင်းသားလူငယ်ထုသံတမန်)ဦးချစ်ချော၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်းမှ ဦးဇော်မိုးတို့က မူးယစ်ဆေးဝါးများ လူငယ်ထုအတွင်း နည်းအမျိုးမျိုးဖြင့် စိမ့်ဝင်စီးဆင်းပျံ့နှံ့နေပုံတို့အပြင် မူးယစ်ဆေးဝါး၏ဆိုးကျိုးများ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ လူမှုဘဝအခြေအနေ အခက်အခဲများနှင့် ဝမ်းနည်းကြေကွဲဖွယ် ဖြစ်ရပ်များကို ဟောပြောဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏မေးမြန်းမှုများအပေါ် ပြန်လည်ဆွေးနွေး ဖြေကြားကြသည်။

အလားတူ ယင်းကဲ့သို့ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲများကို ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်အသီးသီးတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**ပေါက်တော**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ပေါက်တောမြို့နယ် နတ်တောင်ပြင်ကျေးရွာအုပ်စု ကျောက်ဆိပ်ကျေးရွာ ဘုန်းကြီးကျောင်း ဓမ္မာရုံ၌ ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာညွန့်က အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ထွီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက်ဆွေးနွေးကြရာ တက်ရောက်လာသူများက သိလိုသည်များမေးမြန်းဆွေးနွေးမှုကို တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

**ထန်တလန်**

ချင်းပြည်နယ်မြောက်ပိုင်း ထန်တလန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ သဘာဝဘေးအန္တရာယ်လျော့ပါးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီက ထန်တလန် မြို့နယ်ခန်းမ၌ ကျင်းပရာ ဆွေးနွေးပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမှုထန်းဦးဆောင်၍ ပါဝင်ဆွေးနွေးသူများက ကဏ္ဍအလိုက် ဆွေးနွေးပြောကြားကြသည်။

ထို့နောက် တက်ရောက်လာသော ဒေသခံပြည်သူများက သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် ပတ်သက်၍ သိရှိလိုသည်များကိုမေးမြန်းကြကာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ထန်တလန် (ပြန်/ဆက်)**

# မြင်းခြံမြို့နယ် သိမ်တိုင်ကျေးရွာနှင့် ဇလပ်ကုန်းကျေးရွာတို့၌ လျှပ်စစ်မီးရရှိ

**မြင်းခြံ ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် သိမ်တိုင်ကျေးရွာ၌ ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ က ကျေးရွာလျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေး၊ တိုင်းဒေသကြီးဝန်ကြီးများဖြစ်ကြသည့် ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ ဦးဇာနည်အောင်၊ ဒေါက်တာစိုးသန်းနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးလတ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်အေးတို့က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရန်ကုန်မြို့ စိန်ရတနာ ဓမ္မာစရိယစာသင်တိုက် ပဓာနနာယက ဆရာတော် ဦးသာသနက သြဝါဒစကားမိန့်ကြားပြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ ခရိုင်လျှပ်စစ်မန်နေဂျာ ဦးမြသောင်းက ကျေးရွာလျှပ်စစ်မီးလင်းရေးအကြောင်း ရှင်းလင်းတင်ပြခဲ့ပြီး သိမ်တိုင်ကျေးရွာ လျှပ်စစ်မီးလင်းရေးကော်မတီဝင်တစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ယင်းနောက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစိုးဝင်းက လျှပ်စစ်အန္တရာယ်ကင်းဝေးရေး အသိပညာပေးလက်ကမ်းစာစောင်များ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် နံနက် ၁၁ နာရီ ၄၅ မိနစ်က ဇလပ်ကုန်းကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားကျင်းပရာ ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည် ။

ယခုအခါ သိမ်တိုင်ကျေးရွာ၌ ၁၁/၀.၄ ကေဗွီ၊ ၃၁၅ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ ဇလပ်ကုန်းကျေးရွာတွင်လည်း ၁၁/၀.၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးဖြင့် လျှပ်စစ်မီးရရှိခဲ့ပြီး မြင်းခြံမြို့နယ်၌ လျှပ်စစ်မီးရရှိသော ကျေးရွာပေါင်း ၇၀ ရှိပြီဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



# ရှမ်းပြည်နယ်ဝန်ကြီးချုပ် လားရှိုး ပညာရေးကောလိပ် ကျောင်းသားအိပ်ဆောင် ဆောက်လုပ်နေမှုစစ်ဆေး

**လားရှိုး ဇူလိုင် ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် အဆောက်အဦအဖွဲ့(၁၁)မှ တာဝန်ယူ ဆောင်ရွက်ဆောက်လုပ်နေသော (၁၉၆ ဒသမ ၆)ပေ×(၃၇ ဒသမ ၆)ပေ သုံးထပ်ဆောင် ကျောင်းသား ၁၅၀ ဆံ့ ပညာရေးကောလိပ် အိပ်ဆောင် ဆောက်လုပ်ပြီးစီးမှု အခြေအနေများအား ဇူလိုင် ၂၁ ရက်က ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ လားရှိုးမြို့ ပြည်နယ်ဒုတိယ အထွေထွေအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုရာ ရှင်းလင်း ဆောင် ခန်းမ၌ တည်ဆောက်ရေး(၃)၊ အဆောက်အဦ အထူးအဖွဲ့(၁၁) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွယ်နီဝင်းက ရှင်းလင်းကာ ပြည်နယ်ဝန်ကြီး ချုပ်က လိုအပ်သည်များ မှာကြားပြီး အဆောက်အအုံကို လိုက်လံကြည့်ရှု စစ်ဆေးကြကြောင်း သိရှိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက လားရှိုးမြို့တွင်း ရေဖြန့်ဝေပေးလျက်ရှိသော အမှတ်(၄)ရပ်ကွက် ရေကန်တောင်တွင် လားရှိုးမြို့ စည်ပင် သာယာရေးဌာနမှ ရေကန်အမှတ်(၁၇) အား ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ရာ လားရှိုးမြို့နယ် စည်ပင် သာယာရေးအမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးက ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရေကန်အား ကြည့်ရှုကြသည်။

ထို့နောက် နမ့်ခိုက်တောင်တန်း၊ သာသနာရာပြုကျောင်းတိုက်ရှိကျောင်းထိုင် ဆရာတော် ဘဒ္ဒန္တသုစိတ္တ၏ ရုပ်ကလာပ်တော်ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖူးမြော်ကြည်ညိုကြပြီး ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းနှင့် အလှူငွေကျပ်ငါးသိန်း လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# သုခသိဒ္ဓိရပ်ကွက်၌ မူခင်းကြိုတင်ကာကွယ်ရေး အသိပညာပေး

**နေပြည်တော် ဇူလိုင် ၂၁**

ပြည်ထောင်စုနယ်မြေနေပြည်တော် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် ဆောက်လုပ်ရေး (ယာယီ)လုပ်သားမိသားစုဝင်များကို မူခင်းကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ရပ်ကွက်ဓမ္မာရုံတွင် ဇူလိုင် ၂၁ ရက်မွန်းလွဲ ၃ နာရီက ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၉)၊ (၁၀)နယ်မြေ စခန်းမှူးရဲအုပ် နိုင်မိုးက သက်ငယ်မုဒိမ်းမဖြစ် ပေါ်ရန် မိမိတို့၏ ရင်သွေးငယ်သားသမီးများကို ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်းနှင့် ပတ်ဝန်းကျင်အနီးအနားတွင် မသင်္ကာဖွယ်တွေ့ရှိပါက ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ထံသို့ အကြောင်းကြားနိုင်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကြည်ဝင်းက ဆောက်လုပ်ရေး (ယာယီ) လုပ်သားများအနေဖြင့် သက်ဆိုင်ရာမှ ဖယ်ရှားရမည်ဆိုလျှင် အချိန်မရွေးပြောင်းရွှေ့ဖယ်ရှားပေးရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **ကျော်လှိုင်သင်း(နေပြည်တော်)**

# တနင်္သာရီမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူ ၅၀၀၀ ကျော်အတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**တနင်္သာရီ ဇူလိုင် ၂၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန(နေပြည်တော်)မှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်သည် တနင်္သာရီတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု တိုင်းဦးစီးမှူး ဒေါ်ဝင်းစန္ဒာကြည်နှင့် ထားဝယ်ခရိုင်နှင့် မြိတ်ခရိုင် အဆင့် ဦးစီးမှူးများနှင့်အတူ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မြစ်ရေကြီးလျက်ရှိရာ မြို့နယ်အတွင်းမှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ထောက်ပံ့ပေးအပ်ရန်အတွက် ဇူလိုင် ၂၁ ရက် ညနေ ၅ နာရီက တနင်္သာရီခန်းမအတွင်း တွေ့ဆုံဆွေးနွေးခဲ့ကြသည်။




ရှေးဦးစွာ တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က အမှာစကားပြောကြားပြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန (နေပြည်တော်)မှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ပြည်သူ့ဘဏ္ဍာငွေဖြင့် ပြည်သူများအား ထောက်ပံ့ပေးအပ်မည့်အစီအစဉ်နှင့် သဘာဝဘေးဆိုင်ရာ တုံ့ပြန်မှုအစီအစဉ်များကို ပြည်သူလူထုများမှ ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်သဘာဝဘေးဆိုင်ရာ စီမံခန့်မှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လင်းအောင်က မြစ်ရေကြီးမှုအခြေအနေ၊ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီးစီးမှု အခြေအနေနှင့် လိုအပ်ချက်အခက်အခဲများအား ရှင်းလင်းတင်ပြဆွေးနွေးပြီး တိုင်းဒေသကြီးအမှတ်(၂) ကိုယ်စားလှယ် ဦးရဲမြင့်ဆွေ၊ မြိတ်ခရိုင်ဒုတိယအုပ်ချုပ်ရေးမှူး ဦးရည်မွန်တို့နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ ဌာနအလိုက် အခက်အခဲများ၊ ပျက်စီးဆုံးရှုံးမှုများ၊ ကျောင်းများ ပိတ်ထားရသည့် အခြေအနေများအား တင်ပြဆွေးနွေးကြရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

ငင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန(ကိုယ်စား) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်၊ တိုင်းဦးစီးမှူး ဒေါ်ဝင်းစန္ဒာကြည်နှင့် လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်တို့က ရေဘေးသင့် အိမ်ထောင်စုပေါင်း ၁၀၅၅ စုတို့အတွက် အိမ်ထောင်စုတစ်စုလျှင် ငါးသေတ္တာဘူးသုံးဘူးစီနှင့် ရေဘေးသင့်လူဦးရေ ၅၄၇၇ ဦးတို့အတွက် တစ်ဦးလျှင် ဆန်နှစ်ဘူးနှုန်းဖြင့် ခုနစ်ရက်စာကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

ဆက်လက်၍ အဆိုပါအဖွဲ့ဝင်များသည် ချောင်းကြီးရပ်ကွက် ချောင်းကြီးကျောင်းတိုက် ရေဘေးသင့်ယာယီကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြား၍ ငါးသေတ္တာဘူးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## ဗီဒီယိုလုပ်ငန်းများအား စည်းကမ်းသတ်မှတ်ချက်နှင့်အညီ လုပ်ငန်းလိုင်စင်ရယူဆောင်ရွက်ကြပါရန် နှိုးဆော်ခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီအနေဖြင့် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပါ ဗီဒီယိုထုတ်လုပ်ခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ ဗီဒီယိုတည်းဖြတ်ခြင်း၊ ဗီဒီယိုတိပ်ခွေကူးယူခြင်း၊ ဗီဒီယို တိပ်ခွေဖြန့်ချိခြင်း၊ ဗီဒီယိုတိပ်ခွေရောင်းချခြင်း၊ဗီဒီယိုတိပ်ခွေငှားရမ်းခြင်းနှင့်ဗီဒီယိုပြသခြင်းလုပ်ငန်းများ လိုင်စင်မဲ့ မရှိစေရေး၊ သက်တမ်းလွန်မရှိစေရေးနှင့် သတ်မှတ်ထားသော စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရေးတို့အတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရန် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီများသို့ အကြောင်းကြားထားရှိကြောင်းနှင့် ကွင်းဆင်းစစ်ဆေးစဉ် လိုင်စင်မဲ့၊ သက်တမ်းလွန်လိုင်စင်များဖြင့် လုပ်ငန်းဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစွာ စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ၆ လမှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်တစ်ဆယ်သိန်းထက် မပိုသောငွေဒဏ်ကိုလည်း ချမှတ်နိုင်ကြောင်း၊ ထို့ပြင် ပြစ်မှုနှင့်တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ကြောင်း၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၃၂ အား ပြင်ဆင်သတ်မှတ်ထားပြီးဖြစ်ပါသည်။ မိမိဆောင်ရွက်လျက်ရှိသော ဗီဒီယိုလုပ်ငန်းများအား စည်းကမ်းသတ်မှတ်ချက်နှင့်အညီ လုပ်ငန်းလိုင်စင် ရယူဆောင်ရွက်ကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

**ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ၊ ရုပ်ရှင်နှင့်ဗီဒီယိုဆင်ဆာအဖွဲ့၊**
**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန**

## ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာလက်မှတ် အသေးကပ်ထားရန်နှင့် ဆင်ဆာလက်မှတ်အသေးကပ်ထားသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကိုသာ အသုံးပြုရန် နှိုးဆော်ခြင်း

ပြည်တွင်းဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းများမှ ရိုက်ကူးထုတ်ပြန်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ဗီဒီယိုဆင်ဆာအဖွဲ့က စစ်ဆေးခွင့်ပြုပြီးသော မြန်မာဗီဒီယိုဇာတ်လမ်း၊ ကာရာအိုကေသီချင်း၊ ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာအဖွဲ့က ထုတ်ပေးသည့် ခွင့်ပြုအမှတ်စဉ်ပါရှိသော ဗီဒီယိုဆင်ဆာလက်မှတ်အသေးကို ကပ်ထားရမည်ဖြစ်ကြောင်း ရုပ်မြင်သံကြားနှင့်ဗီဒီယို ဥပဒေပုဒ်မ ၂၅(ခ)တွင် ဖော်ပြထားရှိပြီးဖြစ်ပါသည်။ ဆင်ဆာလက်မှတ်အသေးမပါရှိသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း ဆောင်ရွက်သဖြင့် ပြစ်မှုထင်ရှားစွာ စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ၆ လမှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ကိုလည်း ချမှတ်နိုင်ကြောင်း၊ ထို့ပြင် ပြစ်မှုနှင့် တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ကြောင်း၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၃၂ အား ပြင်ဆင်သတ်မှတ်ထားပြီးဖြစ်ပါသည်။ မိမိဆောင်ရွက်လျက်ရှိသော ဗီဒီယိုပြသရေးလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေ ဖြန့်ချိရေးလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေ ငှားရမ်းခြင်းလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေ ကူးယူခြင်းလုပ်ငန်း၊ ဗီဒီယိုကာရာအိုကေ လုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော ဗီဒီယိုတိပ်ခွေများ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာလက်မှတ်အသေးကပ်ထားရန်နှင့် ဗီဒီယိုဆင်ဆာလက်မှတ်အသေးပါရှိသည့် ဗီဒီယိုတိပ်ခွေများ၊ ဗီဒီယိုလေဆာဓာတ်ပြားများကိုသာ အသုံးပြုကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ၊ ရုပ်ရှင်နှင့်ဗီဒီယိုဆင်ဆာအဖွဲ့၊**
**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန**

# မြဝတီမြို့၌ သောင်ရင်းမြစ်ရေ ဝင်ရောက်မှုကြောင့် လူ ၄၀၀ ကျော် ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းထား

မြဝတီ ဇူလိုင် ၂၁

**မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့ အနိမ့်ပိုင်းရပ်ကွက်အချို့၌ ဇူလိုင် ၂၀ ရက်က မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ သောင်ရင်းမြစ်ရေများ ဝင်ရောက်မှုကြောင့် အိမ်ထောင်စု ၈၄ စုမှ လူ ၄၀၀ ကျော်ကို ကယ်ဆယ်ရေးစခန်းသို့ ရွှေ့ပြောင်းထားရကြောင်း သိရသည်။**



ထိုသို့ သောင်ရင်းမြစ်ရေများ စတင်ဝင်ရောက်ရာ အနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် အမှတ်(၂)ရပ်ကွက် သဲပုံဂိတ်နေရာနှင့် အမှတ်(၅)ရပ်ကွက်ရှိ ကျောက်ဖျာဂိတ်နေရာများသို့ ဇူလိုင် ၁၉ ရက် ည ၇ နာရီခန့်က တဖြည်းဖြည်း စတင်ဝင်ရောက်ခြင်းဖြစ်ကာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ ကရင်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် အသင်းအဖွဲ့များက ပြည်သူများကို အမှတ်(၅)ရပ်ကွက် ကျွန်းတောဈေးသို့ ရွှေ့ပြောင်းပေးခဲ့ခြင်း ဖြစ်သည်။

ယခုလက်ရှိအနေဖြင့် ရေဘေးကယ်ဆယ်ရေးစခန်းအဖြစ် အမှတ်(၅)ရပ်ကွက် ကျွန်းတောဈေးတွင် တစ်ခု၊ ကိုးနဝင်း ဘုန်းကြီးကျောင်းတွင် တစ်ခု စုစုပေါင်း နှစ်နေရာ ဖွင့်လှစ်ထားခြင်းဖြစ် ကာ ရေဘေးသင့်မိသားစုများအတွက် တပ်မတော် ဆေးအဖွဲ့၊ ခရိုင်ကျန်းမာရေး ဦးစီးဌာနမှ ဝန်ထမ်းများက ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် နေထိုင်ရေးနှင့် စားသောက်ရေးတို့ကိုပါ တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

အမှတ်(၅) ကျွန်းတောဈေးရေဘေးစခန်းသို့ နယ်မြေခံတပ်များမှ ဗိုလ်မှူးချုပ်အောင်နိုင်ဦး၊ ဗိုလ်မှူးကြီး နိုင်အောင်၊ ဒုတိယဗိုလ်မှူးကြီး အောင်ကိုသွင်တို့က ဇူလိုင် ၂၁ ရက် နံနက်ပိုင်းတွင် ရောက်ရှိပြီး ရေဘေးရှောင် ပြည်သူများကို တွေ့ဆုံအားပေးကာ ဆန်အိတ် ၂၀၊ ပဲ နှစ်အိတ်၊ ခေါက်ဆွဲ ခြောက် ၂၅ ဖာ၊ ဆီ ၁၀ ပိဿာ ၁၀ ပုံး၊ ကြက်ဥကတ် ၃၀၊ ရေသန့်ဘူးကြီး ၁၅ ကတ်၊ ဘူးသေး ၃၇ ကတ်တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

အလားတူ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ ကရင်ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက ရေဘေးကယ်ဆယ်နေမှု အခြေအနေများ၊ ကယ်ဆယ်ရေးစခန်းများတွင် နေရာချထားမှု၊ စားသောက်ရေးနှင့် ကျန်းမာရေးအခြေအနေများနှင့် သောင်ရင်းမြစ်ရေ၏ အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(မြန်/ဆက်)**

# ပင်လယ်ရေလှိုင်းရိုက်ခတ်မှုကြောင့် လယ်မြေများ ရေတိုက်စားခံရသည့်အပြင် ပင်လယ်ရေဝင်ရောက်မှုများကြောင့် စိုက်ခင်းများပျက်စီး



**ပင်လယ်ရေတိုက်စားခံရ၍ ပျက်စီးသွားသည့် လယ်မြေအချို့ကို တွေ့ရစဉ်။**

**ဟိုင်းကြီးကျွန်း ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ချောင်းဝကျေးရွာအုပ်စု ချောင်းဝကျေးရွာ၏ အနောက်ဘက်ပင်လယ်ကမ်းခြေတွင် ယခုရက်ပိုင်းအတွင်း ပင်လယ်ရေလှိုင်းရိုက်ခတ်မှုကြောင့် သဲသောင်ခုံများ ရေတိုက်စားခဲ့ပြီး လယ်မြေဧက ၄၀ ခန့် ဆက်လက်ရေတိုက်စားခဲ့ကာ လယ်မြေဧက ၄၀ ခန့်အတွင်းသို့ ပင်လယ်ရေဝင်ရောက်ခဲ့၍ စိုက်ပျိုးပြီး စပါးခင်းများပျက်စီးကာ ဒေသခံတောင်သူအချို့ အခက်တွေ့နေကြောင်း သိရသည်။

ချောင်းဝကျေးရွာတွင် လယ်မြေထိခိုက်ပျက်စီးမှုနှင့် ကြုံတွေ့နေရသော တောင်သူ ၁၀ ဦးခန့်ရှိပြီး ဇွန်လမှ ယခု ဇူလိုင်လအထိ လယ်မြေများ ပင်လယ်ရေလှိုင်းရိုက်ခတ်မှုဒဏ် သုံးကြိမ် ခံခဲ့ရသော်လည်း တောင်သူများ အကြိမ်ကြိမ်ပြန်လည်ပြင်ဆင်စိုက်ပျိုးခဲ့ကြကြောင်း၊ ပျိုးခင်းများ၊ စိုက်ခင်းများ အကြိမ်ကြိမ်ပျက်စီးခဲ့သည့်အတွက် မျိုးစပါး လက်ကျန်မရှိတော့သည့်အပြင် ယခုအချိန်မှ ထပ်မံစိုက်ပျိုးပါက ရာသီချိန်မမီတော့သည့်အတွက် အခက်ကြုံနေရကြောင်း ချောင်းဝကျေးရွာနေ တောင်သူ ဦးစိုးမြင့်က ပြောသည်။

ယခုရက်ပိုင်းအတွင်း ပင်လယ်ရေလှိုင်းရိုက်ခတ်မှုကြောင့် သဲသောင်ခုံအပါအဝင် လယ်မြေစုစုပေါင်း ကိုက်တစ်ရာခန့် ပင်လယ်ရေတိုက်စားသွားကြောင်း၊ ယခင်နှစ်များ၌ ပင်လယ်ရေတိုက်စားမှုများရှိသော်လည်း သဲသောင်ခုံများ ပြန်လည်ဖြစ်ထွန်းသည့်အတွက် လယ်မြေထိခိုက်မှု မရှိကြောင်း၊ ယခုနှစ်တွင် သဲသောင်ခုံ ပြန်လည်ဖြစ်ထွန်းခြင်းမရှိတော့ဘဲ လယ်မြေများကိုပါ ပင်လယ်ရေတိုက်စားမှုများ ရှိလာကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးခဲ့ရသူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

**သထုံ ဇူလိုင် ၂၁**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း ရုတ်တရက် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးခဲ့ရသူများအား ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက ပြည်နယ်လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများက နန်းခဲရပ်ကွက် အဘယရာမကျောင်းတိုက်၌ ကယ်ဆယ်ရေးပစ္စည်းများကို သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြသည်။



အခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်း၊ ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းရွှေနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်တို့က နေအိမ်ပျက်စီးခဲ့ရသူများအား အားပေးစကားများ ပြောကြားပြီး ပျက်စီးခဲ့သည့် နေအိမ်ခြောက်လုံးအတွက် ကယ်ဆယ်ရေး ပစ္စည်း ၁၁ မျိုးပါ ပုံးခြောက်လုံးနှင့် ပြိုကျခဲ့သည့် နေအိမ်တစ်လုံးအတွက် ပစ္စည်း ၁၇ မျိုးပါ ပုံးတစ်လုံး၊ အိမ်ဆောက်ပစ္စည်းနှင့် ဆန်ဖိုးအတွက် ထောက်ပံ့ငွေကျပ် ၇၈၆၁၀၀ နှင့် ခေတ်ကြိုးပြတ်ကျရာမှ ခေတ်လိုက်သေဆုံးခဲ့သည့် ကျောင်းသူတစ်ဦးအတွက် ငွေကျပ် ၃၀၀၀၀၀ တို့ကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့သည်။

လေပြင်းရုတ်တရက် တိုက်ခတ်မှုကြောင့် ဇူလိုင် ၂၀ ရက် ည ၈ နာရီခန့် က သထုံမြို့နယ်အတွင်းရှိ လိပ်အင်းရပ်ကွက်မှ မူလတန်းကျောင်းတစ်ကျောင်းနှင့် လူနေအိမ်တစ်လုံး၊ နန်းခဲရပ်ကွက် ကွက်သစ်ရပ်မှ လူနေအိမ်သုံးလုံးနှင့် မြေနီကုန်းကျေးရွာမှ လူနေအိမ် သုံးလုံး ပျက်စီးခဲ့ပြီး နန်းခဲရပ်ကွက် ကွက်သစ် ၁ လမ်းအနီးတွင် သစ်ပင်များ ပြိုလဲပြီး ဓာတ်အားကြိုးလိုင်းပေါ် သစ်ကိုင်းကျိုးကျ၍ ဓာတ်ကြိုးပြတ်ကျရာမှ အသက် ၁၂ နှစ်အရွယ် ကျောင်းသူတစ်ဦး ဓာတ်လိုက်သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ရာသို့ ပြည်နယ်လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများ၊ သထုံမြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးခဲ့ရသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ကြာအင်းဆိပ်ကြီးမြို့၌ ဇမိမြစ်ရေလျှံကာ မြေနိမ့်ပိုင်းရှိနေအိမ်များ ရေဝင်ရောက်

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၂၁**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ယနေ့အချိန်ထိ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဇမိမြစ်ရေလျှံကာ ကြာအင်းဆိပ်ကြီးမြို့ပေါ် အမှတ်(၆)ရပ်ကွက်ရှိ မြေနိမ့်ပိုင်းနေအိမ်များတွင် ရေများဝင်ရောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေများ ဝင်ရောက်လျက်ရှိသော နေအိမ်များမှ မိသားစုများသည် ရေလွတ်ရာ နေရာများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိပြီး ရေကြီးရေလျှံမှုကြောင့် အိမ်ထောင်စု ၆၁ စု၊ လူဦးရေ ၂၆၁ ဦး တို့က ရေလွတ်ရာ ဗိုလ်တဲတွင် အိမ်ထောင်စု ၃၀၊ ရော်ဘာခြံကုန်းတွင် ၁၅ စု၊ မူလတန်းကြိုကျောင်းတွင် လေးစု၊ အခြားဆွေမျိုးနီးစပ်ရာများတွင် ၁၂ စုတို့သည် ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

**မျိုးမင်းဦး(မြန်/ဆက်)**

# ဖျာပုံခရိုင် အမာမြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့

**ဖျာပုံ ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့နယ်အတွင်းရှိ ဇူလိုင် ၂၀ ရက်က လေဘေးသင့်ခဲ့ကြသော ပြည်သူများအား ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီတွင် ဖျာပုံခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် တာဝန်ရှိသူများက ကယ်ဆယ်ရေး ပစ္စည်းများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၂၀ ရက် နံနက် ၄ နာရီခွဲခန့်က လေဆင်နှာမောင်းတိုက်ခတ်ခဲ့မှုကြောင့် အမာမြို့နယ် ဘဝသစ်ကျေးရွာအုပ်စု ခတ္တာကျွန်းကျေးရွာနှင့် အမာမြို့နယ် ၁ ရပ်ကွက်အတွင်းတို့၌ စုစုပေါင်း နေအိမ် ၂၁ လုံး ပြိုကျပျက်စီးခဲ့ပြီး နေအိမ် ခုနစ်လုံး ယိုင်လဲသွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် နေအိမ်ပြိုလဲ ပျက်စီးသွားခဲ့သော အိမ်ထောင်စု ၂၈ စု အတွက် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ပုံးများ၊ အိမ်ဆောက်ပစ္စည်း တန်ဖိုးငွေကျပ် ၂၁ သိန်း ၄ သောင်းနှင့် ဆန်ရိက္ခာ ၇၇ ရက်စာ ထောက်ပံ့ပေးခဲ့သည်။

အဆိုပါ လေဘေးကြောင့် အမာမြို့နယ်အတွင်းရှိ အိမ်ထောင်စု ၂၈ စုမှ လူဦးရေ ၁၂၆ ဦး လေဘေးသင့်ခဲ့ပြီး အဆိုပါ ခတ္တာကျွန်းကျေးရွာသည် ကျွန်းသီးသန့်အဖြစ်တည်ရှိနေရာ သဘာဝဘေးအန္တရာယ် ကျရောက်လွယ်သည့် ဒေသတစ်ခုအဖြစ် မြင်တွေ့နေရကာ အိမ်ထောင်စုသုံးရာကျော် ကျွန်းပေါ်တွင် မှီခိုနေထိုင်ကြကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်

**နေပြည်တော် ဇူလိုင် ၂၁**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီ လျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် ကိုးပေမှ ၁၄ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ရေးမြို့၌ မိုးသည်းထန်မှုကြောင့် နေအိမ်များ နစ်မြုပ်

**ရေး ဇူလိုင် ၂၁**

ရေးမြို့နယ်၌ ဇူလိုင် ၁၉ ရက် ညပိုင်းမှစ၍ မိုးသည်းထန်စွာ ရွာသွန်းပြီး မြစ်ရေကြီးမှုကြောင့် ချောင်းတောင်ကျေးရွာ အရှေ့ပိုင်း အိမ်ခြေ ၂၀၀ ရှိ မိသားစုများကို ရေလွတ်ရာသို့ ရွှေ့ပြောင်းထားပြီး ရန်ကြီးအောင်၊ ရန်မျိုးအောင်ရပ်ကွက် မြေနိမ့်ပိုင်းရှိ အိမ်ခြေ ၂၁၀ ခန့်ရှိ လူဦးရေ ၈၄၀ တို့ကို ရေးမြို့မအားကစားရုံ၌ ယာယီ ရွှေ့ပြောင်းထားကြောင်း သိရသည်။

**မြို့နယ်(မြန်/ဆက်)**



# မြန်မာနိုင်ငံကြက်ခြေနီအသင်း အကြိမ် (၈၀) မြောက် ဗဟိုကောင်စီအစည်းအဝေး ကျင်းပမည်

**နေပြည်တော် ဇူလိုင် ၂၁**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အကြိမ် (၈၀)မြောက် ဗဟိုကောင်စီအစည်းအဝေးကို ဇူလိုင် ၂၅ ရက်မှ ၂၆ ရက်ထိ နေပြည်တော်ရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဌာနချုပ် စုဝေးခန်းမ၌ကျင်းပမည်ဖြစ်သည်။ အဆိုပါ အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း အမှုဆောင်အဖွဲ့ဝင်များ၊ ဗဟိုကောင်စီဝင်များ၊ လူငယ်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






မွန်ပြည်နယ် မော်လမြိုင်ခရိုင်အုပ်ချုပ်ရေးမှူး ဒိုင်းဖလားကို နှစ်နှစ်ဆက်တိုက်ဆွတ်ခူးနိုင်ခဲ့သော ရေးမြို့နယ်ဘောလုံးအသင်းမှ ကစားသမားများအား ဇူလိုင် ၂၁ ရက်က ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများက ပန်းစည်းများဖြင့် ကြိုဆိုဂုဏ်ပြုကြစဉ်။ နေမျိုးထွဋ် (ရေး)

# MNL ပွဲကျန်တွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက် အိမ်ကွင်း၌ သရေကျ

**ရန်ကုန် ဇူလိုင် ၂၁**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၃) မှ ရွှေ့ဆိုင်းထားသည့် လက်ကျန်ပွဲများကို ယနေ့ညနေပိုင်းက ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း အိမ်ကွင်း၌ သရေကျခဲ့သည်။

တောင်ကြီးကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ဇွဲကပင်အသင်း တစ်ဂိုးစီ သရေကျခဲ့သည်။ လက်ရှိချန်ပီယံရှမ်းယူနိုက်တက်အသင်းသည် ထိပ်ဆုံးမှ ရန်ကုန်အသင်းကို ဖိအားပေးရန် ကြိုးစားနေသော်လည်း မထင်မှတ်သည့်သရေပွဲကြောင့် ချန်ပီယံဆု ကာကွယ်နိုင်ရန် အခွင့်အရေးနည်းပါးသွားခဲ့သည်။

ဇွဲကပင်အသင်းသည် ရှမ်းယူနိုက်တက်အသင်း၏ ချန်ပီယံမျှော်လင့်ချက်ကို နောက်ဆုံးမိနစ်ဂိုးဖြင့် အမှတ်ခွဲယူခဲ့ခြင်းဖြစ်သည်။ ဇွဲကပင်အသင်းသည် ရှမ်းယူနိုက်တက်အသင်းကို ပထမအကျော့တွင် သရေကစားနိုင်ခဲ့သလို နှစ်ကျော့စလုံး သရေကစားနိုင်ခဲ့ခြင်း ဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ဇွဲကပင်အသင်း၏ ကစားပုံမာကျောမှုကြောင့် ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ ကစားရသော်လည်း ခက်ခက်ခဲခဲကစားခဲ့ရသည်။

ရှမ်းယူနိုက်တက် အသင်းသည် မဖြစ်မနေအနိုင်ရရန် ကြိုးပမ်းခဲ့သော်လည်း ဇွဲကပင်နောက်တန်းကို မကျော်နိုင်၍ ဂိုးရရန်ခက်ခဲခဲ့သည်။ မိနစ် ၃၀ တွင် တိုက်စစ်မှူး ခရစ္စတိုဖာ အပိုင်ကန် ခွင့်ရသော်လည်း လွဲချော်ခဲ့၍ ရှမ်းယူနိုက်တက်အသင်း နစ်နာခဲ့ရသည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းကစားသမားများ အပြောင်းအလဲလုပ်ခဲ့သလို ဂိုးရရန် တိုက်စစ်အားမြှင့်လာခဲ့သည်။

ရှမ်းယူနိုက်တက်အသင်း၏ သေချာပေါက်ဂိုးသွင်းခွင့်အချို့ကို ဇွဲကပင်ဂိုးသမား နိုင်ဇေယျာထွန်း ကာကွယ်နိုင်ခဲ့သည်။ နာကျင်အချိန်ပိုတွင် ရှမ်းယူနိုက်တက်အသင်းဂိုးရခဲ့ပြီး တိုက်စစ်မှူး ဒွေးကိုကိုချစ်က ခေါင်းတိုက်သွင်းခဲ့ခြင်းဖြစ်သည်။

သို့သော် ရှမ်းယူနိုက်တက်အသင်းသည် ယင်းဂိုးအား ထိန်းထားနိုင်ခြင်းမရှိဘဲ ၉၀+၅ မိနစ်တွင် သန်းထက်အောင်က ဇွဲကပင်အတွက် ချေပဂိုးပြန်သွင်းခဲ့သည်။



ရှမ်းယူနိုက်တက်တိုက်စစ်မှူး ခရစ္စတိုဖာ၏ဂိုးသွင်းရန်ကြိုးပမ်းမှုကို ဇွဲကပင်ဂိုးသမား နိုင်ဇေယျာထွန်း ကာကွယ်နေစဉ်။

ပုသိမ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ဧရာဝတီအသင်းက ရတနာပုံအသင်းကို နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဧရာဝတီအသင်းသည် နိုင်ပွဲပျောက်ဆုံးမှုအား အဆုံးသတ်နိုင်ခဲ့ပြီး ၃၆ မိနစ်တွင် သီဟဇော်၊ ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် အယ်လာပက်ထရစ်က သွင်းယူခဲ့သည်။ ရတနာပုံအသင်းအတွက် ချေပဂိုးကို ၄၁ မိနစ်တွင် ဇော်ရဲထွန်းက သွင်းယူပေးခဲ့သည်။

ပွဲစဉ် (၁၃) မှ လက်ကျန်ပွဲဖြစ်သည့် ရန်ကုန်နှင့် ဟံသာဝတီပွဲကို ဇူလိုင် ၂၂ ရက် **(ယနေ့)**တွင် YUSCကွင်း၌ ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**

# အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲတွင် မြန်မာကလပ် MIC အသင်း တတိယဆုရရှိ

**ရန်ကုန် ဇူလိုင် ၂၁**

၂၀၁၈ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ တတိယလုပွဲနှင့် ဗိုလ်လုပွဲ ကို ယနေ့ညနေပိုင်းက အင်ဒိုနီးရှားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာကလပ် MIC အသင်း တတိယဆုရရှိခဲ့သည်။

တတိယလုပွဲတွင် MIC အသင်းသည် အိမ်ရှင်အင်ဒိုနီးရှားကလပ် SKN အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး သုံးဂိုးစီ သရေကျနေ၍ ပယ်နယ်တီဖြင့် ဆုံးဖြတ်ခဲ့ရသည်။ ပယ်နယ်တီကန်ရာတွင် MIC အသင်းက ၁၁ ဂိုးဝင်ပြီး SKN အသင်းက ၁၀ ဂိုးသာဝင်သောကြောင့် MIC အသင်းက စုစုပေါင်းဂိုးရလဒ် ၁၄ ဂိုး-၁၃ ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဗိုလ်လုပွဲတွင် ထိုင်းကလပ် ဗန်ကောက် BTS အသင်းက ဩစတြေးလျကလပ် East Coast Heat အသင်းကို ခုနစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ MIC အသင်းသည် ယင်းပြိုင်ပွဲတွင် ၂၀၁၅၊ ၂၀၁၆ နှင့် ယခု ၂၀၁၈ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ သုံးကြိမ်စလုံး တတိယဆုရခဲ့သည်။ **ရဲရင့်ရှိုင်း**

✳ *ကျော့ဖုံးမှ*

မြန်မာ ယူ-၁၆ အသင်းအတွက် ဂိုးများကို ၃၅ မိနစ်တွင် ငြိမ်းဇေယျာ၊ ၃၇ မိနစ်တွင် ပြည့်ဖြိုးအောင်၊ ၈၃ မိနစ်တွင် ဇော်ဝင်းသိန်း၊ ၈၄ မိနစ်တွင် လမင်းထွေးတို့က သွင်းယူခဲ့သည်။

မြန်မာ ယူ-၁၆ အသင်းသည် ၂၀၁၈ အာဆီယံ ယူ-၁၆ ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် သွားရောက်ခြင်းဖြစ်ပြီး ဒုတိယခြေစမ်းပွဲအဖြစ် ဇူလိုင် ၂၃ ရက်တွင် ထိုင်း ယူ-၁၆ လူငယ်လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

● *ကျော့ဖုံးမှ*

၆၃ ဒသမ ၅ ကီလိုတန်းတွင် သပြေညို (Adventure)က စောလှမင်း(မြိုင်ကလေးဘီလပ်မြေစက်ရုံ)ကို ဒုတိယအချီ ၁ မိနစ် ၂၅ စက္ကန့်တွင် အလဲထိုးဖြင့်အနိုင်ရခဲ့ပြီး အောင်မင်းထွန်း (တောင်ကလေး)နှင့် စောသဲထူး (STL)တို့ပွဲတွင် ဒုတိယအချီ ၄၄ စက္ကန့်မှာပင် အောင်မင်းထွန်း(တောင်ကလေး)က အလဲထိုးဖြင့် အနိုင်ရခဲ့သည်။ တစ်ဖန် သွေးသစ်မောင်(အဖြူရောင်သွေးသစ်)နှင့် သားဒိန်း(ဖိုးရာဇာ)တို့ပွဲတွင် သွေးသစ်မောင်က ဒုတိယအချီ ၁ မိနစ် ၅၃ စက္ကန့်မှာပင် အလဲထိုးဖြင့်အနိုင်ရခဲ့ကာ နောက်တစ်ဆင့်သို့ တက်လှမ်းသွားခဲ့သည်။

၆၇ ကီလိုတန်း၌ တွဲဆိုင်းလေးဆိုင်း ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်ရာ အောင်ဟိန်း(သုံးပန်လှ)က စောဇာနည် (Adventure)ကို နောက်ဆုံးအချီ ၅၄ စက္ကန့်မှာပင် ဒဏ်ရာအနာတရဆေးရှုံးဖြင့် အနိုင်ရခဲ့ပြီး ချိုင်းထူး(နဂါးမာန်)က မျိုးဇော်ထွန်း(ဇာတိမာန်)ကိုဒုတိယအချီ ၂ မိနစ် ၀၈ စက္ကန့်မှာပင် ဘယ်ဝိုက်လက်သီးဖြင့် ပွဲသိမ်းအနိုင်ယူခဲ့သည်။ အလားတူ စောမင်းအောင် (တောင်ကလေး)နှင့် ထွန်းနိုင်ဦး (STL) တို့ပွဲတွင် ပထမအချီ၌ သူတစ်ပြန်ကိုယ်တစ်ပြန် အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း ဒုတိယအချီ ၂ မိနစ်တွင် ထွန်းနိုင်ဦးအလဲထိုးခံလိုက်ရ၍ စောမင်းအောင် နောက်တစ်ဆင့်သို့ တက်လှမ်းသွားခဲ့သည်။

ကျားပေါက် (ရန်စစ်ငြိမ်း)နှင့် အောင်ခိုင် (မြိုင်ကလေးဘီလပ်မြေစက်ရုံ)တို့ပွဲတွင်လည်းပထမအချီ၌ လက်ဝှေ့သမ္ဘာရင့် ကျားပေါက်ကို မျိုးဆက်သစ်လက်ဝှေ့ကျော် အောင်ခိုင်က အန်တုကာယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း ဒုတိယအချီ ၁၅ စက္ကန့်တွင် အလဲထိုးဖြင့် အရှုံးပေးလိုက်ရသဖြင့် ကျားပေါက်ဆီမီးဖိုင်နယ်သို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

ဝိတ်တန်းမြင့် ၇၁ ကီလိုတန်းပြိုင်ပွဲများတွင် ရှမ်းကို (AMT)နှင့် မင်းမောင်မောင် (တောင်ကလေး)တို့ ယှဉ်ပြိုင်ထိုးသတ်ရာ၌ လက်ဝှေ့သမ္ဘာရင့်များပီပီ အေးဆေးတည်ငြိမ်စွာ ယှဉ်ပြိုင်ထိုးသတ်ကစားခဲ့သဖြင့် ငါးချီပြည့်ခဲ့သော်လည်းတစ်ဖက်နှင့်တစ်ဖက် အလဲထိုးအရှုံးအနိုင်မပေါ်ခဲ့၍ အမှတ်ဖြင့်ဆုံးဖြတ်ရာ ရှမ်းကိုအနိုင်ရခဲ့သည်။

အလားတူ သွေးသစ်ဝင်းလှိုင်(Adventure) နှင့် မင်းထက်အောင် (ရွှေသထုံ) တို့ပွဲတွင် ပထမအချီ၌ မင်းထက်အောင်က လက်ဝှေ့အတွေ့အကြုံရင့် သွေးသစ်ဝင်းလှိုင်ကို သူတစ်ပြန်ကိုယ်တစ်ပြန် အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်နိုင်ခဲ့သော်လည်းလိမ်မာပါးနပ်သော သွေးသစ်ဝင်းလှိုင်က အရှောင်အတိမ်းများဖြင့် ကစားရင်း ဒုတိယအချီ မိနစ် ၄၀အရောက်တွင် ဟန်ချက်ပျက်သွားသောပြိုင်ဘက် မင်းထက်အောင်အပေါ် အခွင့်ကောင်းယူကာ ပွဲသိမ်းအနိုင်ယူပြီး နောက်တစ်ဆင့်သို့ တက်လှမ်းသွားသဖြင့် ရှမ်းကို (AMT) နှင့် ထိပ်တိုက်တွေ့ဆုံယှဉ်ပြိုင်ထိုးသတ်ကာ ရွှေခါးပတ်ချန်ပီယံဆုကိုလုရတော့မည်ဖြစ်သည်။

ဇူလိုင် ၂၂ ရက် **(ယနေ့)** တွင် ဒုတိယနေ့ကွာတားဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ရာအထူးစိန်ခေါ်ပွဲအနေဖြင့် ရိုးရာလက်ဝှေ့လောကမှ နှစ်နှစ်ဝန်းကျင် ပြိုင်ပွဲများနှင့် အဆက်ပြတ်ဝေးကွာသွားခဲ့သော လက်ဝှေ့ကျော် ထွန်းထွန်းမင်းနှင့် ထိုင်းဖိုက်လက်ဝှေ့ကျော် ဆိုင်းယော့တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**



၇၁ ကီလိုတန်းမှ ရှမ်းကို (AMT)နှင့် မင်းမောင်မောင်(တောင်ကလေး)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

# ၂၀၁၈ ခုနှစ် အင်တာနေရှင်နယ် ချန်ပီယံဖလား ပြိုင်ပွဲများ စတင်၊ ဒေါ့မွန်က မန်စီးတီးကို အနိုင်ယူ

၂၀၁၈ ခုနှစ်အင်တာနေရှင်နယ် ချန်ပီယံဖလားပြိုင်ပွဲများကို ဇူလိုင် ၂၁ ရက် စနေနေ့ညပိုင်းတွင် စတင်ယှဉ်ပြိုင်ခဲ့ပြီး အစောဆုံးပွဲစဉ်အဖြစ် အင်္ဂလန်ကလပ် မန်စီးတီးနှင့် ဂျာမန်ကလပ်ဒေါ့မွန်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဒေါ့မွန်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ဥရောပထိပ်သီးကလပ်အသင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံတကာချန်ပီယံ ဖလားပြိုင်ပွဲတွင် အသင်း ၁၈ သင်းပါဝင်ခဲ့သည်။ အမေရိကန်နိုင်ငံ ချီကာဂိုမြို့တွင် ယှဉ်ပြိုင်ခဲ့သည့် မန်စီးတီးနှင့် ဒေါ့မွန်ပွဲတွင် ပွဲချိန် ၂၈ မိနစ်၌ ရရှိခဲ့သည့် ပယ်နယ်တီ ပြစ်ဒဏ်ဘောကို ဂေါ့ဇီက ဒေါ့မွန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးသွင်းယူပေးခဲ့သည်။ မန်စီးတီးအသင်းချေပဂိုး ပြန်လည်မသွင်းယူနိုင်ခဲ့ဘဲ ပွဲဦးထွက်ရှုံးနိမ့်ခဲ့ရသည်။

တခြားပွဲစဉ်တစ်ပွဲအဖြစ် ဩစတြီးယားနိုင်ငံ ကလာဂန်ဖတ်မြို့တွင် ယှဉ်ပြိုင်ခဲ့သော ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်နှင့် ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းတို့ပွဲတွင် ဘိုင်ယန်မြူးနစ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပွဲချိန် ၃၁ မိနစ်တွင် တီမိုသီဝေ့က ပီအက်စ်ဂျီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပထမပိုင်းကို ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်း မိနစ် ၆၀ တွင် ဘိုင်ယန်မြူးနစ်အတွက် ချေပဂိုးကို မာတီနက်ဇ်က သွင်းယူခဲ့ပြီး အနိုင်ဂိုးများကို ပွဲချိန် ၆၈ မိနစ်တွင် ရီနာတိုဆန်ချက်ဇ် နှင့် ၇၈ မိနစ်တွင် ဂျိုချူအာဇာရက်ဇီးက သွင်းယူခဲ့၍ ဘိုင်ယန်မြူးနစ်တို့ ပွဲဦးထွက် သုံးမှတ်ရရှိခဲ့သည်။

၂၀၁၈ နိုင်ငံတကာ ချန်ပီယံဖလားတွင် ပါဝင်ခဲ့သော ထိပ်သီးအသင်းများမှာ ဘိုင်ယန်မြူးနစ်၊ ဒေါ့မွန်၊ အေစီမီလန်၊ အာဆင်နယ်၊ အက်သလက်တီကို၊ ဘာစီလိုနာ၊ ဘင်ဖီကာ၊ ချယ်လ်ဆီး၊ အင်တာမီလန်၊ ဂျူဗင်တပ်စ်၊ လီဗာပူး၊ လိုင်ယွန်၊ မန်ယူ၊ ရီးရဲမက်ဒရစ်၊ ရိုးမား၊ စပါး၊ မန်စီးတီးနှင့် ပီအက်စ်ဂျီအသင်းတို့ ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ ယင်းအသင်းများသည် နိုင်ငံ ၁၁ နိုင်ငံတွင် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းနိုင်ငံများမှာ ဩစတြီးယား၊ အင်္ဂလန်၊ ပြင်သစ်၊ အီတလီ၊ ပိုလန်၊ ပေါ်တူဂီ၊ စင်ကာပူ၊ စပိန်၊ ဆွီဒင်၊ ဆွစ်ဇာလန်နှင့် အမေရိကန်တို့တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ချန်ပီယံဖလားတွင် ဂျာမန်ကလပ် နှစ်သင်းဖြစ်သော ဘိုင်ယန်မြူးနစ်နှင့် ဒေါ့မွန်အသင်းတို့ ရမှတ်သုံးမှတ်စီ ရရှိထားသည်။

ဇူလိုင် ၂၃ ရက် တနင်္လာနေ့နံနက် ၂နာရီ ၃၅မိနစ်တွင် အင်္ဂလန်ကလပ် လီဗာပူးနှင့် ဂျာမန်ကလပ်ဒေါ့မွန်တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**သီဟ**

## မြန်မာ့ရုပ်မြင်သံကြား

၂၂-၇-၂၀၁၈ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - လှေလာစရာစုံလင် အမိမြန်ပြည်တစ်ခွင် (ထူးမြတ်သာယာ လက်ဆေးကန်တော်မဟာ)
- ၉း၁၀ - ဇာတ်လမ်းအတိုအထွာပြုံးစရာ **အနိုင်ကျင့်တာ ဒို့လက်မခံ**
- ၉း၂၀ - **မြန်မာနိုင်ငံရှိလူကုန်ကူးခံရသူများအတွက် အခွင့်အရေးနှင့် ပြစ်မှုတရားစီရင်ရေး လုပ်ထုံးလုပ်နည်းများ**
- ၉း ၃၅ - MRTV Travelogue
- ၁၀း၀၀ - Sunday Talk
- ၁၁း၃၅ - ကျန်းမာရေး မဂ္ဂဇင်း **ကျန်းမာရေးနှင့် ပတ်သက်ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ပြည်သူများသိသင့်သောအခြေခံအချက်များ**
- ၁၂း၃၀ - The Week's Special Interest
- ၁၂း၄၅ - မြန်မာ့ဂန္တဝင် ရုပ်ရှင် **ချစ်လာတတ်သော နှလုံးသား** (ညွန့်ဝင်း၊နွဲ့နွဲ့မူ) (ဒါရိုက်တာ-မောင်လှဝေ)

**ညပိုင်း**

- ၁၅း၁၅ - **Myanmar National League 2018 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (Yangon United FC Vs Hantharwady United FC)**
- ၁၈း၂၀ - လှေလာစရာစုံလင် အမိမြန်ပြည်တစ်ခွင် **ကရင်တိုင်းရင်းသားတို့၏ ရိုးရာ လက်မှုပညာ**
- ၁၈း၃၅ - **သဘာဝအလှတရားများရှိရာ ပိုးအင်ရွာ**
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြွေးမပြေ** (အပိုင်း -၈)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အအခြေအနေ
- ၂၀း၃၅ - In&Out ချင်းမိုင်၊ချင်းရိုင် **ခရီးစဉ်** ( အပိုင်း-၁) (လေးဖြူနှင့် အဖွဲ့)
- \- နိုင်ငံခြားဇာတ်လမ်းတွဲ **အကယ်၍သာ** (အပိုင်း-၅)
- \- သုဝဏ္ဏသာမ ဇာတ်တော်ကြီး (ဒုတိယပိုင်း)

## ရွှေကူမြို့နယ်၌ ငွေကျပ် သိန်း ၂၆၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ရွှေကူ ဇူလိုင် ၂၁**

ကချင်ပြည်နယ် ရွှေကူမြို့နယ် စက္ကလာချောင်းအနီး နန့်ကျင်နီ တဲဖြူ ဝါးခုတ်စခန်း၌ ဇူလိုင် ၂၀ ရက် နံနက် ၇ နာရီက ငွေကျပ်သိန်း ၂၆၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေကူမြို့မရဲစခန်းမှူး ဒုတိယရဲမှူးဟန်မွှေး ဦးစီးသော နယ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်အောင်မင်းနှင့် ခရိုင်မှုခင်းနှိမ်နင်းရေးမှုရဲတပ်ကြပ်ညီဇင်လင်းတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရွှေကူမြို့နယ် စက္ကလာချောင်းအနီး နန့်ကျင်နီ တဲဖြူ ဝါးခုတ်စခန်းတွင် နေထိုင်သူ ဒေါ်တင်မြလေး၏ ကုန်စုံဆိုင်အတွင်းသို့ ဝင်ရောက်ရှာဖွေရာ ဘိန်းစိမ်းလေးထုပ် (ဘိန်းစိမ်းအလေးချိန် ၄ ဒသမ ၈၉၉ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ နှင့် ဘိန်းဖြူဆပ်ပြာခွက် ၃၁ ခွက် (ဘိန်းဖြူအလေးချိန် ၃၉၈ ဂရမ်)၊ ငွေကျပ်၆၄၃၀၀၀နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်တင်မြလေး(၅၃ နှစ်) အမှတ်(၂)ရပ်ကွက် စေတီကုန်းရပ်နေသူကို ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကျော်သူဆန်း(ပြန်/ဆက်)**



ဒေါ်တင်မြလေးအားဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## လောင်းကစားပြုလုပ်သည့် ထိုင်းနိုင်ငံသားသုံးဦးကို တာချီလိတ်၌ ဖမ်းဆီးရမိ

**တာချီလိတ် ဇူလိုင် ၂၁**

မြန်မာနိုင်ငံအတွင်း ဆိုင်းခန်းများဖွင့်ကာ ချဲထီလောင်းကစားများ ပြုလုပ်သည့် ထိုင်းနိုင်ငံသား သုံးဦးကို လောင်းကစားပြုလုပ်သည့် ငွေကြေးများနှင့် လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဘောက်ချာစာအုပ်များနှင့်အတူ တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက် ကံ့ကော်လမ်းသွယ်၌ ဇူလိုင် ၂၀ ရက် ညပိုင်းက ဖမ်းဆီးရမိသည်။



ဇူလိုင် ၂၀ ရက် မွန်းလွဲ ၂ နာရီကျော်က တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးပေါ်ထွန်း၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်အေးလွင် ဦးစီးသည့်ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆန်ဆိုင်း (က) ရပ်ကွက် ကံ့ကော်လမ်းသွယ် အိမ်အမှတ် (၈/၈) နေအိမ်ဈေးဆိုင်တွင် လောင်းကစားပြုလုပ် ရောင်းချနေကြောင်းသတင်းအရ ဝင်ရောက်ရှာဖွေရာ ထိုင်းနိုင်ငံသား Mr. Nalthawat (၂၀ နှစ်)၊ Mrs. Kanya (၄၀နှစ်)၊ Mrs. Patcharee (၃၃နှစ်)တို့ကို ကောင်တာစားပွဲတွင်ထိုင်လျက် နေအိမ်ဈေးဆိုင်အတွင်း အသင့်တွေ့ရှိရသည်။

ဆက်လက်ရှာဖွေရာ ၎င်းတို့ထိုင်နေသည့် ကောင်တာစားပွဲနှစ်လုံးရှိ အံဆွဲအတွင်းမှချဲထီလောင်းကစားပြုလုပ်ငွေ ထိုင်းဘတ်ရောရာ ၂၅၉၀၀၊ ချဲထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ငွေတန်ဖိုးများ ရေးသားထားသော ဘောက်ချာစာအုပ်များ၊ လက်တော့ကွန်ပျူတာတစ်လုံးနှင့် လက်ကိုင်ဖုန်းလေးလုံးတို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

၎င်းတို့ကိုစစ်ဆေးရာ မြန်မာနိုင်ငံ တာချီလိတ်မြို့အတွင်းသို့ ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ်ဖြင့် အမှတ်(၁) ချစ်ကြည်ရေးတံတားမှ ဝင်ရောက်ခဲ့ပြီး ဝင်းညွှန့်ဦးထံမှ ဈေးဆိုင်ခန်း ငှားရမ်းကာ ချဲထီလောင်းကစား ရောင်းချခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

အမှုမှ ချဲထီလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများ၊ ငွေကြေးများနှင့်အတူ တွေ့ရှိသူ ထိုင်းနိုင်ငံသားသုံးဦးနှင့် မြန်မာနိုင်ငံသား အိမ်ရှင် ဝင်းညွှန့်ဦး တို့ကို တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## လေပြင်းတိုက်ခတ်ရာမှ ခါတ်ကြိုးပြတ်ကျ၍ ကျောင်းသူတစ်ဦး ဓာတ်လိုက်သေဆုံး

**သထုံ ဇူလိုင် ၂၁**

မွန်ပြည်နယ် သထုံမြို့နန်းခဲရပ်ကွက်တွင် ဇူလိုင် ၂၀ ရက် ည ၈ နာရီခန့်က ရုတ်တရက် လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းတစ်ကျောင်းအပါအဝင် လူနေအိမ်အချို့ ထိခိုက်ပျက်စီးခဲ့ပြီး ဓာတ်ကြိုးပြတ်ကျရာမှ ကျောင်းသူတစ်ဦး ဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။

လေပြင်းရုတ်တရက် တိုက်ခတ်မှုကြောင့် နန်းခဲရပ်ကွက် ကွက်သစ် ၁ လမ်းတွင် သစ်ပင်များပြိုလဲပြီး ဓာတ်အားကြိုးလိုင်းပေါ် သစ်ကိုင်းကျိုးကျ၍ ဓာတ်ကြိုးပြတ်ကျရာမှ စာကျက်ဝိုင်းတွင် သူငယ်ချင်းများနှင့်အတူ စာကျက်ပြီး နေအိမ်သို့ ပြန်လာသည့် အသက် ၁၂ နှစ် အရွယ် ၇ တန်းကျောင်းသူ နန်းခဲကွက်သစ် ၂ လမ်းနေ မဇွန်ဖူးဝေမှာ ဓာတ်လိုက်သေဆုံးခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် သထုံမြို့နယ်အတွင်းရှိ လိပ်အင်းရပ်ကွက်မှ စိန်ကုန်း (အ.မ.က)ကျောင်းနှင့် လူနေအိမ်တစ်လုံး၊ နန်းခဲရပ်ကွက်၊ ကွက်သစ်ရပ်မှ လူနေအိမ်သုံးလုံး၊ မြေနီကုန်းကျေးရွာမှ လူနေအိမ်သုံးလုံးတို့ အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်၍ ပျက်စီးသွားသည့် နေအိမ်များသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက သွားရောက်ကာ ရပ်မိရပ်ဖများနှင့်အတူ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## မြောင်းမြ၌ အမျိုးသမီးငယ်သုံးဦး ပျောက်ဆုံးနေ

**မြောင်းမြ ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ဇူလိုင် ၂၀ ရက်မွန်းလွဲ ၂ နာရီခန့်က ဆယ်ကျော်သက် အမျိုးသမီးငယ်သုံးဦး ပျောက်ဆုံးနေကြောင်း သိရသည်။

အဆိုပါ ပျောက်ဆုံးနေသော ကလေးသုံးဦးမှာ မြောင်းမြမြို့အမှတ် (၇) ရပ်ကွက် ရွှေဂုံတိုင် ၂ လမ်းတွင်နေသူ ဦးလှတင့် သမီးဖြစ်သူ မအိရွှေစင် (၁၆ နှစ်)၊ ဦးမျိုးနိုင်သမီးဖြစ်သူ မချစ်ပိုပို (၁၅ နှစ်) နှင့် ဦးဝင်းကို သမီးဖြစ်သူ မအေးပြုံးကျော် (၁၇ နှစ်)တို့ သုံးဦးသည် အိမ်နားတွင် အလုပ်လုပ်နေစဉ် မုန့်ထွက်စားမည်ဟုပြောကာ ထွက်သွားပြီး ယခုအချိန်ထိ ပြန်မရောက်လာဘဲ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲစခန်းသို့ တိုင်ကြားထားကြောင်း မအိရွှေစင်၏ ဖခင် ဦးလှတင့်က ပြောသည်။ အမျိုးသမီးငယ်သုံးဦး ပျောက်နေသည့်ကိစ္စနှင့် ပတ်သက်၍အမြန်ဆုံး ပြန်လည်တွေ့ရှိနိုင်ရေး မြောင်းမြမြို့မ စခန်းမှုစုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စန္ဒာမိုး(ပြန်/ဆက်)**

## မြစ်ကြီးနားမြို့၌ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၁**

မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၀ ရက် ညနေ ၆ နာရီက မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် နောင်ယားနယ်မြေ မနော‌ဥယျာဉ်ပတ်လမ်းရှိ ရွှေညီကိုစားသောက်ဆိုင် အခန်းအမှတ် (5-B)ကိုရှာဖွေရာ မမြင့်လေး(ခ)မအိမ့်မွန် နှင့် တိုးမြင့်အောင်တို့ကို တွေ့ရှိရပြီး ဘိန်းဖြူဆပ်ပြာခွက် ၁၁ ခွက်(ဘိန်းဖြူ အလေးချိန် ၁၃၂ ဂရမ်)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀၊ လက်ကိုင်ဖုန်းနှစ်လုံးနှင့် ဆိုင်ကယ်နှစ်စီးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့နံနက် ၁၁ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၄၃) ရန်ကုန် (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလရပ်ကွက် အောင်ဆန်းကွင်း မြောက်ဘက်လမ်းဖဆပလ တိုက်(၁၂)ဘေးရှိ ကားဂိတ်အနီး၌ ခန့်စိုးသာအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၆ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးကောင်း၌ မူးယစ်ဆေးသုံးစွဲရောင်းချသူသုံးဦး ဖမ်းမိ

**မိုးကောင်း ဇူလိုင် ၂၁**

မိုးကောင်းမြို့နယ် အုတ်ကျင်းကျေးရွာ၌ သတင်းအရ နေအိမ်ရှာဖွေစစ်ဆေးရာမှ မူးယစ်ဆေးသုံးစွဲ ရောင်းချသူ သုံးဦး ဖမ်းဆီးမိပြီး တစ်ဦးထွက်ပြေးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးကောင်းမြို့မရဲစခန်းမှ နယ်ထိန်း ခင်မောင်ထွေးနှင့်အဖွဲ့သည် မူးယစ်သတင်းအရ အုတ်ကျင်းကျေးရွာနေ ကျော်မင်း၏နေအိမ်ကို ဇူလိုင်၂၀ ရက် ည ၉ နာရီခန့်က ဝင်ရောက်ရှာဖွေရာ အိမ်ရှင်မှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း၊ ၎င်း၏ဇနီးဒေါ်လှိုင်၊ မူးယစ်ဆေးသုံးစွဲရန် ရောက်ရှိနေသော အုတ်ကျင်းကျေးရွာနေ မျိုးသူနှင့် အုတ်ဖိုတဲစုနေ လတောင်တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ယင်းနောက် ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၅ ပြားနှင့် ဘိန်းဖြူ ၈ ဒသမ ၂ ဂရမ် သိမ်းဆည်းရမိကြောင်း၊ ဖြစ်စဉ်နှင့် ပတ်သက်၍ ဒေါ်လှိုင် (၃၀ နှစ်)၊ မျိုးသူ(၃၀ နှစ်) နှင့် လတောင်(၃၃ နှစ်) တို့ကို မိုးကောင်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သန်းလွင်ဦး( ပြန်/ဆက်)**

## တကောင်းမြို့၌ ရွှေထည်နှင့် ငွေများဖောက်ထွင်းခံရ

**တကောင်း ဇူလိုင် ၂၁**

တကောင်းမြို့အမှတ် (၃)ရပ်ကွက်ရှိ နေအိမ်တစ်လုံးတွင် ဇူလိုင် ၂၀ ရက်က စုစုပေါင်းကာလတန်ဖိုး ငွေကျပ်သိန်း ၁၀၀ကျော်ခန့်ရှိ ငွေနှင့်ရွှေထည်ပစ္စည်းများ ဖောက်ထွင်းခိုးယူခံရကြောင်း တကောင်းနယ်မြေရဲစခန်းမှ သိရသည်။

ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁ နာရီက တကောင်းမြို့အမှတ် (၁)ရပ်ကွက်နေ ဒေါ်နုယဉ်အေး (၄၂ နှစ်) သည် မွန်းလွဲ ၂ နာရီခန့်တွင်အပြင်မှ နေအိမ်သို့ပြန်လာစဉ် နေအိမ်နောက်ဖေးတံခါးပွင့်နေကြောင်း တွေ့ရသဖြင့် စစ်ဆေးကြည့်ရာ နေအိမ်ဘုရားစင်ဘေးရှိ ဗီရိုအတွင်း သိမ်းဆည်းထားသော ရွှေထည်ပစ္စည်းများ စုစုပေါင်းတန်ဖိုးငွေကျပ် ၇၈၇၀၀၀၀ ခန့်နှင့် ငွေကျပ် ၂၅ သိန်းတို့ ပျောက်ဆုံးနေကြောင်း သိရှိရသဖြင့် တကောင်းနယ်မြေရဲစခန်းသို့ သတင်းပို့တိုင်ကြားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ သိမ်းဆည်းထားသော ငွေနှင့်ရွှေထည်ပစ္စည်းများကို ခိုးယူသွားသူကိုဖော်ထုတ်နိုင်ရေး တကောင်းနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးနေကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မရမ်းချောင်စစ်ဆေးရေးစခန်းရှောင်ကွင်းလမ်းတွင် တရားမဝင်ကုန်ပစ္စည်းများဖမ်းမိ

**နေပြည်တော် ဇူလိုင် ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၂၇၅ စီး၊ သွင်းကုန် ၉၈၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီး တစ်လျှောက်ကုန်သွယ်မှု ယာဉ်ပို့ကုန် ၃၈ စီး၊ သွင်းကုန် ၁၄၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၀ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၂၄၀ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၃၆၀ သန်းခန့် စုစုပေါင်း တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၆၀၀ သန်းခန့်ကို ဖမ်းဆီးရမိခဲ့သည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၂၀ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်ကွင်းလမ်းများသို့ ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ်လမ်းဘေးတွင် ပိုင်ရှင်မဲ့စုပုံထားသော တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Gas မီးဖိုဒေါက် (300Kg)နှင့် Sugar (1×50Kg)(55 Bags) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၃၆၀ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မရမ်းချောင် ရှောင်ကွင်းလမ်း၌ သိမ်းဆည်းရမိသည့် တရားမဝင် ပစ္စည်းများ။

# အမေရိကန်သမ္မတ ထရန့်နှင့် ပလေးဘွိုင်းမော်ဒယ်လ်တို့ ဇာတ်လမ်းရှိခဲ့သည်ဆိုသည့် အသံဖိုင် အက်ဖ်ဘီအိုင်သိမ်းဆည်းထား

**ဝါရှင်တန် ဇူလိုင် ၂၁**

ထရန့်နှင့် ဇာတ်လမ်းရှိခဲ့သည်ဟုဆိုသော ပလေးဘွိုင်းမော်ဒယ်လ်တစ်ဦးကို မည်ရွေ့မည်မျှ ပေးချေရမည်ဆိုသည့်ကိစ္စနှင့် ပတ်သက်ပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ၎င်း၏ ယခင်ရှေ့နေတို့ တိုင်ပင်ဆွေးနွေးခဲ့သည့် မှတ်တမ်းတင်အသံဖိုင်တစ်ခု ဖက်ဒရယ်စုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်) တွင် ရှိကြောင်း နယူးယောက်တိုင်းမ်က ရေးသားဖော်ပြခဲ့သည်။

အမေရိကန်သမ္မတ ထရန့်၏ ကာလအတော်ကြာ ရှေ့နေလုပ်ခဲ့ဖူးသူ မိုက်ကယ်ကိုဟန်က အမေရိကန်သမ္မတ ထရန့်နှင့် လျှို့ဝှက်စွာဆွေးနွေးပြောဆိုသည့်အကြောင်းကို တိတ်တဆိတ် မှတ်တမ်းတင်ခဲ့ကြောင်း နယူးယောက်တိုင်းမ်က ဇူလိုင် ၂၀ ရက်က ၎င်း၏ အွန်လိုင်းစာမျက်နှာတွင် လွှင့်တင်ခဲ့သည်။

အဆိုပါဆွေးနွေးပြောဆိုမှုသည် ၂၀၁၆ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲမတိုင်မီ နှစ်လက ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။ ယခုနှစ်အစောပိုင်းတွင် အက်ဖ်ဘီအိုင်က ကိုဟန်၏ရုံးခန်းအတွင်း ဝင်ရောက်စီးနင်းရှာဖွေရာမှ အဆိုပါ မှတ်တမ်းတင်အသံဖိုင်ကို ရရှိခဲ့ခြင်းဖြစ်သည်။

ယခင် နယူးယောက်မြို့တော်ဝန်၊ လတ်တလောတွင် အမေရိကန်သမ္မတ ထရန့်၏ ရှေ့နေလုပ်နေသူ ရူဒီ ဂူလီယာနီက ထိုကဲ့သို့ ပလေးဘွိုင်းမော်ဒယ်လ်ကို ပေးချေမှုမျိုး ဘယ်တော့မှ ပြုလုပ်ခဲ့ခြင်းမရှိကြောင်း ပြောခဲ့သည်။

နာမည်ကြီး ပလေးဘွိုင်းမော်ဒယ်လ်ပါဝင်သော အလားတူ အခြားဖြစ်ရပ်တစ်ခုတွင်လည်း ၎င်းနှင့်ဇာတ်လမ်းရှိခဲ့သည့် အပေါ် ရေငုံနှုတ်ပိတ်နေရန် ၎င်းနှင့် အပေးအယူလုပ်ခဲ့သည် ဆိုသည့်အချက်ကို အမေရိကန်သမ္မတ ထရန့်က ငြင်းဆိုခဲ့သည်။

နောက်ပိုင်းတွင် ထရန့်က ၎င်း၏ ကိုယ်ရေးရှေ့နေမှတစ်ဆင့် ၎င်းကို ပေးချေမှုပြုလုပ်ခဲ့သည့်အချက်ကို ဝန်ခံခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



# တရုတ်နှင့် ယူအေအီးနိုင်ငံ နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းမြှင့်တင်ရန် သဘောတူ



**အဘူဒါဘီ ဇူလိုင် ၂၁**

တရုတ်နိုင်ငံနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့သည် ခေတ်သစ်ပိုးလမ်းမကြီး မူဘောင်အောက်တွင် နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းမြှင့်တင်ရန် မကြာသေးမီက ကတိပြုခဲ့ကြသည်။ ချစ်ကြည်ရေးခရီးစဉ်အတွင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က နှစ်နိုင်ငံဘုံအကျိုးစီးပွားများရရှိရေးကို ရှေးရှုသည့် ရေရှည်တည်တံ့သော ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မိတ်ဖက်ဆက်ဆံရေးတည်ထောင်ရန် ဆန္ဒရှိကြောင်း ပြောခဲ့သည်။

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုကောင်းမွန်ချောမွေ့ရန် ခေတ်သစ်ပိုးလမ်းမကြီး အကောင်အထည်ဖော်ဆောင်ရွက်မှု မူဘောင်အောက်တွင် နှစ်နိုင်ငံ ပူးတွဲစီမံကိန်းများအဖြစ် လွတ်လပ်သောကုန်သွယ်မှုဇုန် တည်ဆောက်ခြင်းနှင့် နှစ်နိုင်ငံ စွမ်းရည်ပူးပေါင်းဆောင်ရွက်မှု ပြယုဂ်အဖြစ် သရုပ်ပြဇုန်ဖော်ဆောင်ရန် နှစ်နိုင်ငံခေါင်းဆောင်များ ကတိပြုခဲ့သည်။

ထို့အပြင် ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးခိုင်မာရန်နှင့် ခေတ်သစ်ပိုးလမ်းမကြီးအား နှစ်နိုင်ငံပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကွန်ဖရင့်များ၊ စာတမ်းဖတ်ပွဲများပြုလုပ်ရန် သဘောတူခဲ့သည်။

အာရပ်စော်ဘွားများပြည်ထောင်စုသို့ ချစ်ကြည်ရေးခရီးစဉ်အဖြစ် ရောက်ရှိနေသည့် တရုတ်နိုင်ငံ သမ္မတ ရှီကျင့်ဖျင်၊ ယူအေအီးနိုင်ငံ ဒုတိယသမ္မတနှင့် ဝန်ကြီးချုပ် ရှိတ်မိုဟာ မက်ဘင်ရာရှစ်အယ်လ်မက်တွန်နှင့် အိမ်ရှေ့မင်းသားကြီး ရှိတ် မိုဟာမက်ဘင်ဇာယက် အယ်လ်နာရန်တို့နှင့် တွေ့ဆုံပြီးနောက် အဆိုပါသဘောတူညီမှု ထွက်ပေါ်လာခြင်း ဖြစ်သည်။ ဆက်ဆံရေးမြှင့်တင်ခြင်းအားဖြင့် တရုတ်နိုင်ငံနှင့် ယူအေအီးနိုင်ငံတို့သည် နယ်ပယ်မျိုးစုံတို့တွင် နက်ရှိုင်းသော ပူးပေါင်းဆောင်ရွက်မှု ခိုင်မာလာမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂျာမနီ၌ ဓားကိုင်တိုက်ခိုက်မှုကြောင့်ကိုးဦး ဒဏ်ရာရ

**ဘာလင် ဇူလိုင် ၂၁**

ဂျာမနီနိုင်ငံမြောက်ပိုင်း ဘတ်စ်ကားတစ်စီးပေါ်တွင် လူတစ်ဦးက ဓားကိုင်တိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ ကိုးဦး ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောသည်။ ဓားကိုင်တိုက်ခိုက်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို ရှင်းရှင်းလင်းလင်း မသိရသေးကြောင်း သိရသည်။

ဓားကိုင်တိုက်ခိုက်မှုဖြစ်ပွားခဲ့သည့် ကားသည် လုဘက်ခ်မြို့အနီး ထင်ရှားကျော်ကြားသော ပင်လယ်ကမ်းခြေအနီး ထရာဗီမွမ်ဒီကို ဦးတည်သွားခဲ့ကြောင်း၊ အဆိုပါကားပေါ်တွင် ခရီးသည်များ အပြည့်တင်ဆောင်လာကြောင်း၊ ထိုအချိန်တွင် လူတစ်ဦး ဓားကိုင်တိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း လုဘက်ခ်မြို့ရှေ့နေချုပ် ယူလာဟင့်က ပြောသည်။

ဓားကိုင်တိုက်ခိုက်မှုကြောင့် ခြောက်ဦးမှာ ဓားဒဏ်ရာများရရှိခဲ့ပြီး သုံးဦးမှာ အခြား ဒဏ်ရာများရရှိခဲ့ကြောင်း၊ ထို့အတူ ဓားကိုင်တိုက်ခိုက်သူမှာ ကားမောင်းသမားကို လက်သီးဖြင့် ထိုးခဲ့သေးကြောင်း စကယ်ဝစ်ဟော်စတိန်ပြည်နယ် ပြည်ထဲရေးဝန်ကြီး ဟန်းစ်ဂျွာချင်ဂရုတ်က ပြောသည်။

ကံကောင်းထောက်မစွာဖြင့် တစ်ဦးမှ မသေဆုံးခဲ့ကြောင်း လုဘက်ခ်မြို့ရှေ့နေချုပ် ယူလာဟင့်က ပြောခဲ့သည်။ ဓားကိုင်တိုက်ခိုက်မှုနောက်ကွယ်က ဖြစ်ရပ်ကို ယခုအချိန်ထိ ရှင်းရှင်းလင်းလင်း မသိရသေးကြောင်းနှင့် လေ့လာစုံစမ်းနေခြင်း၏ အဓိကအကြောင်းခြင်းရာပင်ဖြစ်ကြောင်း လုဘက်ခ်မြို့ရှေ့နေချုပ် ယူလာဟင့်က ပြောခဲ့သည်။

ကားမောင်းသမားမှာ ကားကို ချက်ချင်းရပ်တန့်ပေးခဲ့ပြီး ခရီးသည်များကို လွတ်မြောက်အောင် လုပ်ဆောင်ပေးခဲ့သည်။

**အေအက်ဖ်ပီ**

# မြောက်ကိုရီးယားကို အရေးယူပိတ်ဆို့မှုများ ဆက်လုပ်ရန် ကုလလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများအား မိုက်ပွန်ပီအို တိုက်တွန်း

**ဝါရှင်တန် ဇူလိုင် ၂၁**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများကို မြောက်ကိုရီးယားနိုင်ငံအား ပိတ်ဆို့အရေးယူမှုများ ဆက်လက်ပြုလုပ်ရန် တိုက်တွန်းလိုက်သည်။

ယင်းအပေါ် နိုင်ငံတကာအမြင်များမှာ မတူဘဲ ကွဲပြားလျက်ရှိကြောင်း သိရသည်။ အထူးသဖြင့် တရုတ်နှင့် ရုရှားတို့သည် အဆိုပါတိုက်တွန်းချက်အပေါ် အမြင်မတူကြောင်း သိရသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် ဇူလိုင် ၂၀ ရက်က နယူးယောက်ရှိ ကုလသမဂ္ဂဌာနချုပ်တွင် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ကန်ကျွန်ဝှာ၊ ကုလသမဂ္ဂဆိုင်ရာ ဂျပန်သံအမတ်ကြီး ကိုရိုဘက်စ်ဟိုနှင့် အခြားကောင်စီအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများနှင့် တွေ့ဆုံခဲ့သည်။

မိုက်ပွန်ပီအိုနှင့် တောင်ကိုရီးယားသံအမတ်ကြီးတို့သည် မြောက်ကိုရီးယားအရာရှိများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်ဟုဆိုကြောင်း အချို့အစည်းအဝေးတက်ရောက်လာသူများက ဆိုသည်။

ဂျပန်သံအမတ်ကြီး ဘက်စ်ဟိုက အခြားကောင်စီအဖွဲ့ဝင်နှစ်နိုင်ငံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မြောက်ကိုရီးယားနိုင်ငံကို ဖိအားဆက်ပေးရေး ဆွေးနွေးခဲ့ကြောင်း အစည်းအဝေးတက်ရောက်လာသူများက ပြောသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်ကင်းစင်ရေးအတွက် လိုအပ်သောဆောင်ရွက်ချက်များကို လုပ်ဆောင်ရမည်ဆိုကာ သဘောတူညီထားကြောင်းလည်း သိရသည်။

အစည်းအဝေးပြီးနောက် သတင်းထောက်များနှင့်တွေ့ဆုံစဉ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ကမ္ဘာကြီးအနေဖြင့် မြောက်ကိုရီးယားနျူကလီးယားကင်းစင်ရေးကို တောင်းဆိုလျက်ရှိကြောင်း၊ ထို့အတူ မည်သည့်နိုင်ငံမဆို ကုလသမဂ္ဂ၏ အရေးယူပိတ်ဆို့မှုများကို ပြည့်ဝစွာ အကောင်အထည်ဖော်သင့်ကြောင်း ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားကင်းစင်ရေး တိကျသော ခြေလှမ်းများ မရှိသေးသရွေ့ မြောက်ကိုရီးယားနိုင်ငံအပေါ် ပြဋ္ဌာန်းထားသော အရေးယူပိတ်ဆို့မှုများကို ဆက်လက်ထားရှိသွားဦးမည်ဖြစ်ကြောင်း မိုက်ပွန်ပီအိုက ပြောသည်။

**အင်န်အိတ်ချ်ကေ**



ဇူလိုင် ၂၀ ရက်က နယူးယောက်ရှိ ကုလသမဂ္ဂဌာနချုပ်၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုနှင့် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ကန်ကျွန်ဝှာတို့ လက်ဆွဲနှုတ်ဆက်နေစဉ်။

## နိုင်ငံတကာ သတင်းတိုထွာ

### အိုလံပစ်ဆုရှင် စကိတ်စီးသမား ဓားထိုးခံရ၍ သေဆုံးပြီးနောက် တရားခံများကို ဖမ်းဆီးနိုင်ခဲ့

**အယ်မာတီ ဇူလိုင် ၂၁**
ကာဇက်စတန်နိုင်ငံ၏ နိုင်ငံ့ဂုဏ်ဆောင် အိုလံပစ်ဆုရှင် စကိတ်စီးသမားတစ်ဦး ဓားထိုးခံရပြီး သေဆုံးသွားခဲ့ကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ပြောခဲ့သည်။

အသက် ၂၅ နှစ်ရှိ ဒန်းနစ်တန်းသည် ၎င်း၏ ကားမှန်များကို ခိုးယူရန်ကြိုးစားသည့် အမျိုးသားနှစ်ဦးနှင့် ခိုက်ရန်ဖြစ်ပွားလုံးထွေးသတ်ပုတ်စဉ် ဓားထိုးခံရခြင်းဖြစ်ကြောင်း အယ်မာတီရဲတပ်ဖွဲ့က ပြောခဲ့သည်။

ဒန်းနစ်တန်းသည် ၂၀၁၄ ခုနှစ် ဆိုချီဆောင်းရာသီအိုလံပစ် အားကစားပွဲတော်တွင် ကြေးတံဆိပ်ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

၎င်းသေဆုံးခဲ့သည့်အတွက် ဝမ်းနည်းကြေကွဲရပါကြောင်း နိုင်ငံတကာ စကိတ်အားကစားသမဂ္ဂက ပြောခဲ့သည်။

ယခုအခါတွင် ၎င်းအား ဓားဖြင့်ထိုးခဲ့သူများအနက် တစ်ဦးကို ကာဇက်စတန်ရဲအရာရှိများက ဖမ်းဆီးထားနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဖမ်းဆီးရမိခဲ့သူသည် အသက် ၂၃ နှစ်ရှိ အာမန်ကူဒိုင်ဗာဂျီနော့ဗ်ဆိုသူဖြစ်ပြီး ထွက်ပြေးတိမ်းရှောင်စဉ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အစောပိုင်းကလည်း ၎င်းအား ဓားဖြင့်ထိုးခဲ့သူ အသက် ၂၄ နှစ်ရှိ နူရာလေးကီရာဆော့ဗ်အား ရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။ နှစ်ဦးစလုံးမှာ ၎င်းကို တိုက်ခိုက်ခဲ့ပြီး ဓားဖြင့်ထိုးခဲ့ကြောင်း ဝန်ခံခဲ့သည်။ **အင်န်အိတ်ချ်ကေ**

### ဂျပန်နိုင်ငံအတွင်း အပူချိန် ပြင်းထန်စွာ မြင့်တက်လျက်ရှိ

**တိုကျို ဇူလိုင် ၂၁**
ယခုအခါတွင် ဂျပန်နိုင်ငံတစ်ဝန်း အပူချိန် ပြင်းထန်စွာ မြင့်တက်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

ဂျပန်နိုင်ငံ၏ အရှေ့ပိုင်းနှင့် အနောက်ပိုင်းဒေသများရှိ နေရာအချို့တွင် အပူချိန်မှာ ၃၈ ဒီဂရီဆဲစီးယပ်စ်အထိရှိကြောင်း သိရသည်။ အပူရှပ်ခြင်းမှ ကာကွယ်ထားကြရန် ဂျပန်နိုင်ငံရှိ ပြည်သူလူထုကို တိုက်တွန်းထားသည်။

ကျိုတိုမြို့၏ ဇူလိုင် ၂၀ ရက်နေ့ အပူချိန်မှာ ၃၈ ဒသမ ၆ ဒီဂရီ ဆဲစီးယပ်စ်အထိရှိသည်။ ယခုကဲ့သို့ အပူချိန်မြင့်တက်လာခြင်းသည် နှစ်ပေါင်း ၁၃၈ နှစ်အတွင်း ဆိုးရွားစွာ စံချိန်တင်မြင့်တက်ခဲ့သည့် ပမာဏဖြစ်သည်။

လွန်ခဲ့သည့်နှစ်များက ကျိုတိုမြို့၏ နေ့အပူချိန်မှာ ၃၈ ဒီဂရီဆဲစီးယပ်စ်အထိရှိခဲ့ကာ ယင်းအပူချိန်မှာ ခုနစ်ရက်ဆက်တိုက်ကြာခဲ့ကြောင်း သိရသည်။

ပြင်းထန်သည့် အပူချိန်နှင့် ဆက်စပ်ဖြစ်ပေါ်သည့် အခြေအနေများကြောင့် လူအများစုမှာ ဆေးရုံသို့ရောက်သူရောက်၊ အချို့သေသူသေ ဖြစ်ခဲ့ရသည်။

ကျန်းမာရေးဆိုင်ရာ ပညာရှင်များက လူများကို လေအေးပေးစက်အသုံးပြုရန် တိုက်တွန်းထားကြောင်း၊ ထို့အပြင် ရေများများသောက်ပြီး ဆားစားသုံးရန်နှင့် နေ့လယ်ပိုင်းအချိန်များတွင် လေ့ကျင့်ခန်းလုပ်ခြင်းမှ ရှောင်ကြဉ်ရန် တိုက်တွန်းထားသည်။ **အင်န်အိတ်ချ်ကေ**

# ၁၉၈၀ ပြည့်နှစ်နောက်ပိုင်း မူဂါဘီမပါဝင်တဲ့ ပထမဆုံးရွေးကောက်ပွဲ

**ခြူးစန္ဒီနွေး**




ဇင်ဘာဘွေနိုင်ငံရဲ့ အာဏာရှင်လို့ ခေါ်ဝေါ်ရမယ့် ရောဘတ်မူဂါဘီကို သမ္မတရာထူးကနေ ဖယ်ရှားနိုင်ခဲ့ပေမယ့် ရွေးကောက်ပွဲမှာ သူ့ရဲ့လွှမ်းမိုးမှုတွေကတော့ ရှိနေဆဲပါ။ မူဂါဘီရဲ့ ၃၇ နှစ်ကြာ တိုင်းပြည်ကို တစ်ဦးတည်း အုပ်ချုပ်မှု အဆုံးသတ်နိုင်ခဲ့ပြီးတဲ့နောက်မှာတော့ အခုအခါမှာ ဇင်ဘာဘွေနိုင်ငံမှာ ပါတီစုံရွေးကောက်ပွဲကို ကျင်းပနိုင်ဖို့ ပြည်သူတွေအားလုံးက မျှော်လင့်နေကြပါပြီ။ ဇူလိုင် ၃၀ ရက်မှာ ကျင်းပမယ့် ရွေးကောက်ပွဲအတွက် ပါတီတွေရဲ့ မဲဆွယ်စည်းရုံးလှုပ်ရှားမှုတွေဟာလည်း အပြိုင်အဆိုင် ပြင်းထန်လို့နေပါတယ်။

**မူဂါဘီမပါဝင်တဲ့ ပထမဦးဆုံး ရွေးကောက်ပွဲ**

၁၉၈၀ လွတ်လပ်ရေးရပြီးနောက်ပိုင်း မူဂါဘီမပါဝင်ဘဲ ကျင်းပရမယ့် ပထမဆုံးရွေးကောက်ပွဲလည်း ဖြစ်ပါတယ်။ ဒါပေမယ့် မူဂါဘီရဲ့ နိုင်ငံရေး အငွေ့အသက်တွေကတော့ လာမယ့် ရွေးကောက်ပွဲမှာ မကင်းနိုင်သေးပါဘူး။ ကာလရှည်ကြာ မူဂါဘီ ဦးဆောင်ခဲ့တဲ့ ZANU- PF ပါတီဟာ အခုအခါမှာတော့ အီမာဆွန်မနန်ဂါဂွါက ဦးဆောင်ပြီး ရွေးကောက်ပွဲဝင်မှာပါ။ အီမာဆွန်ဟာ မူဂါဘီလက်ထက်တုန်းက ဒုတိယသမ္မတအဖြစ် တာဝန်ယူခဲ့သူဖြစ်ပြီး တိုင်းပြည်ကို ရက်စက်စွာအုပ်ချုပ်တယ်ဆိုတဲ့ စွပ်စွဲမှုတွေ ခံထားရသူလည်း ဖြစ်တယ်။ ပြိုင်ဘက်ပါတီကတော့ သူတို့ရဲ့ခေါင်းဆောင် မော်ဂန်ဆူဗင်ဂရိုင်း ယခုနှစ်အတွင်း သေဆုံးသွားတဲ့အတွက် အင်အားဆုတ်ယုတ်လို့ နေပါတယ်။ မစ္စတာမော်ဂန်ဟာ ဝါရင့်နိုင်ငံရေးသမားတစ်ဦးဖြစ်သလို ၂၀၀၂ ခုနှစ်၊ ၂၀၀၈ ခုနှစ်နဲ့ ၂၀၁၃ ခုနှစ် ရွေးကောက်ပွဲတွေမှာ မစ္စတာမူဂါဘီကို စိန်ခေါ်နိုင်ခဲ့တဲ့လူလည်း ဖြစ်တယ်။

**“မူဂါဘီရဲ့ ၃၇ နှစ်ကြာ တိုင်းပြည်ကို တစ်ဦးတည်းအုပ်ချုပ်မှု အဆုံးသတ်နိုင်ခဲ့ပြီးတဲ့ နောက်မှာတော့ အခုအခါမှာ ဇင်ဘာဘွေနိုင်ငံမှာ ပါတီစုံရွေးကောက်ပွဲကို ကျင်းပနိုင်ဖို့ ပြည်သူတွေအားလုံးက မျှော်လင့်နေကြပါပြီ။ ဇူလိုင် ၃၀ ရက်မှာ ကျင်းပမယ့် ရွေးကောက်ပွဲအတွက် ပါတီတွေရဲ့ မဲဆွယ်စည်းရုံးလှုပ်ရှားမှုတွေဟာလည်း အပြိုင်အဆိုင် ပြင်းထန်”**

**ထင်မှတ်မထားတဲ့ အကြမ်းဖက်မှုတစ်ခု**

၂၀၀၈ ရွေးကောက်ပွဲမှာတော့ ရွေးကောက်ပွဲအပြီး ပြင်းထန်တဲ့အကြမ်းဖက်မှုတွေ ပေါ်ပေါက်လာခဲ့တော့ အခုနှစ်ရွေးကောက်ပွဲမှာ ဒီလိုဖြစ်ရပ်မျိုးတွေ တစ်ဖန်ပြန်ပေါ်လာမှာကို စောင့်ကြည့်လေ့လာသူတွေက စိုးရိမ်နေကြပါတယ်။ အခုနှစ်ရွေးကောက်ပွဲမှာ သူနိုင်ကိုယ်နိုင် အပြိုင်ကြဲကြမယ့် ပြိုင်ဘက်နှစ်ဦးကတော့ မစ္စတာ မနန်ဂါဂွါနဲ့ သူ့ရဲ့ အတိုက်အခံ နယ်ဆင်ခမီဆာ တို့ပဲဖြစ်ပါတယ်။ ရွေးကောက်ပွဲကာလဆိုတော့ လုံခြုံရေးကို အထူးဂရုပြုရမယ့် ကာလလည်း ဖြစ်ပါတယ်။ မထင်မှတ်တဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေဟာလည်း ပေါ်လာတတ်ပါတယ်။ လွန်ခဲ့တဲ့လကပဲ မစ္စတာ မနန်ဂါဂွါ ပြုလုပ်တဲ့ နိုင်ငံရေး စည်းရုံးပွဲမှာ လူအုပ်ကြားထဲ လက်ပစ်ဗုံး ပစ်သွင်းတဲ့အတွက် မစ္စတာမနန်ဂါဂွါရဲ့ လက်ထောက်နှစ်ဦး သေဆုံးခဲ့ရပါတယ်။ မစ္စတာ မနန်ဂါဂွါကိုယ်တိုင်လည်း အသက်ဘေးက သီသီလေးလွတ်မြောက်သွားပါတယ်။ အဲဒီပွဲကို တက်ရောက်လာကြတဲ့ လူတော်တော်များများတော့ ထိခိုက်ဒဏ်ရာ ရသွားကြပါတယ်။ အဲဒီ တိုက်ခိုက်မှုရဲ့ လက်သည်တရားခံဟာ ဘယ်သူလဲဆိုတာ မသိရပေမယ့် စွပ်စွဲမှုတွေကတော့ ပြိုင်ဘက်ပါတီအပေါ် ကျရောက်သွားပါတယ်။

**စီးပွားရေးကျဆင်းလာ**

ဇင်ဘာဘွေနိုင်ငံသားတွေကတော့ နိုင်ငံရေးဆိုတာထက် အလုပ်လက်မဲ့ ပြဿနာကိုသာ ပိုပြီးစိတ်ဝင်တစားရှိကြပါတယ်။ တစ်ခါတုန်းက အာဖရိကတိုက်တောင်ပိုင်းမှာ အချမ်းသာဆုံး တိုင်းပြည်တစ်ခုဖြစ်ခဲ့တဲ့ ဇင်ဘာဘွေနိုင်ငံဟာ ၁၉၉၀ ဝန်းကျင်နှစ်တွေမှာတော့ တိုင်းပြည်ရဲ့စက်မှုလုပ်ငန်းတွေနဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေဟာ လုံးဝပျက်သုဉ်းသွားခဲ့ရပါတယ်။ လူဖြူလူနည်းစုတွေလက်ထဲက လုပ်ငန်းတွေကို မူဂါဘီက သိမ်းယူခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေဟာ သူတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ပြန်ဆွဲထုတ်သွားတဲ့အခါမှာတော့ တိုင်းပြည်ရဲ့ ငွေကြေး တန်ဖိုးကျဆင်းပြီး ငွေကြေးဖောင်းပွမှုဒဏ်ကို အလူးအလဲခံရပါတော့တယ်။ တိုင်းပြည်ကလည်း အကြွေးတွေနဲ့ ရုန်းကန်နေရတဲ့ အခြေအနေမျိုး ဖြစ်သွားပါတယ်။

**လက်တွေ့ပြုပြင်ပြောင်းလဲမှု မရှိသေး**

လက်ရှိသမ္မတဖြစ်နေတဲ့ မစ္စတာ မနန်ဂါဂွါဟာ လူများစုဖြစ်တဲ့ လူမည်းတွေရဲ့အကျိုးစီးပွားကို ကိုယ်စားမပြုဘူးလို့ ဇင်ဘာဘွေတက္ကသိုလ်မှာ စိတ်ပညာဘာသာရပ် လေ့လာနေတဲ့ အသက် ၃၂ နှစ်အရွယ် စတန်လေဟန်ဂါဝီက ပြောပါတယ်။ သူဟာလည်း တက္ကသိုလ်က ဘွဲ့ရအလုပ်လက်မဲ့တွေထဲက တစ်ဦးပါ။ မစ္စတာ မနန်ဂါဂွါဟာ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားထက် အနောက်နိုင်ငံတွေရဲ့ အကျိုးစီးပွားကိုသာ ကိုယ်စားပြုသူလို့ ပြောလိုက်ပါတယ်။ အသက် ၄၆ နှစ်အရွယ် ကျောင်းဆရာတစ်ဦးဖြစ်တဲ့ တရန်ဆီကတော့ ဘဏ်မှာအပ်ထားတဲ့ ငွေတွေကို ပြန်ထုတ်ဖို့ စဉ်းစားနေတယ်။ ငွေကြေးပြတ်တောက်မှုတွေ ရှိလာမယ်ဆိုတဲ့ သတင်းစကားတွေကြောင့် ဘဏ်ကနေ ပိုက်ဆံတွေပြန်ထုတ်ဖို့ စဉ်းစားနေတာပဲဖြစ်တယ်။ မစ္စတာ မနန်ဂါဂွါဟာ တိုင်းပြည်ရဲ့ စီးပွားရေးကို လမ်းဖွင့်ပေးထားတယ်ဆိုပေမယ့် လက်တွေ့မှာတော့ ဘာမှပြုပြင်ပြောင်းလဲမှုတွေ မရှိသေးဘူးလို့ မစ္စတာ ဟန်ဂါဝီက ပြောပါတယ်။

**တည်ငြိမ်တဲ့ရွေးကောက်ပွဲဖြစ်ဖို့လို**

ရွေးကောက်ပွဲမှာ တည်ငြိမ်မှုမရှိဘဲနဲ့တော့ စီးပွားရေးဟာ ဆက်လက်ရှင်သန်ဖို့ဆိုတာ မဖြစ်နိုင်ဘူးလို့ စီးပွားရေးပါရဂူတစ်ဦးဖြစ်သူ ကပ်ဆွန်ဂန်ဒါနီက ပြောပါတယ်။ ဇင်ဘာဘွေနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားတဲ့သူတွေ အများကြီးရှိတယ်ဆိုပေမယ့် ရင်းနှီးမြှုပ်နှံသူတွေဟာ ရွေးကောက်ပွဲရလဒ် အခြေအနေတွေကို စောင့်ကြည့်လိုကြတယ်။ မစ္စတာ မနန်ဂါဂွါက မဲပေးမှုလုပ်ငန်းဆောင်တာတွေကို လေ့လာဖို့ အပြည်ပြည်ဆိုင်ရာက စောင့်ကြည့်ရေးအဖွဲ့တွေကို ဖိတ်ခေါ်ထားပေမယ့် ဒီမိုကရက်တစ်ပြောင်းလဲမှုတွေ လွှမ်းမိုးနေတဲ့ ပြိုင်ဘက်ပါတီကတော့ ယုံကြည်နိုင်ဖို့ ခဲယဉ်းနေဆဲဖြစ်တယ်။ ၂၀၀၈ ခုနှစ် ရွေးကောက်ပွဲက ဖြစ်စဉ်လိုမျိုး ပြန်ဖြစ်မှာကို စိုးရိမ်နေကြတယ်။ ၂၀၀၈ ခုနှစ်ကလည်း မစ္စတာ မော်ဂန်ဟာ ပထမနေရာကနေပြေးနေပေမယ့် အကြမ်းဖက်မှု၊ အုံကြွမှုတွေ ပေါ်ပေါက်လာတော့ သူဟာ ရွေးကောက်ပွဲကနေ နုတ်ထွက်သွားခဲ့ရတယ်။

**ကျေးလက်ပြည်သူတို့ရဲ့ စိုးရိမ်မှု**

ကျေးလက်နေ ပြည်သူတွေဟာ ၂၀၁၈ ခုနှစ် မဲပေးမှုမှာ ကျင့်သုံးမယ့် လူ့ခန္ဓာကိုယ်ပုံပန်းသွင်ပြင်ကို မှတ်သားထားလို့ရမယ့် စာရင်းပေးမှုပုံစံကြောင့် စိတ်အနှောင့်အယှက် ဖြစ်နေကြတယ်။ ဒီစနစ်ကြောင့် အာဏာရပါတီအနေနဲ့ သူ့ကိုဆန့်ကျင်ပြီး မဲပေးတာကို ထောက်လှမ်းနိုင်လိမ့်မယ်လို့ ယူဆနေကြတယ်။ အပြည်ပြည်ဆိုင်ရာက စောင့်ကြည့်လေ့လာသူတွေကတော့ ရွေးကောက်ပွဲကော်မရှင်ဟာ လွတ်လပ်ပြီး တရားမျှတမှု ရှိလိမ့်မယ်လို့ သူတို့ ယုံကြည်ကြောင်း ပြောပါတယ်။ ဇင်ဘာဘွေမှာ ရွေးကောက်ပွဲကျင်းပဖို့ဆိုတာ တကယ့်ကို ခက်ခဲတဲ့ အလုပ်တစ်ခုပါ။ ဒါပေမယ့်လည်း အချိန်တိုအတွင်းမှာ မဲပြားတွေကို ရိုက်နှိပ်ပေးပြီးဖြစ်သလို အဆင်သင့်လည်းဖြစ်နေပြီ။ ရွေးကောက်ပွဲမှာ တာဝန်ထမ်းဆောင်ကြမယ့် ဝန်ထမ်းတွေကိုလည်း လေ့ကျင့်ပေးပြီးပြီလို့ ဥရောပသမဂ္ဂရွေးကောက်ပွဲ စောင့်ကြည့်ရေးမစ်ရှင်မှ လက်ထောက်အကြီးအကဲဖြစ်သူ မာ့ခ်စတီဗင်က ပြောပါတယ်။

**ဇင်ဘာဘွေတပ်ဖွဲ့ရဲ့ ရပ်တည်ချက်**

နောက်ထပ် အမေရိကန်အဖွဲ့အစည်းနှစ်ခုဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာ သုတေသနအင်စတီကျုနဲ့ အမျိုးသားဒီမိုကရက်တစ်အင်စတီကျုတို့ဟာ ရွေးကောက်ပွဲကာလအတွင်းမှာ ကြားဝင်နှောင့်ယှက်မှုတွေရှိလာမှာကို စိုးရိမ်နေကြပါတယ်။ ကျေးလက်ဒေသမှာ ဇင်ဘာဘွေတပ်ဖွဲ့ရဲ့ ပါဝင်ပတ်သက်မှုတွေကိုလည်း ကြားသိရပါတယ်။ ဒီအတွက်လည်း ရက်အနည်းငယ်အတွင်းမှာ ကာလရှည်ကြာ စောင့်ကြည့်လေ့လာခဲ့တဲ့ သူတွေဆီက အကြောင်းအရာတွေ ကြားသိရတော့မှာပါလို့ ဇင်ဘာဘွေ အပြည်ပြည်ဆိုင်ရာ ရွေးကောက်ပွဲမစ်ရှင်ရဲ့ ပူးတွဲဒါရိုက်တာက ပြောပါတယ်။ ဇင်ဘာဘွေတပ်ဖွဲ့ရဲ့ ပြောရေးဆိုခွင့်ရှိသူကတော့ သူတို့ဟာ ရွေးကောက်ပွဲမှာ တိုက်ရိုက်ပတ်သက်တာမျိုး မရှိဘူး။ အာဏာရပါတီကိုလည်း ကူညီတာမျိုး လုပ်သွားမှာ မဟုတ်ဘူးလို့ ပြောပါတယ်။ အဓိကအတိုက်အခံခေါင်းဆောင်ဖြစ်တဲ့ မစ္စတာ ခမီဆာကတော့ Movement for Democratic ပါတီကဖြစ်ပြီး ၂၀၀၉ ခုနှစ်ကနေ ၂၀၁၃ ခုနှစ်အထိ သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ဖူးပါတယ်။

အခုအချိန်မှာတော့ တိုင်းပြည်ကို ၃၇ နှစ်ကြာ အာဏာရှင်ဆန်ဆန် အုပ်ချုပ်ခဲ့တဲ့ မူဂါဘီဆိုတာလည်း မရှိတော့ပါဘူး။ အခုကာလဟာ အတွေးအခေါ်အသစ်၊ အယူအဆသစ်တွေနဲ့ ရှေ့ဆက်ရမယ့်အချိန်ပဲလို့ မစ္စတာ ခမီဆာက ပြောပါတယ်။ ရွေးကောက်ပွဲကတော့ ဇူလိုင် ၃၀ ရက်မှာ စတင်တော့မှာပါ။ မူဂါဘီကို ဖြုတ်ချနိုင်ခဲ့ပြီး ပထမဦးဆုံးအကြိမ်ကျင်းပတဲ့ ရွေးကောက်ပွဲမှာ မူဂါဘီရဲ့လွှမ်းမိုးမှုကနေ ကင်းလွတ်တဲ့ခေါင်းဆောင်တစ်ယောက် သမ္မတဖြစ်လာမှာလား၊ မလာဘူးလား ဆိုတာကိုတော့ မကြာမီအချိန်အတွင်းမှာ သိရတော့မှာပါ။ ။

**ကိုးကား- နယူးယောက်တိုင်းမ်**

# မိုမိုတို့အတွက် ရင်တွင်းစကားသံ ကမ်ပိန်းမှ မြန်မာအနုပညာရှင်များ ဖန်တီးထားသည့် စက္ကူဆင်ရုပ်ကြီး ဂင်းနက်စ်မှတ်တမ်းဝင်

**ရန်ကုန် ဇူလိုင် ၂၁**

ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ရန်ပုံငွေအဖွဲ့ (WWF-Myanmar)မှ ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံတွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၃ ရက်က ပြုလုပ်သည့် မိုမိုတို့အတွက် ရင်တွင်းစကားသံ ကမ်ပိန်းတွင် ပြသခဲ့သည့် စက္ကူဆင်ရုပ်ကြီးသည် ဝါးဖြင့်ထောက်ကူပေးထားသော ကမ္ဘာ့အကြီးဆုံး စက္ကူဆင်ရုပ်ကြီးအဖြစ် ဂင်းနက်စ်စံချိန်သစ် တင်ခဲ့ကြောင်း WWF-Myanmar မှ သိရသည်။

မြန်မာ့ရိုးရာစက္ကူရုပ်ပညာရှင်နှင့် ဂရပ်ဖတီအနုပညာရှင်တို့မှ ဖန်တီးပုံဖော်ခဲ့သည့် ရောမစက္ကူဆင်ရုပ်ကြီးသည် မိုမိုတို့အတွက် ရင်တွင်းစကားသံ လူထုအသိပညာပေး လှုပ်ရှားမှုပွဲတွင် ပါဝင်ပြသခဲ့ရာမှ ကမ္ဘာ့အသိအမှတ်ပြု ဂင်းနက်စ်မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်ကြောင်း WWF-Myanmar မှသိရသည်။

ယခုကဲ့သို့ မှတ်တမ်းဝင်ခဲ့ခြင်းသည် ဆင်များ အရေခွံဆုတ်ခွာ သတ်ဖြတ်ခံနေရခြင်းနှင့် မြန်မာ့တောဆင်ရိုင်းကြီးများ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို မီးမောင်းထိုးပြလိုက်ခြင်းပင် ဖြစ်ကြောင်း WWF-Myanmar ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လူထုအသိပညာပေး လှုပ်ရှားမှုပွဲတွင် ကြီးမားသောစက္ကူ ဆင်ရုပ်ကြီး လေးရုပ်၊ စက္ကူဆင်ရုပ်ငယ်နှစ်ရုပ်နှင့် ဝါးဆင်ရုပ်ကြီး တစ်ရုပ်တို့ကို လူငယ်ဂရပ်ဖတီ အနုပညာရှင် အာကာကျော်နှင့် မြန်မာ့ရိုးရာစက္ကူရုပ်များ ပြုလုပ်ဖန်တီးရာ၌ ကျွမ်းကျင်ပညာရှင် ဦးမြင့် (ရုပ်လုံးကမ္ဘာ)တို့က ပြုလုပ်ဖန်တီးခဲ့ရာ ထိုဆင်ရုပ် ခုနစ်ရုပ်ထဲမှ ဝါးဖြင့် ထောက်ကူပေးထားသော အကြီးဆုံးဆင်ရုပ်ကြီးသည် ဂင်းနက်စ်စံချိန်သစ် တင်သွားခဲ့ခြင်းဖြစ်သည်။

ဂင်းနက်စ်စံချိန်သစ် ဝင်သွားခြင်းနှင့် ပတ်သက်၍ဂရပ်ဖတီအနုပညာရှင် အာကာကျော်က "ကျွန်တော်တို့က ဒီရောမစက္ကူဆင်ရုပ်ကြီးတွေကို မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ ဆင်တွေအရေခွံ ဆုတ်ခွာသတ်ဖြတ်ခံနေရတာတွေ၊ တောရိုင်းတိရစ္ဆာန်ထွက် ပစ္စည်းတွေ တရားမဝင်ကုန်သွယ်နေကြတာတွေကို ရပ်တန့်စေဖို့ ရည်ရွယ်ချက်နဲ့ ပြုလုပ်ဖန်တီးခဲ့တာပါ။ အခုလို ဂင်းနက်စ်မှတ်တမ်းဝင်သွားတယ်ဆိုတော့ ပြောမပြနိုင်လောက်အောင် ဝမ်းသာမိပါတယ်။ လူထုအသိပညာပေးလှုပ်ရှားမှုပွဲမှာ တစ်စိတ်တစ်ပိုင်းအနေနဲ့ ပါဝင်ကူညီခွင့်ရခဲ့လို့ မိုမိုတို့အတွက် ရင်တွင်းစကားသံ ကမ်ပိန်းကိုလည်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မိပါတယ်" ဟု ပြောသည်။

ယခု ဂင်းနက်စ် မှတ်တမ်းတင်သွားသည့် ကြီးမားသော စက္ကူဆင်ရုပ်ကြီးသည် ခန္ဓာကိုယ်အလျား ၂၁ ပေ၊ အကျယ်အနံ ခုနစ်ပေရှိပြီး အမြင့်မှာ ၂၁ ပေရှိသည်။ ပုံမှန် မြန်မာ့တောဆင်ရိုင်းကြီးများ၏ ပျမ်းမျှအရပ်အမြင့်မှာ ခုနစ်ပေမှ ကိုးပေကြားရှိသောကြောင့် သာမန်ထက် သုံးဆပိုမြင့်သည်ဟုဆိုရမည် ဖြစ်ပေသည်။ ယင်းစက္ကူဆင်ရုပ်ကြီးကို ဝါးဖြင့်ထောက်ကူပေးထားပြီး မိုမိုတို့အတွက်ရင်တွင်းစကားသံကမ်ပိန်းတွင် အများပြည်သူမှ လှူဒါန်းထားသော သတင်းစာများဖြင့် ပြုလုပ်ဖန်တီးခဲ့သည်။

မြန်မာနိုင်ငံ၏ တရားမဝင် တောရိုင်းတိရစ္ဆာန်ထွက်ပစ္စည်းများ တရားမဝင်ရောင်းဝယ်မှုနှင့် အသိပညာပေးခြင်းတို့အတွက် တစ်ဦးတစ်ယောက်ချင်းနှင့် အဖွဲ့အစည်းများ အားလုံးတို့၏ လှုပ်ရှားမှုအသံများဖြင့် မိုမိုတို့၏ ရင်တွင်းစကားသံ လူထုအသိပညာပေးလှုပ်ရှားမှုတွင် ပါဝင်ရန် ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင် ရန်ပုံငွေအဖွဲ့ (WWF-Myanmar)မှ ဖိတ်ခေါ်ထားကြောင်း သိရသည်။



**သတင်း - မင်းသစ် (MNA)၊ ဓာတ်ပုံ - WWF-Myanmar**

# မြင်းခြံ၌ အခြေခံပညာကျောင်း သုံးကျောင်း အဆင့်တိုးမြှင့်ဖွင့်

**မြင်းခြံ ဇူလိုင် ၂၁**

အစိုးရနှင့် ပြည်သူလက်တွဲ၍ အနာဂတ်မျိုးဆက်သစ်များ ပညာရည်မြင့်မားစေရန် ရည်ရွယ်၍ အခြေခံပညာကျောင်းများကို တစ်ဆင့်မြင့်ကျောင်းများအဖြစ် အဆင့်တိုးမြှင့်ပေးခြင်းကို နိုင်ငံတစ်ဝန်း ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ဆောင်ရွက်ရာတွင် ဇူလိုင် ၂၀ ရက်က မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဂင့်ဂဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် လည်းကောင်း၊ ကတောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ( ခွဲ ) ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် လည်းကောင်း၊ ကျားတိုင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာအထက်တန်းကျောင်း ( ခွဲ )အဖြစ် လည်းကောင်း အဆင့် တိုးမြှင့်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။

အခမ်းအနားကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်ဌေး၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**



# အရာထမ်းအခြေခံ သင်တန်းအမှတ်စဉ် (၂၀၇) သင်တန်းဆင်း

**လှည်းကူး ဇူလိုင် ၂၁**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် အောက်မြန်မာပြည်၊ နဝရတ်ခန်းမ၌ အရာထမ်းအခြေခံသင်တန်းအမှတ်စဉ် (၂၀၇)၊ သင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၂၀ ရက်က ကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်တင်စိုး တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်၍ စံပြဆုနှင့် စာပေထူးချွန် ဆုရရှိသူများကို ဆုများချီးမြှင့်ပြီး သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များ ပေးအပ်ခဲ့သည်။

ယင်းသင်တန်းဆင်းပွဲသို့ ဒုတိယပါမောက္ခချုပ်(စီမံခန့်ခွဲရေး)၊ ဌာနကြီးမှူး/ပါမောက္ခ (ပညာဌာနမှူး)များ၊ ဌာနမှူး/ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ သင်တန်းမှူးများ၊ ဌာနခွဲမှူးများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၀၇) သို့ တက်ရောက်ကြသည့် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ အရာထမ်းအဆင့်ရှိ သင်တန်းသား ၇၄ ဦး သင်တန်းသူ ၈၄ ဦး စုစုပေါင်း ၁၅၈ ဦးတို့ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လှိုင်သာယာရှိ ကျောင်းသား ကျောင်းသူပေါင်း လေးထောင်ခန့်ကို နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရန်ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၂၁**

စာသင်ကျောင်းပေါင်း ၅၇ ကျောင်းရှိသော လှိုင်သာယာမြို့နယ်တွင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၌ ကျောင်းသား ကျောင်းသူပေါင်း လေးထောင်ခန့်ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနိုင်ရန် အဖွဲ့ငါးဖွဲ့ဖြင့် သတ်မှတ်ရက်အတိုင်း ကွင်းဆင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"၂၀၁၈-၂၀၁၉ ကျောင်းဖွင့်ရာသီမှာ အခြေခံပညာအထက်တန်းကျောင်း



ရှစ်ကျောင်းနဲ့ ထခွဲကျောင်း ၁၈ ကျောင်းက နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးတဲ့ ကျောင်းသား ကျောင်းသူတွေကို ကွင်းဆင်းဆောင်ရွက်ပေးသွားမှာပါ။ ပြီးခဲ့တဲ့ ကျောင်းဖွင့်ရာသီမှ ကျောင်းပေါင်း ၁၆ ကျောင်းမှာရှိတဲ့ ကျောင်းသား ကျောင်းသူ ၁၆၈၃ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားတွေ ထုတ်ပေးပြီးပါပြီ။ ဒီနှစ် ကျောင်းသား လေးထောင်ခန့်ကို နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးဖို့ ကွင်းဆင်းအဖွဲ့ ငါးဖွဲ့နဲ့ ဆောင်ရွက်နေပါတယ်" ဟု မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးမျိုးဝင်းက ပြောသည်။

ဇူလိုင် ၁၈ ရက်က အမှတ် ၁၂ ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် အသက် ၁၀ နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူ ၁၁၅ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး စိစစ်ပြီးပါက အမြန်ဆုံး ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လှိုင်သာယာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဆိုင်ရာဦးစီးမှူးရုံးမှ ရပ်ကွက်ပေါင်း ၂၀ ရပ်ကွက် ကျေးရွာပေါင်း ၁၇ ရွာမှ ပြည်သူတို့အား သာမန်ရွှေ့ပြောင်းနေထိုင်သူတို့ကို အိမ်ထောင်စုစာရင်း ထုတ်ပေးခြင်း၊ ရဟန်း သံဃာနှင့် သီလရှင်များကို သာသနာဝင်/သာသနာ့နွယ်ဝင် ကတ်ပြားများဆောင်ရွက်ပေးခြင်း၊ မသန်စွမ်းသူများထံ ကွင်းဆင်းဆောင်ရွက်ခြင်း၊ အခြေခံပညာကျောင်းများတွင် ကွင်းဆင်းဆောင်ရွက်ခြင်း၊ မိဘမဲ့ကလေးများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် စက်ရုံ၊ အလုပ်ရုံများသို့ ကွင်းဆင်းဆောင်ရွက်ခြင်း၊ လေဖြတ်နေသူများ၊ နာတာရှည်ဝေဒနာရှင်များ၊ သက်ကြီးရွယ်အိုတို့ထံ Home Service ဖြင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။

**သန်းထိုက်**

# ခန္တီးကျောက်စိမ်းမှော်လုပ်ကွက်တွင် လက်လုပ်လက်စားလုပ်ကွက် ၆၈ ကွက် တင်ဒါချပေးထား

**မန္တလေး ဇူလိုင် ၂၁**

ခန္တီးကျောက်စိမ်းမှော်လုပ်ကွက်တွင် လက်လုပ်လက်စားလုပ်ကွက် ၆၈ ကွက်ကို တင်ဒါချထားပေးခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ သိရသည်။

ခန္တီးကျောက်စိမ်းမှော်လုပ်ကွက်တွင် လက်လုပ်လက်စားလုပ်ကွက်လျှောက်လွှာများကို ၂၀၁၈ ခုနှစ် မေ ၂၈ ရက်မှ ဇွန် ၂၈ ရက်အထိ ရောင်းချပေးခဲ့ရာ မုံရွာ ပြည်သူ့ဝန်ဆောင်မှုရုံးနှင့် ခန္တီးပြည်သူ့ဝန်ဆောင်မှုရုံးတို့တွင် လျှောက်လွှာ စုစုပေါင်း ၃၂၉ စောင်ရောင်းချခဲ့ကြောင်း သိရသည်။

"လျှောက်လွှာတင်သွင်းရက်မှာ လုပ်ငန်းရှင် ၉၂ ဦးက လုပ်ကွက်ပေါင်း ၁၀၄ ကွက်ကို လျှောက်လွှာတင်သွင်းခဲ့ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးကပြောသည်။

ဇူလိုင် ၁၀ ရက်တွင် ခန္တီးခရိုင် အစည်းအဝေးခန်းမ၌ လက်လုပ်လက်စား စိစစ်ချထားပေးရေးအဖွဲ့က တင်ဒါဖောက်ကြေညာခဲ့ပြီး လုပ်ကွက် ၆၈ ကွက် တင်ဒါအောင်မြင်ခဲ့သည်။ အဆိုပါလုပ်ကွက် ၆၈ ကွက်အတွက် အဆိုပြုငွေကျပ် ၅၁ ဒသမ ၃၃၂၄၆၄ သန်းရရှိမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဓာတ်သတ္တုအသေးစားနှင့် လက်လုပ်လက်စားလုပ်ကွက်စိစစ်ချထားပေးရေးတွင် တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးမှဥက္ကဋ္ဌ၊ တိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာနမှ အတွင်းရေးမှူးအဖြစ် ဖွဲ့စည်းဆောင်ရွက်နေကြောင်း သိရသည်။ လက်ရှိတွင် ဟုမ္မလင်းမြို့နယ်အတွင်း အသေးစားနှင့် လက်လုပ်လက်စားလုပ်ကိုင်နိုင်မည့် ဧရိယာများကို ပြည်ထောင်စုဝန်ကြီးဌာနမှ ဖွဲ့စည်းပေးထားသော ကော်မတီမှ ကွင်းဆင်းတိုင်းတာပြီး ဧရိယာအတည်ပြုသတ်မှတ်ပေးနိုင်ရေး ဆောင်ရွက်နေကြောင်း သိရသည်။

**အိမ့်မို့မို့ခိုင်**

# မန္တလေးတိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး အစည်းအဝေးကျင်းပ

**မန္တလေး ဇူလိုင် ၂၁**

တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီခွဲ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းက အမှုများကို မှန်မှန်နှင့် မြန်မြန် စစ်ဆေးစီရင်ရန်၊ အမှုလက်ကျန်လျော့နည်းကျဆင်းရေး ကြိုးစားဆောင်ရွက်ရန်၊ တရားရုံးစီမံခန့်ခွဲရေးလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်၊ သက်သေခံပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး စနစ်တကျ ထိန်းသိမ်းစီမံခန့်ခွဲရန်၊ လာဘ်ပေး လာဘ်ယူ ကင်းရှင်းရေးတို့ကို ဂရုစိုက်ရန်၊ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်ခင်ခင်ချိုနှင့် တိုင်းဒေသကြီးအတွင်းရှိ တရားရုံးများမှ ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများ စုစုပေါင်း ၄၇ ဦး တက်ရောက်ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# သစ်တောများနှင့် ကာဗွန်ထုတ်လွှတ်မှုများအကြောင်းသတင်းဖော်ပြခြင်းဆိုင်ရာ မီဒီယာသင်တန်းမှ မီဒီယာသမားများ ရှမ်းပြည်နယ်အတွင်း ကွင်းဆင်းသတင်းယူ

**ညောင်ရွှေ ဇူလိုင် ၂၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် UN-REDD Programme တို့က ပူးပေါင်းကျင်းပသည့် သစ်တောများနှင့် ကာဗွန်ထုတ်လွှတ်မှုများအကြောင်း သတင်းဖော်ပြခြင်းဆိုင်ရာ မီဒီယာသင်တန်းမှ မီဒီယာသင်တန်းသားများ ဇူလိုင် ၂၁ ရက်က ညောင်ရွှေမြို့နယ်နှင့် ပင်းတယမြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ကွင်းဆင်းသတင်းရယူခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းမှ သင်တန်းသားသင်တန်းသူ ၂၀ တို့သည် အုပ်စုနှစ်စုခွဲ၍ ပင်းတယမြို့နယ်အတွင်းရှိ ဂျာမနီ (Giz)နှင့် ပူးပေါင်းဆောင်ရွက်နေသည့် ဆီးကျအင်းကျေးရွာရှိ စံပြ လက်ဖက်အခါးခြောက်စက်ရုံနှင့် ပွေးလှကျေးရွာအုပ်စုရှိ ထင်းရှူးသစ်တောများ ထိန်းသိမ်းထားသည့်နေရာကို အုပ်စုတစ်စု၊ ညောင်ရွှေမြို့နယ် အင်းလေးကန်အတွင်းရှိ ကျေးစားကုန်း(တောင်ရွာ၊ မြောက်ရွာ)နှင့် ဇရပ်ကြီးကျေးရွာရှိ ရေပေါ်စိုက်ခင်းများတွင် ဓာတုဆေးဝါးအသုံးပြုမှုအခြေအနေ၊ ပတ်ဝန်းကျင်ထိခိုက်မှုရှိမရှိအခြေအနေနှင့် လူမှုစီးပွားအခြေအနေများ စသည့်အကြောင်းအရာများကို သတင်းရယူခြင်း၊ သတင်းဆောင်းပါးရယူခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ဆက်လက်၍ ဇူလိုင် ၂၂ရက်နှင့် ၂၃ ရက်တွင်လည်း ပင်းတယမြို့နယ်နှင့် ညောင်ရွှေမြို့နယ်များရှိ ကျေးရွာများတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအခြေအနေများ၊ သစ်တောပြန်လည်ထိန်းသိမ်းနေသည့် အခြေအနေများအကြောင်း သတင်းအချက်အလက်များ ဆက်လက်ပြီး ကွင်းဆင်းရယူကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဟိန်းထက်ဇော်**
**(မြန်မာ့အလင်း)**
**ဓာတ်ပုံ-ဇော်ဘီ**

# လွိုင်ကော်-ပွန်ချောင်း-ရှားတောလမ်း စာတန်းကွေ့မှ ကျွဲခေါင်းတောင်အထိလမ်းပိုင်းကို နေ့စဉ်အချိန်အကန့်အသတ်ဖြင့် လမ်းပိတ်မည်

**ရှားတော ဇူလိုင် ၂၁**

ကယားပြည်နယ် လွိုင်ကော်-ပွန်ချောင်း-ရှားတောလမ်း၏ ပွန်ချောင်းကျေးရွာအလွန် စာတန်းကွေ့မှ ကျွဲခေါင်းတောင်အထိ လမ်းပိုင်းတွင် လမ်းချဲ့ထွင်လျက်ရှိသဖြင့် ခရီးသွားများ အန္တရာယ်ဖြစ်ပေါ်ခြင်းမှ ကြိုတင်ကာကွယ်ရန် ယင်းလမ်းပိုင်းကို ဇူလိုင် ၂၃ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ လမ်းပိတ်သွားမည်ဖြစ်ကြောင်း ရှားတောမြို့နယ် လမ်းဦးစီးဌာနမှ သိရသည်။

"ကျောက်တောင်ကြီး တွေနဲ့ မြေသားတောင်တွေကို စက်ယန္တရားကြီးတွေ၊ ကျောက်မိုင်းခွဲကိရိယာတွေ အသုံးပြုပြီး လမ်းချဲ့ထွင်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ လုပ်ငန်းလည်းတွင်ကျယ်အောင်၊ ခရီးသွားတွေလည်း အန္တရာယ်ကင်းအောင် အခုလို အချိန်အကန့်အသတ်နဲ့ လမ်းပိတ်ထားတာကောင်းပါတယ်။ လမ်းပိတ်ချိန်ကာလ ကန့်သတ်ချက်ကျော်ရင်တော့ သွားလာရေးအဆင်ပြေချောမွေ့အောင် လမ်းရှင်းပေးထားမှာ ဖြစ်ပါတယ်"ဟု ရှားတောမြို့နယ် လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခင်ဇော်အောင်က ပြောသည်။

ယခုအခါ လမ်းကျဉ်းမြောင်းသဖြင့် သွားလာရေးခက်ခဲသည့် လွိုင်ကော်-ပွန်ချောင်း-ရှားတောလမ်း၏ ရှားတောမြို့နယ်အတွင်းရှိ လမ်းပိုင်းကို ၃၄ ပေအကျယ်လမ်းဖြစ်ပေါ်လာစေရန် လမ်းချဲ့ထွင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ် ဧပြီလမှ ယခုနှစ် မတ်လအထိ ပွန်ချောင်းကျေးရွာအထွက်မှ စာတန်းကွေ့အထိ အရှည်လေးမိုင်ကို လမ်းချဲ့ထွင်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့ပြီးနောက် ယခု စာတန်းကွေ့မှ ကျွဲခေါင်းတောင်အထိ သုံးမိုင်လေးဖာလုံအရှည်ကို စက်ယန္တရားကြီးများ၊ ကျောက်မိုင်းခွဲကိရိယာများဖြင့် လမ်းချဲ့ထွင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။



အဆိုပါလုပ်ငန်းများ ပြီးစီးပါက ကျန်ရှိသည့် ကျွဲခေါင်းတောင်မှ တာတမော့အထိ လမ်းပိုင်းကို ဆက်လက်ဆောင်ရွက်ရန်ရှိကြောင်း ရှားတောမြို့နယ် လမ်းဦးစီးဌာနမှ သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၁-၇-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၉၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၉၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၁၅ ကျပ် | ၉၄၅/၉၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၅/၉၃၀ ကျပ် | ၉၅၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၆၅/၈၉၀ ကျပ် | ၉၃၅/၉၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၅/၉၄၀ ကျပ် | ၉၈၅/၉၉၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၂၀ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၅၃ · ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၃၅ · ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၄၆ · ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၆၁ · ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၄၃ · ၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၀၉ · ၅၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၅၇၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ · ၀၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၄၉ · ၅၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ · ၅၀၂ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

**Gmail** mmalin.npt @ gmail.com,
**Facebook** www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချီရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR DigitalNews Presented by NPE www.mdn.gov.mm


HTOO
ဟိတ်..ကလေးတွေ....




CARTOON
END


KFF
တစ်ပွဲ - ၁၀၀၀





# လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာ ဆောင်ရွက်ချက် အခြေအနေများကို မကွေးတိုင်းဒေသကြီးအစိုးရ သတင်းထုတ်ပြန်

**မကွေး ဇူလိုင် ၂၁**
စိုက်ပျိုးရေးအခြေပြု ပြည်သူများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် တည်ငြိမ်မှုများကို ဖော်ဆောင်ရာတွင် ကဏ္ဍတစ်ခုအဖြစ် ပါဝင်သည့် လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းအခြေအနေများကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က သတင်းအချက်အလက်များ ထုတ်ပြန်ပေးထားသည်။ တိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေး လက်မှတ်ရေးထိုးထားသော တင်ပြစာကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ဒေသတွင်း မီဒီယာများထံ ဖြန့်ဝေခဲ့ခြင်းဖြစ်ပြီး စွန့်လွှတ်မြေ လွှဲပြောင်းပေးအပ်မှု၊ မြေယာလျော်ကြေးများ၊ ပုံစံ(၇)များ ထုတ်ပေးခဲ့မှုနှင့် တိုင်ကြားစာများအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများ ပါဝင်သည်။

သတင်းထုတ်ပြန်ချက်များအရ စွန့်လွှတ်မြေများကို သက်ဆိုင်သူများထံသို့ လွှဲပြောင်းပေးအပ်နိုင်မှု အခြေအနေမှာ စွန့်လွှတ်သည့်ကိစ္စ ၄၅ ခု၊ မြေဧရိယာ ၃၉၁၃ ဒသမ ၃၉၃ ဧက ရှိသည့်အနက် မြေဧရိယာ ၃၆၂ ဒသမ ၁၉၁ ဧကကို လွှဲပြောင်းပေးအပ်ရန် ကျန်ရှိနေကြောင်း၊ မြေယာလျော်ကြေးအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မြေယာလျော်ကြေး ကျပ် ၇၄၉ ဒသမ ၅၆၂ သန်း ပေးလျော်နိုင်ခဲ့ကြောင်း၊ ပုံစံ(၇)များထုတ်ပေးမှုတွင် တောင်သူ ၁၁၄၈၆ ဦး၏ ဦးပိုင်ပေါင်း ၁၅၁၃၈ ခု၊ ဧကပေါင်း ၂၈၇၅၆ ဧကအတွက် ပုံစံ(၇)များ ထုတ်ပေးပြီးဖြစ်ရာ ၉၈ ဒသမ ၂၂ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ယခင်အစိုးရလက်ထက် မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ မြေယာတိုင်ကြားစာများအပေါ် စုံစမ်းရေးကော်မရှင် အစီရင်ခံစာ အပိုင်း(၁)မှ(၁၈)အထိ စိစစ်ပေးရမည့်ကိစ္စရပ်ပေါင်း ၁၀၃၂ ခုရှိသည့်အနက် ၁၀၂၂ ခုကို ဖြေရှင်းဆောင်ရွက်ပြီးဖြစ်ရာ ကျန် ၁၀ မှုအနက် တစ်မှုမှာ ဧရာဝတီတိုင်းဒေသကြီးနှင့် သက်ဆိုင်သောကိစ္စဖြစ်ပြီး ကျန်ကိုးမှုမှာ စိစစ်ဆဲဖြစ်ကြောင်း၊ မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီထံသို့ တိုက်ရိုက်တိုင်ကြားစာများအပေါ် စိစစ်ပေးရမည့် အမှုတွဲပေါင်း ၁၅၀ ရှိသည့်အနက် ၁၁၀ ကို ဖြေရှင်းနိုင်ခဲ့ပြီး ကျန် ၄၀ အနက် တစ်ခုမှာ စစ်ကိုင်းတိုင်းဒေသကြီးနှင့်သက်ဆိုင်သည့်ကိစ္စဖြစ်ကာ ကျန် ၃၉ ခုမှာ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်ချက် မှတ်တမ်းများအရ သိရသည်။

မြေအသုံးချမှုစီမံခန့်ခွဲရေး ဗဟိုကော်မတီမှ လွှဲပြောင်းပေးပို့ထားသော တိုင်ကြားစာများကို ဖြေရှင်းပေးမှုတွင်လည်း စုစုပေါင်း တိုင်ကြားမှု ၁၈၁ မှုအနက် ၇၅ မှုကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပြီး ကျန် ၁၀၆ မှုမှာ စိစစ်ဆဲဖြစ်ကြောင်း၊ တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ တိုင်ကြားလာသည့် တိုင်ကြားစာများကို ဖြေရှင်းပေးမှုတွင်လည်း တိုင်ကြားမှု ၁၀၇ မှုအနက် ၄၈ မှုကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပြီး ကျန် ၅၉ မှုမှာ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သိရသည်။

**ဇေယျတု(မကွေး)**

# ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဟောပြောပွဲနှင့် မီးငြိမ်းသတ်နည်း သရုပ်ပြပွဲပြုလုပ်



**ညောင်ဦး ဇူလိုင် ၂၁**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ညောင်ဦးမြို့နယ်မှ Plan Myanmar ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့မှ အဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၀ ရက်က ညောင်ဦးမြို့နယ် ကောင်းညိုကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းသို့ သွားရောက်ပြီး ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အသိပညာပေးဟောပြောပွဲနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် လက်တွေ့မီးငြိမ်းသတ်နည်းများ ပညာပေးသရုပ်ပြခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲတွင် ညောင်ဦးမြို့နယ် Plan Myanmar ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ တာဝန်ခံ ဦးသိန်းဇော်က ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များကိုလည်းကောင်း၊ တောင်ဇင်းနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်အေးမျိုးထွန်းက သက်ငယ်မုဒိမ်းမှုများ ပပျောက်စေရန်နှင့် မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းစေရန်အတွက် ဆောင်ရန်ရှောင်ရန် အချက်များကိုလည်းကောင်း၊ ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးကောင်းထက်နိုင်က မီးဘေးကာကွယ်ရေးလုပ်ငန်းများ အကြောင်းနှင့် မီးငြိမ်းသတ်နည်းပညာများကိုလည်းကောင်း၊ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်တင်မာမျိုးက စာပေဖတ်ရှုလေ့လာခြင်း၏ အကျိုးကျေးဇူးများကိုလည်းကောင်း ဟောပြောခဲ့ကြသည်။

ဟောပြောပွဲအပြီးတွင် ညောင်ဦးခရိုင် ပြန်/ဆက် ဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများက မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်များ၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များကလည်း မီးသတ်ကိရိယာများ အသုံးပြု၍ စနစ်တကျ မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြခဲ့သည်။

အဆိုပါ ဟောပြောပွဲနှင့် သရုပ်ပြပွဲသို့ ကောင်းညိုကျေးရွာ မူလတန်းလွန်ကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ အင်အား ၈၀ ခန့် တက်ရောက်ခဲ့သည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ရွှေခရုနှင့် ဥမြံများ ကောက်ယူဖျက်ဆီးပွဲနှင့် GAP စိုက်ပျိုးနည်းစနစ် ပညာပေးဆွေးနွေးပွဲပြုလုပ်

**ဘိုကလေး ဇူလိုင် ၂၁**
ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ရွှေခရုနှင့် ဥမြံများ ကောက်ယူဖျက်ဆီးပွဲနှင့် GAP စိုက်ပျိုးနည်းစနစ်များအကြောင်း တောင်သူပညာပေးဆွေးနွေးပွဲကို သကံဝကျေးရွာအုပ်စု သကံဝကျေးရွာ စိုက်ပျိုးရေးစခန်း၌ ဇူလိုင် ၂၀ ရက်က ပြုလုပ်ခဲ့သည်။

ရွှေခရုများသည် သီးနှံစားသတ္တဝါများဖြစ်သည့်အတွက် ပျိုးပင်ငယ်များအတွင်း ကျရောက်တတ်ပြီး ပေါင်းပင်များ၊ လယ်ကန်သင်းများပေါ်၌ အစုလိုက် ဥဥလေ့ရှိကြောင်း၊ ဥများ တစ်ခါပေါက်လျှင် ပျမ်းမျှအားဖြင့် ဥပေါင်း ၃၀၀ မှ ၆၀၀ ကျော်အထိ ပေါက်ပွားလေ့ရှိကြောင်း၊ ရွှေခရုများ၏အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် လက်ရှိတွင် ရွှေခရုများ အများဆုံးကျရောက်နေသည့် သကံဝကျေးရွာ၌ ရွှေခရုနှင့် ဥမြံများ ကောက်ယူဖျက်ဆီးပုံ နည်းလမ်းများကို တောင်သူများအား လက်တွေ့ပြသပေးခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိန်သန်းက ပြောသည်။

ထို့နောက် GAP စိုက်ပျိုးနည်းစနစ်များအကြောင်း ပညာပေးဟောပြောပွဲကို ဆက်လက်ကျင်းပခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက ရွှေခရုကာကွယ်နှိမ်နင်းနည်းနှင့် GAP စိုက်ပျိုးနည်းစနစ်အကြောင်း ပညာပေးဆွေးနွေးပွဲပြုလုပ်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကြည်စိုးက စိုက်ပျိုးရေးနှင့်ပတ်သက်သည့်အချက်များနှင့် ရေမြောင်းများ၊ ရေတံခါးများအကြောင်းကိုလည်းကောင်း၊ ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက GAP စိုက်ပျိုးနည်းစနစ်များ၊ မြေဆီလွှာပြုပြင်ရေးနှင့် မြေဩဇာကို ထိရောက်စွာအသုံးပြုနည်းများကိုလည်းကောင်း ပညာပေး ဆွေးနွေးဟောပြောခဲ့သည်။ ဟောပြောပွဲသို့ ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် သကံဝကျေးရွာအုပ်စု အပါအဝင် ကျေးရွာအုပ်စုငါးစုမှ ဒေသခံတောင်သူများ တက်ရောက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**ပျဉ်းမနား ဇူလိုင် ၂၁**
နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား အသက် ၁၇ နှစ်အောက် မြို့နယ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ဇူလိုင် ၂၀ ရက်က ကျင်းပခဲ့သည်။

ဗိုလ်လုပွဲတွင် ပျဉ်းမနားမြို့နယ် လက်ရွေးစင်ဘောလုံးအသင်းနှင့် ဥတ္တရသီရိမြို့နယ် လက်ရွေးစင်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဥတ္တရသီရိမြို့နယ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပပြီး နေရာအလိုက် အကောင်းဆုံးကစားသမားများ၊ တတိယဆုရ ပုဗ္ဗသီရိမြို့နယ်အသင်း၊ ဒုတိယဆုရ ပျဉ်းမနားမြို့နယ်အသင်းနှင့် ပထမဆုရ ဥတ္တရသီရိမြို့နယ်အသင်းတို့အား တာဝန်ရှိသူများက ဆုငွေနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ပြီး ပထမဆုရရှိသည့် ဥတ္တရသီရိမြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားကို နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက ချီးမြှင့်ပေးခဲ့သည်။

မြန်မာ့ဘောလုံးလောက တိုးတက်ရေးနှင့် လူငယ်မျိုးဆက်သစ် ဘောလုံးအားကစားသမားများ ပေါ်ထွန်းလာစေရန်၊ လူငယ်များ အားကစားကို စိတ်ဝင်စားလာစေရန်၊ မြို့နယ်အသီးသီးမှ ထူးချွန်ထက်မြက်သော အားကစားလူရည်ချွန်များ ပေါ်ပေါက်လာစေရန်နှင့် လူငယ် အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုများ တိုးတက်လာစေရန် ရည်ရွယ်လျက် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

## သတင်းတိုများ

### ကျောက်တံခါးမြို့၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် တောကျွဲအင်းကျေးရွာ အထကကျောင်း၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၀ ရက်က ပြုလုပ်ခဲ့သည်။ ကျောင်းသားလူငယ်များ မှုခင်းအသိပညာ ဗဟုသုတများရရှိစေရန် ရည်ရွယ်၍ ဟောပြောပွဲကို ပြုလုပ်ခြင်းဖြစ်ပြီး ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ထွေးက အမှာစကားပြောကြားကာ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဇော်မင်းက မှုခင်းကျဆင်းရေးဆိုင်ရာများ၊ မူးယစ်ဆေးဝါးနှင့် လောင်းကစားမှုများအကြောင်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာများ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ သတိပြုရန်များကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့သည်။ ဟောပြောပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဦး၊ တောကျွဲအင်းအထကမှ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**နေလင်း(ညောင်လေးပင်)**

### သွေးလွန်တုပ်ကွေးကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အပတ်စဉ် စနေနေ့တိုင်း ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၁ ရက်က စက်ရုံရပ်ကွက်၌ ဆောင်ရွက်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းနှင့် ထွေ/အုပ်ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးလွင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်ဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက အဖွဲ့ခုနစ်ဖွဲ့ခွဲ၍ ရပ်ကွက်အတွင်းလှည့်လည်ကာ ကျန်းမာရေးအသိပညာပေး လှုံ့ဆော်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

**သိန်းလွင်(အောင်လံ)**

### အင်္ဂပူမြို့တွင် လူထုဗဟိုပြုစီမံကိန်း ဘဏ္ဍာရေးဆိုင်ရာသင်တန်းဖွင့်

အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ လူထုဗဟိုပြုစီမံကိန်း ဘဏ္ဍာရေးဆိုင်ရာသင်တန်းကို ဇူလိုင် ၂၀ ရက်က ဖွင့်လှစ်ခဲ့ရာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသန်းဇော်စိုးက သင်တန်းဖွင့်လှစ်သည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်နည်းပညာအကြံပေးအဖွဲ့ ဘဏ္ဍာရေးအရာရှိ ဒေါ်အိအိသန်းနှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘဏ္ဍာရေးအရာရှိ ဒေါ်ဆုမြတ်ပွင့်တို့က ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို သင်ကြားပို့ချပေးခဲ့သည်။ သင်တန်းသို့ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများဆောင်ရွက်မည့် ကျေးရွာအုပ်စုများမှ စီမံကိန်းအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

**မန်းကျော်(ပြန်/ဆက်)**

### စာဖတ်စွမ်းရည်ပြိုင်ပွဲ ညောင်တုန်းမြို့တွင်ကျင်းပ

ကျောင်းသား ကျောင်းသူများအား ပညာရေးအထောက်အပံ့ဖြစ်စေရန်ရည်ရွယ်၍ စာဖတ်စွမ်းရည်ပြိုင်ပွဲကို ဇူလိုင် ၂၀ ရက်က ညောင်တုန်းမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့ရာ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်တင်တင်လှိုင်နှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း နာယက ဆရာဦးဇေယျတို့က ပြိုင်ပွဲကျင်းပသည့် ရည်ရွယ်ချက်နှင့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စာဖတ်စွမ်းရည်ပြိုင်ပွဲကိုကျင်းပရာ ရွှေဟင်္သာတောရ အမကကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုရသူများအား မြို့နယ်ပြန်/ဆက်ဦးစီးမှူးက ဆုများချီးမြှင့်ပေးခဲ့သည်။

**ဝဋ္ဌာနိုင်(ညောင်တုန်း)**

### လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု သင်တန်းဆင်း

ပဲခူးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျောက်တံခါးမြို့နယ် အမှတ်(၇၀) စက်မှုလယ်ယာစခန်း၌ ဖွင့်လှစ်ခဲ့သော လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်းဆင်းပွဲကို ဇူလိုင် ၂၀ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ထွေးနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတင်မောင်ဝင်းတို့က အမှာစကားပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးမြင့်စိန်က သင်တန်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို ဇူလိုင် ၉ ရက်မှ ၂၀ ရက်အထိ ၁၁ ရက်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၃၆ ဦးအား လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု ပညာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

### စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အစည်းအဝေးပြုလုပ်

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်အတွင်း စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် စားသုံးသူအငြင်းပွားမှုဆိုင်ရာ ကိစ္စရပ်များကို ဥပဒေနှင့်အညီ စနစ်တကျ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်၍ ကန့်ဘလူခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏(၁/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တေဇခန်းမ၌ ဇူလိုင် ၂၀ ရက်က ပြုလုပ်ခဲ့ကာ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇာနည်လွင်နှင့် အဖွဲ့ဝင်များ တက်ရောက်ပြီး အရည်အသွေးစစ်မှန်ကောင်းမွန်၍ ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို ပြည်သူများစားသုံးနိုင်ရန် စဉ်ဆက်မပြတ် စိစစ်ဆောင်ရွက်နိုင်ရေးနှင့် တိုက်နယ်အဆင့်ရှိဈေးများသို့လည်း ကွင်းဆင်းစစ်ဆေးသွားရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းများ ထပ်မံဖြည့်စွက်နိုင်ရန် ပညာရေးဌာနမှ ပညာရှင်များနှင့် ညှိနှိုင်းဆွေးနွေး

**မန္တလေး ဇူလိုင် ၂၁**

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ စာရင်းပြုစုထားသည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များစာရင်းကို ထပ်မံဖြည့်စွက်နိုင်ရန်နှင့် လက်ရှိပြဋ္ဌာန်းထားသည့်ဥပဒေကို ပြင်ဆင်ဖြည့်စွက်နိုင်ရေး ပညာရေးဌာနမှ ပညာရှင်များ၏ အကြံဉာဏ်ရယူနိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးပွဲကို မန္တလေးမြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး သုံးထပ်ဆောင်အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၀ ရက်က ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံတော်အဆင့် ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် UNESCO ၏ အသိအမှတ်ပြုစာရင်းတွင် ပါဝင်နိုင်ရန်အတွက် ပညာရေးဌာနမှ ဆရာ ဆရာမများက ၎င်းတို့သိရှိထားသည့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို အကြံပြု ဖြည့်စွက်ပြောကြားနိုင်ရန် ခေါ်ယူညှိနှိုင်း ဆွေးနွေးခြင်းဖြစ်ကြောင်း ဒြပ်မဲ့ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူက ပြောသည်။

“အခု ပညာရှင်တွေ အကြံပြုဆွေးနွေးတာတွေကို စုစည်းပြီး အမျိုးသားအဆင့်ကို တင်ပြမယ်၊ ဥပမာ တောင်ပြုန်းပွဲ ပါးစပ်ရာဇဝင်အကြောင်းကို ဒြပ်မဲ့ယဉ်ကျေးမှုစာရင်းမှာထည့်ထားရင် သခင်မတောင်အကြောင်းလည်း ထည့်သင့်တယ်၊ ဒါတွေက ဘယ်တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာမှမရှိတဲ့ ရိုးရာဓလေ့တွေ မန္တလေးတိုင်းဒေသကြီးမှာ ရှိတယ်ဆိုတာ ထုတ်ဖော်ပြရမယ်” ဟု ဝန်ကြီးက ပြောကြားသည်။



ဆွေးနွေးပွဲသို့တက်ရောက်လာသည့် မန္တလေးတက္ကသိုလ် ရက္ခဗေဒဌာန ပါမောက္ခဌာနမှူး ဒေါ်သီတာထွေးဝင်းက “မြန်မာနိုင်ငံမှာ ဒြပ်ရှိယဉ်ကျေးမှုတွေကို ရှေးဟောင်းအမွေအနှစ်အဖြစ် သတ်မှတ်ထားပြီးပေမယ့် ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကိုတော့ သတ်မှတ်မထားနိုင်ခဲ့သေးတဲ့အတွက် အခုဆွေးနွေးပွဲက ဒါတွေကို သတ်မှတ်နိုင်ဖို့ ပထမဆုံးခြေလှမ်းပါ။ ဒြပ်မဲ့ ယဉ်ကျေးမှုဆိုတာက လူတွေရဲ့ ဗဟုသုတတွေ၊ နည်းပညာတွေပါ။ ဒါတွေကို ဘယ်လို လက်ဆင့်ကမ်းသယ်ဆောင်လာသလဲဆိုတာတွေကို ရှာဖွေပြီး အမွေအနှစ်အဖြစ်ထိန်းသိမ်းပြီးတော့ ကမ္ဘာက သိအောင် ဖော်ထုတ်ပေးနိုင်ဖို့လိုပါတယ်”ဟု ပြောသည်။

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲတွင် တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်အသီးသီးမှ ပါမောက္ခ ဆရာကြီး ဆရာမကြီးများ၊ ရှေးဟောင်းယဉ်ကျေးမှုနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)နှင့် ပုဂံဌာနခွဲမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ လက်ရှိအချိန်အထိ ကောက်ယူထားပြီးသည့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းများတွင် ပါးစပ်ရာဇဝင်နှင့် ဖော်ပြချက်များ၊ ဘာသာစကားများ၊ ဖျော်ဖြေမှုအနုပညာများ၊ လူမှုရေးအစဉ်အလာ အလေ့အထများ၊ သဘာဝနှင့် စကြဝဠာဆိုင်ရာ ဗဟုသုတများနှင့် ရိုးရာအစဉ်အလာ အလေ့အထများ၊ ရိုးရာလက်မှုပညာရပ်များ စသည်တို့ ပါဝင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## လူထုဗဟိုပြုစီမံကိန်း စည်းရုံးရေးမှူးများဖိုရမ် ငပုတောမြို့၌ကျင်းပ

**ငပုတော ဇူလိုင် ၂၁**

စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ ငပုတောမြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေသော လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်အတွက် စည်းရုံးရေးမှူးများ၏ အကြိုဖိုရမ် အလုပ်ရုံဆွေးနွေးပွဲကို ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းရုံး၌ ဇူလိုင် ၂၁ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်သူမင်းက အမှာစကားပြောကြားပြီး လူထုဗဟိုပြုစီမံကိန်း နည်းပညာအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစိုးဇာနည်မော်က အကြိုဖိုရမ်အတွက် စည်းရုံးရေးမှူးအားလုံး အနေဖြင့် မိမိတို့မြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ကဏ္ဍအလိုက် အင်တိုက်အားတိုက် ပါဝင်ဆွေးနွေးရန်၊ ထွက်ပေါ်လာမည့် အခက်အခဲများ၊ အကြံပြုချက်များအပေါ် မူတည်၍ နောင်ဆက်လက်ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပိုမိုကောင်းမွန်သောရလဒ်ကောင်းများ ဖြစ်ထွန်းစေခြင်းဖြင့် ပြည်သူလူထုအတွက် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ပြည်ထောင်စုအဆင့် National Assistant Trainer က အကြိုဖိုရမ်ဆွေးနွေးပွဲ ပြုလုပ်သည့် ရည်ရွယ်ချက်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး ဆွေးနွေးပွဲကို ညနေ ၅ နာရီအထိ ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြဝတီမြို့ အောင်မြေရွှေဘုံကျေးရွာအဝင်လမ်းကို ဖွင့်လှစ်ပေးရေး ဒေသခံပြည်သူများ မီဒီယာရှင်းလင်း

**မြဝတီ ဇူလိုင် ၂၁**

မြဝတီမြို့ အမှတ်(၄)ရပ်ကွက် အောင်မြေရွှေဘုံအုပ်စု ကျေးရွာအဝင်လမ်းဖြစ်သည့် အနန္တဂုဏ်ရည်လမ်းကို ပြန်လည်ဖွင့်လှစ်ပေးရန် ဒေသခံပြည်သူများက တောင်းဆိုသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို အဆိုပါ အနန္တဂုဏ်ရည်လမ်းရှိ ဦးကျော်ပိ၏ နေအိမ်၌ ဇူလိုင် ၂၀ ရက်က ပြုလုပ်ခဲ့သည်။

“ကျွန်တော်တို့က ဒီအောင်မြေရွှေဘုံရွာအဝင် လမ်းမကြီးကို ကျောက်ကြမ်းလမ်းအဖြစ်ကတည်းက အသုံးပြုခဲ့တာ ၁၀ နှစ်နီးပါး ကြာခဲ့ပါပြီ၊ လွန်ခဲ့တဲ့ တစ်နှစ်ကမှ ကွန်ကရစ်ခင်းခဲ့တာပါ၊ အခု ဒီလပိုင်းရောက်တော့မှ မင်းပဒုမ္မာကုမ္ပဏီက ပိုင်ဆိုင်ခဲ့တာကို သိရတာပါ၊ ဒီလမ်းကို လုပ်ခဲ့တုန်းကလည်း ပြည်သူတွေနည်းနည်းစီစုပြီး လုပ်ခဲ့တာ ကျပ်သိန်း ၁၆၀ လောက် ကုန်ပါတယ်၊ နောက် တံတားခင်းတယ်၊ သိန်း ၅၀ လောက် ကုန်တယ်၊ နောက်ဆုံး ရေမြောင်းပြန်လုပ်သွားတာလည်း ရှစ်သိန်းလောက် ကုန်ပါတယ်၊ ဒီလမ်းကိုပိတ်တာ သင်္ကြန်မတိုင်မီရက်ပိုင်းက စတင်ပိတ်ခဲ့တာဖြစ်ပါတယ်၊ ကျွန်တော်တို့ ပြည်သူတွေအနေနဲ့ တရားဝင် ဆန္ဒပြခွင့်တောင်းမယ်၊ မရရအောင် လုပ်သွားမှာပါ”ဟု သတင်းစာရှင်းလင်းပွဲကို ဦးဆောင်သူ ဦးအောင်ဉာဏ်ထွန်းက ပြောသည်။ လက်ရှိအချိန်တွင် မင်းပဒုမ္မာကုမ္ပဏီက အဆိုပါလမ်းကိုပိတ်ကာ လုပ်ငန်းများဆောင်ရွက်နေသည့်အတွက် ယခုကဲ့သို့ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းကိစ္စနှင့်ပတ်သက်ပြီး မြဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက “ကျွန်မတို့ ဒီမင်းပဒုမ္မာကုမ္ပဏီကို အရင် ၂၀၀၉ ခုနှစ်ကတည်းက လန(၃၉) ၂၅ ကေကို ခွင့်ပြုပေးခဲ့ပါတယ်၊ သူတို့က လုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိသေးဘူးပေါ့၊ အဲဒီတော့ အစ်မတို့ မြေစစ်ကော်မတီအနေနဲ့ ဒီမြေပေါ်မှာ လုပ်ငန်းကို ခြောက်လအတွင်း အကောင်အထည်ဖော်ဖို့ ၁-၉-၂၀၁၇ ရက်မှာ ကုမ္ပဏီကို အကြောင်းကြားခဲ့တာပေါ့၊ အဲတော့ သူတို့လည်း အကောင်အထည်ဖော် ဆောင်ရွက်နေတာ ဖြစ်ပါတယ်၊ အခု ဒီလမ်းကလည်း သူတို့ကိုချပေးတဲ့ ၂၅ ကေထဲမှာ ပါနေတယ်၊ အဲဒီလမ်းနဲ့ ပတ်သက်ပြီး ရွာသားတွေက အကြိမ်ကြိမ် တိုင်ပါတယ်၊ အဲဒီ တိုင်ကြားတဲ့အပေါ်မှာ ပြည်နယ်အစိုးရအဖွဲ့ကို တင်ပြတယ်၊ ပြည်နယ်အစိုးရရဲ့ညွှန်ကြားချက်နဲ့ အဖွဲ့ဖွဲ့ထားပြီးပါပြီ၊ အဲဒီအဖွဲ့က ဒီကိစ္စကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်”ဟု ပြောကြားသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



လမ်းပြန်လည်ဖွင့်လှစ်ပေးရေးအတွက် မီဒီယာရှင်းလင်းပွဲ ပြုလုပ်နေစဉ်။

## သတင်းတိုများ

### အခြေခံပညာသင်ယူပြီးမြောက်မှုလက်မှတ်ထုတ်ပေးရေးဆွေးနွေး

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် အခြေခံပညာသင်ယူပြီးမြောက်မှုလက်မှတ် ထုတ်ပေးခြင်းနှင့် အကြံပြုချက်များ ဆွေးနွေးပွဲကို ဇူလိုင် ၂၀ ရက်က ဗဟိုအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်နိုင်က အခြေခံပညာ သင်ယူပြီးမြောက်မှုလက်မှတ်များ ထုတ်ပေးနိုင်ရေးအတွက် ကျောင်းသား ကျောင်းသူများ ကျောင်းတက်ရောက်မှု ၇၅ ရာခိုင်နှုန်းရှိရေး၊ ကျောင်းတွင်းစာမေးပွဲဖြေဆိုမှု လေးကြိမ်နှင့် ဘာသာရပ်အလိုက် ပျဉ်းမျှအဆင့် C အဆင့် သတ်မှတ်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ပြီး ဗဟိုမူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာကြီး ဦးသန်းလွင်က ကျောင်းသားကျောင်းသူများ၏ ပညာရေးအခြေအနေများကို ကျောင်းသားမိဘများနှင့် အပြန်အလှန် ဆွေးနွေးခဲ့သည်။

**ဝင်းမြင့်(နတ်တလင်း)**

### ပြည်ထောင်စုအခွန်အကောက်ဥပဒေအကြောင်းရှင်းလင်း

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ အသိပညာပေး ရှင်းလင်းဟောပြောပွဲနှင့် ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် အခွန်ထမ်းကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပွဲကို ဇူလိုင် ၂၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထူးမြင့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမောင်မောင်ထွန်းက ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန်အကြောင်းတို့ကို အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်ခဲ့ကြသည့် အောင်လံမြို့နယ်နှင့် ကံမမြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင် အခွန်ထမ်းပြည်သူများအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့သည်။

**သိန်းလွင်(အောင်လံ)**

## မော်လူးတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆိုလာအချက်ပြမီးလုံးတပ်ဆင်

**မော်လူး ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် မြို့တွင်းနေရာနှစ်ခု၌ ယာဉ်အချက်ပြ ဆိုလာမီးလုံးများကို ဇူလိုင် ၂၀ ရက်က တပ်ဆင်ခဲ့ကြောင်းသိရသည်။

ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လူစည်ကားရာ လမ်းဆုံနေရာများဖြစ်သည့် ဘူတာလမ်းနှင့် မြို့မလမ်းဆုံမှ ဆုံဆည်းရာကဖေးရှေ့နှင့် မော်လူး အခြေခံပညာအထက်တန်းကျောင်းအနီးရှိ စည်ပင်သာယာဈေးရှေ့တို့တွင် ဆိုလာစနစ်သုံး ယာဉ်အချက်ပြမီးလုံးတိုင်များကို တပ်ဆင်ခဲ့ခြင်းဖြစ်သည်။

“ကိုယ့်ရပ်ရွာ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် မော်လူးမြို့ပေါ်က စေတနာရှင် အလှူရှင်တွေက စုပေါင်းပြုလုပ်ခဲ့တာပါ၊ အဓိကကတော့ ကျောင်းသား ကျောင်းသူတွေရဲ့ နေ့စဉ် ကျောင်းအဝင်အထွက်နေရာတွေမှာ မော်တော်ယာဉ်မောင်းသူတွေအတွက် အဓိကထားပြုလုပ်ပါတယ်”ဟု မော်လူးနယ်မြေရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်သက်ဦးမောင်က အချက်ပြမီးများတပ်ဆင်ခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

ဆိုလာအချက်ပြမီးများ တပ်ဆင်နိုင်ရန် အလှူရှင် ဦးမင်းသန်းက ကျပ်သုံးသိန်း၊ မိဘမေတ္တာ ကွန်ပျူတာနှင့်စာအုပ်ဆိုင်၊ ဦးရဲစိုး ကုန်မာဆိုင်နှင့် မေတ္တာအားမာန် လူမှုကူညီရေးအသင်းတို့က ငွေကျပ်တစ်သိန်းစီတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်အချက်ပြ ဆိုလာမီးလုံးများ တပ်ဆင်ရာတွင် မော်လူးမြို့အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် တာဝန်ရှိသူများ၊ မော်လူးနယ်မြေရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများနှင့် မေတ္တာအားမာန် လူမှုကူညီရေးအသင်းဝင်များ စုပေါင်းတပ်ဆင်ခဲ့ကြပြီး ဆက်လက်၍ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် မော်လူးအထက ကျောင်း အဝင်အထွက် နှစ်နေရာတွင် လူကူးမျဉ်းကြားပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း မော်လူးမြို့အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

**နီတိုး(မိုးညှင်း)**

## ငွေလဲနှုန်း ထပ်မံမြင့်တက်၊ တစ်လအတွင်း တစ်ဒေါ်လာလျှင် ၅၂ ကျပ်အထိ ပိုမိုမြင့်တက်ခဲ့

**ရန်ကုန် ဇူလိုင် ၂၁**

ဗဟိုဘဏ်၏ ရည်ညွှန်းနိုင်ငံခြားသုံးငွေ လဲလှယ်နှုန်းမှာ ဇူလိုင် ၁၈ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ၁၄၁၅ ကျပ်နှုန်း ရှိခဲ့ရာမှ ဇူလိုင် ၂၀ ရက်တွင် ကျပ် ၁၄၂၀ နှုန်းအထိ မြင့်တက်ခဲ့သလို ပြင်ပငွေလဲလှယ်ရေး ဈေးကွက်များတွင်လည်း ဇူလိုင် ၁၈ ရက်က တစ်ဒေါ်လာလျှင် ရောင်းဈေး ၁၄၂၆ ကျပ်နှုန်းခန့် ရှိခဲ့ရာမှ ဇူလိုင် ၂၀ ရက်တွင် ပုဂ္ဂလိကဘဏ်အချို့၌ အမေရိကန်တစ်ဒေါ်လာလျှင် ဝယ်ဈေး ၁၄၁၉ ကျပ်၊ ၁၄၂၀ ကျပ်ခန့်နှင့် ပြန်ရောင်းဈေး ၁၄၂၇ ကျပ်မှ ၁၄၃၀ ကျပ်နှုန်းအထိ မြင့်တက်ခဲ့သည်ဟု သိရသည်။

လက်ရှိငွေလဲနှုန်းများသည် အမြင့်ဆုံးငွေလဲနှုန်းဖြစ်ခဲ့သော ၂၀၁၆ ဒီဇင်ဘာ ၁၆ ရက်က ပေါက်ဈေးဖြစ်သည့် ၁၄၁၅ ကျပ်နှုန်းသို့ရောက်ရန် ငါးကျပ်သာလိုတော့သည့် အနေအထားအထိ မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ယခုနှစ်အတွင်း ဗဟိုဘဏ် ရည်ညွှန်းငွေလဲနှုန်းမှာ ဇွန် ၁၂ ရက်က အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၅၄ ကျပ် ရှိခဲ့ရာမှ ဇွန် ၂၀ တွင် ၁၃၆၈ ကျပ်၊ ဇွန် ၂၇ ရက်တွင် ကျပ် ၁၃၈၀ နှင့် ဇွန် ၂၈ ရက်တွင် ၁၃၉၅ ကျပ်အထိ တဖြည်းဖြည်း မြင့်တက်ခဲ့ပြီး ဇွန် ၂၉ ရက်တွင် ၁၄၀၀ ကျော်၍ ၁၄၀၅ ကျပ်နှုန်း ရှိခဲ့သည်။ ထို့နောက် ဇူလိုင် ၃ ရက်တွင် ၁၃၉၉ ကျပ်နှင့် ဇူလိုင် ၅ ရက်တွင် ၁၃၉၈ ကျပ်နှုန်းများဖြင့် ၁၄၀၀ အောက်သို့ ပြန်ကျခဲ့ပြီး ဇူလိုင် ၁၃ ရက်တွင် ၁၄၀၈ ကျပ် ရှိလာခဲ့ရာမှ ဇူလိုင် ၂၀ ရက်တွင် ၁၄၂၀ နှုန်းအထိ မြင့်တက်ခဲ့ကာ အချိန် တစ်လအတွင်း တစ်ဒေါ်လာလျှင် ၅၂ ကျပ်အထိ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

အမေရိကန်ဒေါ်လာ တန်ဖိုးမြင့်တက်လာ၍ မြန်မာကျပ်ငွေ တန်ဖိုးကျဆင်းလာသော်လည်း မြန်မာနိုင်ငံကဲ့သို့ပင် အိမ်နီးချင်းအာဆီယံနိုင်ငံများ၊ တောင်ကိုရီးယား၊ တရုတ်၊ ဂျပန်နှင့် ဟောင်ကောင်တို့တွင်လည်း ယင်းနိုင်ငံများ၏ ငွေလဲနှုန်းများ ကျဆင်းလာသည်ဟု သိရသည်။

**ခင်ဆိုင်**

# မန်လည်ဆရာတော်ကြီး၏ မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ကျမ်းကြီး နှစ် ၁၁၄ တိုင်ခဲ့ပြီ

**ကိုမင်း(အင်းတော်)**

"အထက်မန်လည် အောက်လယ်တီ" ဟူသော အသုံးအနှုန်းသည် မြန်မာနိုင်ငံ၏ ဗုဒ္ဓစာပေလောကတွင်လည်းကောင်း၊ ယဉ်ကျေးမှု ဓလေ့ထုံးစံ စာပေအနုပညာ လောကတွင်လည်းကောင်း ထင်ရှားသော အသုံးအနှုန်းတစ်ခုဖြစ်သည်။ မန်လည်ဆရာတော်နှင့် လယ်တီဆရာတော်တို့သည် ဒုတိယ ကုန်းဘောင်ခေတ်နှင့် ပါတော်မူပြီး ကိုလိုနီနယ်ချဲ့ခေတ်တွင် ပေါ်ထွန်းခဲ့သော မြန်မာ့ရဟန်းပညာရှင်နှစ်ပါးလည်းဖြစ်သည်။ တစ်ပါးကျွန်ဘဝ ဘာသာနှင့် ယဉ်ကျေးမှုများ ညှိုးမှိန်နေရချိန်တွင် လူမျိုးဘာသာ သာသနာအတွက် ရှေ့ဆောင်ထွန်းလင်း နေတစ်စင်း လတစ်ဆူပမာ ထွက်ပေါ်ခဲ့သော စာဆိုပညာရှင်များလည်း ဖြစ်သည်။

မန်လည်ဆရာတော်ကြီး၏ "မဟာသုတကာရီ မဃဒေဝလင်္ကာသစ်" ကျမ်းကြီးသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ လောကီ၊ လောကုတ္တရာ ဗဟုသုတ အနှစ်သာရတို့နှင့် ပြည့်ဝစုံလင်သဖြင့် မြန်မာစာပေလောကတွင် ထင်ရှားပြီး မဃဒေဝလင်္ကာသစ်ကျမ်းကြီး၏ အဆီအနှစ် လင်္ကာစာသားများ မပါလျှင် မပြည့်စုံဟုဆိုရမလောက် အားထားကိုးကားရသော ကျမ်းကြီးတစ်ဆူဖြစ်သည်။ ကျမ်းပြီးနှစ်မှ စတင်ရေတွက်သော် လက်ရှိအချိန်တွင် နှစ်ပေါင်း ၁၁၄ သို့ပင်တိုင်ခဲ့ပါပြီ။ ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီး၏ ပင်ပန်းကြိုးကုတ် လုံ့လတော်၏ အလုပ်များကို ဘာသာ သာသနာနှင့် စာပေကျေးဇူး မကင်းကြသော နှောင်းခေတ်အနွယ်တို့မှ ကျေးဇူးတုံ့ပြန် ကြိမ်ဖန်များစွာပြုကြသော်လည်း မကျေနိုင်ရာပါတကား။

**ပထမ မန်လည်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်း**

မကာရလောပအကျော် ပထမ မန်လည်ဆရာတော်ကြီးကို ၁၂၀၃ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၂ ရက် အင်္ဂါနေ့ ညဉ့်သုံးချက်တီးကျော်အချိန် မန်လည်မြို့ မင်းကုန်းရပ် မြို့စာရေးကြီး ဦးထင်ညို-ဒေါ်ဖြေတို့မှ ဖွားမြင်တော်မူသည်။ ငယ်နာမည် မောင်မာ ဖြစ်သည်။ မောင်မာ ၁၂ နှစ်သားအရွယ်ရောက်သောအခါ ဝန်းသိုမြို့ တောင်ပေါ်ကျောင်းဘုန်းကြီး ဦးပန်းအောင်ထံတွင် ရှင်ပြုခဲ့ရာ 'ရှင်ဇဝန'ဟု ဘွဲ့တော်ရခဲ့သည်။ မန်လည်ကျောင်းသို့ပြန်လည်ပြောင်းရွှေ့ပြီး မန်လည်လေးထပ်ကျောင်းကြီး ဆရာတော် ဦးနန္ဒမဥ္ဇူထံတွင် ပညာများဆက်လက်သင်ကြားသည်။

၁၂၂၅ ခု နှစ်ဦးပိုင်းတွင် ဦးနန္ဒမဥ္ဇူကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ မန်လည်ဆရာတော်သည် ပထမရဟန်းခံခဲ့သော သိမ်အပေါ်တွင် ဝိနယကုက္ကုစ္စရှိသဖြင့် ၁၂၂၅ ခု တပေါင်းလပြည့်ကျော် ၅ ရက်နေ့တွင် အောင်းပင်ရွာဆရာတော် အရှင်ဂုဏဝါထေရ်ကို ဥပဇ္ဈာယ်ပြု၍ မဲဇာမြစ်နဒီသိမ်တွင် ဒုတိယအကြိမ် ရဟန်းခံတော်မူသည်။

၁၂၂၈ ခုနှစ်တွင် မန္တလေးမြို့ အနောက်ထီးလင်းတိုက်၌ ပိဋကတ်စာပေများကို သင်ကြားလေ့လာသည်။ နောက်တစ်နှစ်တွင် မန်လည်သို့ပြန်ကြွ၍ မင်းထင်မင်းလှသမန္တရာဇာဘွဲ့ခံ မန်လည်မြို့ဝန်ဦးပု ဆောက်လုပ်လှူဒါန်းသော သမန္တပါသာဒိက မဟာဝိဟာရ ပြာသာဒ်ကျောင်းကြီးကို အလှူခံရရှိတော်မူသည်။

ဘင်္ဂါလီ၊ နာဂရီ၊ သီဟိုဠ်စသော ဘာသန္တရကျမ်းများ၊ လောကုတ်လောကီ ဂန္ထာရီကျမ်းအဖုံဖုံတို့ကို ထူးခြားပြောင်မြောက်စွာ တတ်မြောက်ခဲ့သည်။ "မဟာသုတကာရီ မဃဒေဝလင်္ကာသစ်"ကျမ်းကြီး အပါအဝင်ကျမ်းပေါင်း ၇၀ ကျော်မျှ ရေးသားခဲ့သည့်အပြင် မြန်မာနိုင်ငံ အရပ်ဒေသအသီးသီးသို့လည်း ကြွရောက်၍ တရားဓမ္မများဟောကြားပြသခဲ့သည်။

၁၂၅၂ ခုနှစ် ဝါဆိုလပြည့် တနင်္လာနေ့တွင် သီဟိုဠ်ကျွန်း ညောင်ရမ်းမင်းသားကြီးလှူဒါန်းသော မဟာဗောဓိပင်ကို စိုက်ပျိုးတော်မူသည်။ ၁၂၅၄ ခုနှစ် နတ်တော်လဆန်း ၁၅ ရက်နေ့တွင် မန်လည်ပြာသာဒ်ကျောင်းကြီးဝင်း၌ ဉာဏ်တော် ၇၈ တောင်၊ အချင်းအတောင် ၈၀၊ အဝန်း အတောင် ၂၄၀ ရှိ 'တာဝတိံသာ မဟာအဘယ စူဠာမုနိ' စေတီတော်ကို ရွှေထီးအုတ်ချ၍ တည်တော်မူသည်။

၁၂၅၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ ရက်တွင် အိန္ဒိယပြည် လက္ခနောင်းမြို့ ပြတိုက်မှူး ဒေါက်တာအေဖြူရာ လှူဒါန်းလိုက်သော 'အံတော်မြတ်'ကို တာဝတိံသာ မဟာအဘယ စူဠာမုနိစေတီတော် အနောက်မုခ်တွင် ဌာပနာခဲ့သည်။

၁၉၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် အင်္ဂလိပ်အစိုးရမင်းလှူဒါန်းသော "အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော်ကို လက်ခံရရှိတော်မူသည်။

၁၂၈၂ ခုနှစ် တော်သလင်းလဆန်း ၁၃ ရက် နံနက် ၁ နာရီ မိနစ် ၃၀ (သက်တော် ၇၉ နှစ် သိက္ခာတော် ၅၇ ဝါအရ)တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။ (၁၂၀၃- ၁၂၈၂)

**မဃကျမ်းသွင် ရေးစတင်**

ဆရာတော်သည် မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ကျမ်းကြီးကို သက်တော် ၃၂ နှစ် သိက္ခာတော် ၁၀ ဝါ၊ ၁၂၃၅ ခုနှစ်တွင် စတင်ရေးသားခဲ့သည်။ သို့သော်သာသနာတော်ကိစ္စအဝဝတို့ကြောင့် အပြီးမသတ်နိုင်ခဲ့ပါ။ ၁၂၆၆ ခုနှစ်ရောက်မှ ဆက်လက်ရေးသားတော်မူသဖြင့် တော်သလင်းလပြည့်ကျော် ၁၄ ရက်(သောကြာနေ့) ည ၈ နာရီ အချိန်တွင်မှ ပြီးဆုံးအောင်မြင်ခဲ့သည်။ ဆရာတော်သည် မဃဒေဝ လင်္ကာသစ်ကျမ်းကြီးကို နောက်ဆုံး ပြင်ဆင်ရေးသားပြီးချိန်တွင် သက်တော် ၆၃ နှစ် သိက္ခာတော် ၄၁ ဝါ ရရှိတော်မူပြီဖြစ်သည်။ မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ကျမ်းကြီး ပထမစာမူကို လီနတ္ထဒီပနီ အပါအဝင် ၁၂၆၉ ခုနှစ်တွင် မန္တလေးမြို့ဆိုင်းတန်းလမ်း ရတနာဒီပံပုံနှိပ်တိုက်က ရိုက်နှိပ်ခဲ့သည်။ စာမျက်နှာ ၃၀၄ မျက်နှာ၊ အခန်းပေါင်း ခြောက်ခန်းနှင့် အပိုဒ်ပေါင်း ၃၂၂ ပိုဒ် ရှိသည်။

ဒုတိယစာမူကို ၁၂၇၆ ခုနှစ်တွင် ရန်ကုန်မြို့(၂၅)လမ်း စာဆိုတန်း တိုက်အမှတ် (၁၇-၁၈) ပြည်ကြီးမဏ္ဍိုင်ပိဋကတိုက်က ရိုက်နှိပ်ခဲ့သည်။ လီနတ္ထဒီပနီ ပါဝင်ခြင်းမရှိသော်လည်း ပြင်ဆင်ချက်များပါဝင်သဖြင့် စာမျက်နှာ ၄၈၆ မျက်နှာ၊ အခန်းပေါင်း ခြောက်ခန်းနှင့် အပိုဒ်ပေါင်း ၆၂၄ ပိုဒ် ပါဝင်သည်။

တတိယစာမူကို ၁၂၈၁ ခုနှစ်တွင် ပြင်ဆင်ဖြည့်စွက်ပြီး မန္တလေးမြို့ ဘုရားကြီးအနောက်မုခ် ရွှေရေးဆောင်တိုက် တိုက်အုပ်ဆရာတော်ဦးစန္ဒိမာ ကြီးကြပ်၍ ပေထက်အက္ခရာတင်ခဲ့သည်။ ၁၂၈၁ ခုနှစ် နတ်တော်လဆန်း ၁၃ ရက်နေ့တွင် ပြီးစီးခဲ့သည်။ ပေစာအားဖြင့် ၂၆ အင်္ဂါရှိ၍ ဒုတိယစာမူနှင့် တိုက်ဆိုင်ကြည့်သောအခါ ဖြည့်စွက်ချက် ၉၉၇ ချက်၊ ပြင်ဆင်ချက် ၅၅၅ ချက်၊ နုတ်ပယ်ချက် ရှစ်ချက်၊ စုစုပေါင်း ၁၅၆၀ ရှိသည်။ အခန်းကြီး ခြောက်ခန်း၊ အခန်းငယ် ၅၂ ခန်း၊ အပိုဒ်ပေါင်း ၆၂၅ ပိုဒ်အထိ ပါဝင်သည်ကို တွေ့ရသည်။ တတိယစာမူသည် မန်လည်ဆရာတော်ဘုရားကြီး ပျံလွန်တော်မမူမီ နောက်ဆုံးပြင်ဆင်ရေးသားခဲ့သော စာမူဖြစ်သည်။

ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက်တွင် တတိယမန်လည်ဆရာတော်နှင့် အင်းတော်မြို့မဆရာတော်တို့ အမှူးပြုသည့် ဆရာတော်များ၊ လူပုဂ္ဂိုလ်များပါဝင်သော မန်လည်စာပေစောင့်ရှောက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

**မဃဒေဝကျမ်းကြီး ရိုက်နှိပ်ပြီး**

မန်လည်စာပေစောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းပြီးအချိန်မှစ၍ မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ကျမ်းကြီးကို ပုံနှိပ်ထုတ်ဝေခဲ့ရာ လက်ရှိအချိန်အထိ ၁၂ ကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်သည်။

၁၉၇၆ ခုနှစ်တွင် ပထမအကြိမ် အုပ်ရေ ၂၀၀၀၊
၁၉၈၀ ပြည့်နှစ်တွင် ဒုတိယအကြိမ် အုပ်ရေ ၂၀၀၀၊
၁၉၉၁ ခုနှစ်တွင် တတိယအကြိမ် အုပ်ရေ ၃၀၀၀၊
၁၉၉၅ ခုနှစ်တွင် စတုတ္ထအကြိမ် အုပ်ရေ ၃၀၀၀၊
၁၉၉၉ ခုနှစ်တွင် ပဥ္စမအကြိမ် အုပ်ရေ ၂၀၀၀၊
၂၀၀၃ ခုနှစ်တွင် ဆဋ္ဌမအကြိမ် အုပ်ရေ ၃၀၀၀၊
၂၀၀၄ ခုနှစ်တွင်သတ္တမအကြိမ် အုပ်ရေ ၂၀၀၀၊
၂၀၀၈ ခုနှစ်တွင် အဋ္ဌမအကြိမ် အုပ်ရေ ၂၀၀၀၊
၂၀၁၉ ခုနှစ်တွင် နဝမအကြိမ်အုပ်ရေ ၂၀၀၀၊
၂၀၁၂ ခုနှစ်တွင် ဒသမအကြိမ် အုပ်ရေ ၂၀၀၀၊



မကာရလောပအကျော် ပထမ မန်လည်ဆရာတော်။

၂၀၁၄ ခုနှစ်တွင် ဧကာဒသမအကြိမ် အုပ်ရေ ၃၀၀၀၊
၂၀၁၇ ခုနှစ်တွင် ဒွါဒသမအကြိမ် အုပ်ရေ ၂၀၀၀ ဖြစ်သည်။

သို့ဖြစ် စုစုပေါင်း အုပ်ရေ ၂၈၀၀၀ ပုံနှိပ်ထုတ်ဝေခဲ့ပြီးဖြစ်သည်။ မဟာသုတကာရီ မဃဒေဝလင်္ကာသစ်ကျမ်းကြီး၏ သက်တမ်းသည်လည်း ၁၃၆၆ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၄ ရက်က နှစ်ပေါင်း ၁၀၀ ပြည့်ခဲ့ပြီဖြစ်၏။

**ရာပြည့်ဆင်နွှဲ ပူဇော်ပွဲ**

မဃဒေဝ လင်္ကာသစ်ကျမ်းကြီး နှစ် ၁၀၀ ပြည့်သောကြောင့် ဆရာတော်ကြီး၏ တပည့် ဒါယိကာများက မဃဒေဝ ရာပြည့်ပွဲတော်ကို ၁၃၆၆ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ မန်လည်ဆရာတော်ဘုရားကြီး၏ ဇာတိရင်းမြေ မန်လည်ကျောင်းကြီး၌ ကျင်းပကြပြီး ရာပြည့်အထိမ်းအမှတ် ယဉ်ကျေးမှု အနုပညာ မဂ္ဂဇင်း ထုတ်ဝေခြင်း၊ မန္တလေး၊ ရန်ကုန်တို့မှ စာရေးဆရာကြီးများကို ဖိတ်ကြား၍ စာပေဟောပြောပွဲကျင်းပခြင်း၊ မန်လည်စာပေဆုပြိုင်ပွဲကျင်းပခြင်း၊ ဆရာတော်ကြီး၏ အသုံးအဆောင်ပစ္စည်းများ စာအုပ်စာတမ်းများကို ပြသခြင်း၊ ဆရာတော်ကြီးအား ရေးသားပူဇော်ကြသည့် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာများကို နံရံကပ်စာစောင်ပြသခြင်း၊ ဆရာတော်ကြီး၏ အဆိုအမိန့်အမျိုးနှင့် မဃဒေဝ ကောက်နုတ်ချက်များကို ပြသခြင်းတို့ဖြင့် တခမ်းတနား ပူဇော်ခဲ့ကြသည်။

မဃဒေဝလင်္ကာသစ်ကျမ်းကြီးကို ရေးသားပြုစုတော်မူခဲ့သော ကျေးဇူးရှင် မန်လည်ဆရာတော်ကြီး ပျံလွန်တော်မူခဲ့သည်မှာ ယခုအခါ ၉၈ နှစ်ရှိပြီဖြစ်သော်လည်း ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ရွှေရောင်တဝင်းဝင်းဖြင့် ယနေ့တိုင် ဖူးတွေ့နိုင်ပါသည်။

ထို့အတူ ကျေးဇူးရှင် မန်လည်ဆရာတော်ကြီး ရေးသားပြုစုတော်မူခဲ့သော မဃဒေဝလင်္ကာသစ် ကျမ်းကြီးသည်လည်း နှစ်ပေါင်း ၁၁၄ နှစ်တိုင် ရှိခဲ့ပြီဖြစ်သော်လည်း မဃဒေဝလင်္ကာသစ်သည် လောကကြောင်း၊ ဓမ္မကြောင်း၊ ရာဇကြောင်း စုံလင်နှံ့စပ်လှသဖြင့် တစ်သက်တာလုံး ဖတ်မှတ်လေ့လာနေရမည့်၊ ကိုယ်နှင့်လက်တစ်ကမ်းတွင် အမြဲထားရမည့် ကျမ်းကြီးတစ်ဆူဖြစ်ပါကြောင်းရေးသားတင်ပြ ပူဇော်လိုက်ရပါသည်။ ။



ဆရာတော်ကြီး၏လက်ရေးပေမူ မဃဒေဝကျမ်းမြတ်။

## တောင်တွင်းကြီးမြို့၌ အခွန်ထမ်းပြည်သူများအား ပြည်ထောင်စု၏အခွန်အကောက်ဥပဒေအကြောင်း ရှင်းလင်း

**တောင်တွင်းကြီး ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နေ အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားလာစေရန်နှင့် အခွန်များကို ထမ်းဆောင်ရာတွင် စနစ်တကျ ထမ်းဆောင်တတ်လာစေရန် ရည်ရွယ်လျက် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် အခွန်ဆိုင်ရာကိစ္စရပ်များအကြောင်း ရှင်းလင်းဆွေးနွေးပွဲကို တောင်တွင်းကြီးမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနရုံး၌ ဇူလိုင် ၂၁ ရက်က ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သောင်းထွေးက အခွန်ကောက်ခံခြင်း ရည်ရွယ်ချက်များ၊ ဝင်ငွေခွန်ကြေညာလွှာတင်သွင်းခြင်း လုပ်ငန်းများ၊ လက်ရှိကောက်ခံနေသည့် အခွန်ဆိုင်ရာဥပဒေနှင့် အခွန်နှုန်းထားများ၊ ဝင်ငွေခွန်ပေးဆောင်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန်ကြေညာလွှာတင်သွင်းခြင်းဆိုင်ရာ ဥပဒေစည်းမျဉ်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် ဟောပြောပွဲသို့တက်ရောက်လာသည့် အခွန်ထမ်းပြည်သူများ သိရှိလိုသည့် မေးမြန်းချက်များကိုလည်း မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

## ဖယ်ခုံမြို့၌ ကယန်းစာပေနှင့် ယဉ်ကျေးမှု ဗဟိုကော်မတီရုံးဖွင့်ပွဲ ကျင်းပ

**ဖယ်ခုံ ဇူလိုင် ၂၁**

တောင်ကြီးခရိုင် ဖယ်ခုံမြို့၌ ကယန်းစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ ရုံးဖွင့်ပွဲအခမ်းအနားကို ညောင်ကုန်း (၅)ရပ်ကွက်တွင် ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် အဆိုပါရုံးရှေ့ရှိ ကယန်းအမျိုးသားအလံအား အလေးပြုကြပြီး ကယန်းစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီရုံးကို ကယန်းစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီနာယက တိုးချဲ့ညောင်ပင်သာကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဒေဝိန္ဒ၊ ခရစ်ယာန် ကက်သလစ်ဆရာတော် မာတီးယာဦးရွှေ၊ ကယန်းစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ ဦးဖရန်စစ္စကို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ရုံးဆိုင်းဘုတ်အား အောင်ခြင်း မင်္ဂလာ အမွှေးနံ့သာရေဖြင့် ပက်ဖျန်းပေးခဲ့ကြသည်။

ထို့နောက် ကယန်းစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ နာယကကြီးများ၊ ကယန်းစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များတို့က အခမ်းအနားတက်ရောက်လာသော ဧည့်သည်တော်များနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြပြီး ရုံးအတွင်းကြည့်ရှုလေ့လာ အားပေးခဲ့ကြသည်။

**ကိုထွေး (ဖယ်ခုံ)**



# ခန္တီးမြို့၌ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်တုဖွင့်ပွဲ ကျင်းပ

**ခန္တီး ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့တွင် ပထမဦးဆုံးထားရှိမည့် ဗိုလ်ချုပ်အောင်ဆန်း၏ မြင်းစီးကြေးရုပ်တု ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အဆိုပါ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်တုရှေ့၌ ကျင်းပသည်။

